
mgyoe.com
SAMPLE BOOK

စလေ
ဦးပုည

# ဒါနှင်းဝတ္ထုများ



တတိယအကြိမ်

ဟောစာဇာတ်ဝတ္ထု ၂၈ ပုဒ်ကို စုစည်းထားပါသည်။

mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်မှ မှာကြားနိုင်သော စာအုပ်များ






















mgyoe.com SAMPLE BOOK


- တန်ဖိုး
  ၅၀၀၀ ကျပ်
- အုပ်ရေ
  ၅၀၀ အုပ်
- အကြိမ်
  ဒုတိယအကြိမ်
- ထုတ်ဝေသည့်အချိန်
  ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ
- မျက်နှာဖုံး
  ရွှေရိုးရာ
- ထုတ်ဝေသူ
  ဦးသိမ်းမင်း (၀၄၂၉၁)
  ပန်းရွှေပြည်စာအုပ်တိုက်
  ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
- ပုံနှိပ်သူ
  ဦးဇေယျာဦး (၀၁၅၇၉)
  Silver Sky Press
  အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
- စာအုပ်ချုပ်
  မင်းဇော်


mgyoe.com

mgyoe.com SAMPLE BOOK

စလေဦးပုည

# ဒါနခန်း ပေဟာစာဝတ္ထုများ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

■ စလေဦးပုည၏အတ္ထုပ္ပတ္တိ

* ဦးပုညဝတ္ထုများ လေ့လာချက် ၆
ဦးအေးချို(မဟာဝိဇ္ဇာ)

* ဥပကနှင့် ဆာဝါပေါစာ ၂၉
ဟံသာဝတီ နိဒါန်း

၁- ဆဒ္ဒန်ဆင်မင်း ဝတ္ထု ၃၈
၂- သူအိုမကြီး ဝတ္ထု ၆၃
၃- သိဝိရာဇ်မင်းကြီး ဝတ္ထု ၆၉
၄- ဥပမာ ၄ ဦး ဝတ္ထု ၇၉
၅- ယုန်မင်း ဝတ္ထု ၈၈
၆- ဝိသယှသူဌေး ဝတ္ထု ၉၈
၇- အဘယမာတာရဟန္တာ ဝတ္ထု ၁၀၇
၈- ကုဒ္ဒါလ ဝတ္ထု ၁၁၅
၉- သခ်ပုဏ္ဏား ဝတ္ထု* ၁၁၉
၁၀- သောဏာဒိန်နတ်သမီး ဝတ္ထု ၁၂၁
၁၁- ကာကဝလိယ သူဆင်းရဲလင်မယား ဝတ္ထု ၁၃၁

---

* (ခရေပွင့်) ပြထားသောအုပ်များမှာ ထပ်ဖြည့်ဝတ္ထုဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၂- ခေမာမိဖုရား ဝတ္ထု ၁၃၈
၁၃- လူစွမ်းကြီးကောင္ဍတိမ္ဗရ ဝတ္ထု ၁၄၄
၁၄- ဂေါပါလ ဝတ္ထု ၁၄၉
၁၅- ဖြဟ္မဒတ်မင်း ဝတ္ထု ၁၅၄
၁၆- သုဏိသာဝိမာန ဝတ္ထု ၁၆၁
၁၇- သမာဒါနိယမထေရ် ဝတ္ထု ၁၆၄
၁၈- သာမညာဘိက္ခု ဝတ္ထုနှင့် မဋ္ဌကုဏ္ဍလီ ဝတ္ထု ၁၆၉
၁၉- ဓမ္မဒါယကာ ဝတ္ထု ၁၇၃
၂၀- ခင်ပုပ်ငှက် ဝတ္ထု ၁၇၈
၂၁- ဇကဒီပိကမထေရ် ဝတ္ထု ၁၈၄
၂၂- ရှင်သီဝလိ ဝတ္ထု ၁၈၉
၂၃- သုဘာဒ်ရဟန်း ဝတ္ထု ၁၉၆
၂၄- 'ရသေ့, ခို, ဝံ, မြွေခွေး, မြွေ' ဟူသော ပဥ္စုပေါသထ ဝတ္ထု ၂၀၂
၂၅- အာဠဝကဘီလူး ဝတ္ထု ၂၁၁
၂၆- မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူခန်း ဝတ္ထု ၂၃၀
၂၇- ဥပကနှင့်ဆာဝါ ဝတ္ထု ၂၄၀
၂၈- သားတော်ရာဟုလာ ဝတ္ထု ၂၇၈

mgyoe.com

mgyoe.com SAMPLE BOOK

# စလေဦးပုည၏ အဝတ္ထုပ္ပတ္တိ[၁]

## စံပြ-စံပြု ဤစာစု

'ဦးပုညရေးသားခဲ့သော စာပေ' ဟူသမျှသည် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့ရုံမျှမက၊ စာမျက်လုံး ကဗျာမျက်လုံးတို့၏ စုရုံးရှုမောရာ, စာမကိုင်မှု ကဗျာမကိုင်မှုတို့၏ ညွှတ်ရုံးဦးတိုက်ရာလည်း ဖြစ်သဖြင့်၊ စာပေအရသာတို့ကို ရှေ့ဆောင်ဖြန့်ဖြူးသူ, လေ့လာကျင့်သုံးသူအားလုံးတို့၏ အကြွင်းမဲ့ ခထောက်ခံနည်းယူ၍ ဦးညွှတ်မူရာ စံပြ-စံပြု အမွန်စာစုများသာဖြစ်ခဲ့ပေရာ၊ 'ဤဦးပုညတရားဟောစာ' ခေါ် 'ဦးပုညဝတ္ထုပေါင်းချုပ်' သည်လည်း စံပြ-စံပြု အမွန်စာစုတစ်ခုပင် ဖြစ်ကြောင်း။

## ဘယ်အခါမှ ရိုးမသွား

အမွန်စာစုများသာဖြစ်သော ဦးပုည၏စာတို့သည် စာပေလောကဥ္စလ,နေအသွင် အလွန်ထင်ရှားလျက် အစဉ်အလိုရှိအပ်ပြီး အမြဲဆန်းသစ်လျက် ရှိသောကြောင့် ဘယ်အခါကမှ မရိုးခဲ့။ ကိုယ့်ဂုဏ်ကို ကိုယ်ပြလျက် 'ဟန်ကိုယ့်ဖို့' စကားအရဖြင့် ထင်ရှားပေါ်လွင် ကိုယ်ရည်သွေးများကိုလည်း ကလောင်ဆင်ခဲ့သည်။ သူတကာ့အတင်စီးကိုလည်း အပြီးပိုင်ပိုင် အပြတ်အသတ်နိုင်အောင်ပင် ကလောင်ရေး ယှဉ်ခဲ့သည်။ လျှပ်တစ်ပြက်ပမာဏ ရုတ်ခြည်းကာလတွင်ပင် သဘာဝအခြေအနေကို ကဗျာစာပေသို့ တင်လိုက်ခြင်းဖြင့်လည်း ဇဝနဉာဏ်ပိုင်း

---
၁။ ဟံသာဝတီစာအုပ်တိုက်မူပါ အဝတ္ထုပ္ပတ္တိ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကို ကလောင်နှင့် ဗိုင်းပြခဲ့သည်။ ဂိုဏ်းနှင့် ဆန်းနည်း အသီးသီးကို မပြီးဆိုင်းတွ စဥ်းစား၍ မနေရဘဲ ခဏချင်းဖြင့်ပင်ရေးသွား၍ လေးစာထိုက်သော ဟာသ ဉာဏ်တို့ကိုလည်း ဝေဖန်ဖြန့်ဖြူးခဲ့ပေသည်။

လောကုတ်, လောကီ-၂ လီစွယ်စုံ ဗဟုသုတဂုဏ်တို့ဖြင့်လည်း ထုံမွှန်း၍ထားခဲ့လေသည်။ ချစ်လောက၏အမြုတေတို့ကိုလည်း တစ်ခုတလေမှ မကျန်လောက်အောင်ပင် ကလောင်စွမ်း တင်ပြခဲ့သည်။ ကြင်နာမှု, ရဲရင့်ဖျတ်လတ်မှု, အံ့သြဖွယ်မှု, ကြောက်လန့်စိုးရွံ့ဖွယ်မှု အစရှိသော ကဗျာ့အရသာ, စာအရသာတို့ကို ထူးသော, မြူးသော, ဆန်းသော, ကြမ်းသော, ရမ်းသော, စိုပြည်သော, သွဲ့နွဲ့သော, ယဉ်သော, ခန့်သော, နုသော, ညသော, အောင်သော, ပြောင်သော, မထပ်သော, မရိုးသောစကားတို့ဖြင့် သုံးနှုန်းဖွဲ့နွဲ့ ကလောင်သွားကို သွားခဲ့လေသည်။

ဤသို့စသည်ဖြင့် ကောက်နုတ်ချက်ပေါင်းများစွာရနိုင်သော စာပေတို့သာဖြစ်ခြင်းကြောင့် မည်သည့်ခေတ်၌မဆို အဆင်ပြေပြေနှင့် သက်ဝင်နိုင်ပေရကား၊ ဘယ်အခါမှ ရိုးမသွား တိမ်ကော၍ မသွားပေ။ အစဉ်ဆန်းသစ်လျက် အမြဲခေတ်စားလေသည်။ သို့ကြောင့်ပင်– ဤ 'ဦးပုညတရားဟောစာ' ခေါ် 'ဦးပုညဝတ္ထုပေါင်းချုပ်' သည်လည်း အစဉ်ဆန်းသစ်လျက် အမြဲခေတ်စားကာ ဘယ်အခါမှ ရိုးမသွားနိုင်ပေ။

## အခါပေးဦးပုည, စလေဦးပုည

သို့လျှင် မရိုးနိုင်သောဆန်းသစ်စာတို့ကို ရေးသားခဲ့သော ဦးပုညသည် စလေမြို့ တိုက်စုရပ်၌ စလေမြို့သူကြီး ၂ မျိုးတွင် မဟာသမန်းရိုး[၁] မဟုတ်၊ ပုညသမန်းရိုး[၂]ဖြစ်သော အဘ အကြီးတော်ဦးမြစံ, အမိ စလေမြို့သူကြီးသမီး

mgyoe.com

၁။ မဟာသမန်းရိုး=မင်းမျိုးမင်းနွယ်။
၂။ ပုညသမန်းရိုး=မြို့စားရွာစားမျိုးနွယ်။ သူကြီးမျိုးနွယ်။

mgyoe.com

SAMPLE BOOK

ဒေါ်လှရင်[၁]တို့မှ ၁၁၇၄ ခု ကဆုန်လဆန်း ၁၃ ရက် ၅ တေးနေ့[၂] မွန်းတည့်အချိန် ဖွားမြင်ခဲ့သည်။[၃]

စလေသားဖြစ်၍ 'စလေဦးပုည' ဟု ကျော်စောခဲ့သော ဦးပုည၏ ငယ်ဆရာများမှာ စလေမြို့ တူမောင်းဆရာတော်ဦးဒီပနှင့် စလေမြို့မခင်ကြီးစတို့ ဖြစ်ကြ၍၊ ကြီးဆရာများမှာ ဗန်းမော်ဆရာတော်, စလေခင်ကြီးသာ, ပုဂံရွှေကျောင်းနေ ဒလခင်ကြီးတို့ ဖြစ်လေသည်။

'ဦးပုည' ဟူသောအမည်မှာ ရှင်ပြု၍ ရှင်သာမဏေဘဝကျမှ ဗန်းမော်ဆရာတော်က 'ရှင်ပုည' ဟု ဘွဲ့ပေးရင်းအတိုင်း ရဟန်းဘဝ၌လည်း 'ဦးပုည' ဟု တွင်ခဲ့ရာက မပျောက်ဘဲ ဆက်လက်တွင်နေသောအမည် ဖြစ်လေသည်။

ငယ်မည်မှာကား သူ၏မိဘ ၂ ပါးတို့သည် သူ ၂ နှစ်သားအရွယ်တွင် သူ့ကိုပါခေါ်၍ စလေမြို့မှ အမရပူရမြို့ သာယာဝတီမင်း၏ အိမ်တော်သို့ အခစားသွားရောက်သောအခါ၊ စည်တော်ရုံ၌ ခေတ္တမျှကြည့်ရှုနေကြစဉ် ၂ နှစ်သားအရွယ်မျှရှိသေးသောသူသည် စည်တော်ကြီးများကို ပုတ်ခတ်ကစားသဖြင့် သာယာဝတီမင်း သိတော်မူရကား ''စည်ကြီးများကို ပုတ်ခတ်ကစားခြင်းမှာ ဤသူငယ်သည် ကြီးသောအခါ ကဗျာလင်္ကာမှစ၍ ပညာအလုံးစုံ

---

၁။ အဘ ဦးဖိုးကြီး၊ အမိ မမင်းလှ (မူကွဲ)၊ အဘ ဦးမြတ်ထွား၊ အမိ နှမဝမ်းကွဲတော်သူ ဒေါ်ဆုံ (မူကွဲ)၊ အဘ ဦးမြတ်ထွား, အမိ ဒေါ်မိန်းကလေး- စသည်ဖြင့် မူကွဲများလည်း ရှိသေးသည်။

၂။ ၁၁၆၉, ၁၁၇၃, ၁၁၇၈ ခု-စသည်ဖြင့်လည်း ဖွားသက္ကရာဇ်၌ မူကွဲများ ရှိသေးသည်။ '၁၁၇၄ ခု ကဆုန်လဆန်း ၃ ရက်'-ဟု စာဆိုတော်များအတ္ထုပ္ပတ္တိ-မောင်သုတ၌ပြ။

၃။ ဖွားမြင်နေ့၌ပင်၊ ဒုတိယကြက်သွန်ခင်းဆရာတော်နှင့် မုံရွေးဆရာတော်တို့သည် ရွှေစက်တော်ကအပြန် ကြုံကြိုက်သဖြင့် အိမ်သို့ကြွဝင်ကာ 'မောင်မြတ်စံ၏သားသည် ပညာရှိဖြစ်လိမ့်မည်။ လောကီရေးတွင် ကျော်စောထင်ရှားလိမ့်မည်။ သို့ရာတွင် ဗေဒင်အလိုအရ နိစ-ပြတို့သည် နံကြိုဟ်ပေါ်၌ စီးနေသောကြောင့် ဥပဇ္ဈေဒကကံ ''ကင်းတတ်။ လောကီကျိုး, လောကုတ္တရာကျိုးဖြစ်အောင် ရဟန်းပြုရာ၏။'-ဟု ဟောပြောခဲ့သည်။ -စာဆိုတော်များ အတ္ထုပ္ပတ္တိမှ။

mgyoe.com

mgyoe.com SAMPLE BOOK

တတ်မြောက်မည့်နိမိတ် ဖြစ်သည်။''-ဟု နိမိတ်ဖတ်ကာ ရွှေဒေါင်းခွက် ၂ ကျပ်သား၊ ငွေခြေချင်း ခေါင်းပွကြီးတစ်ရံ ၁၀ သားကို သနားချီးမြှင့် လက်ဖွဲ့ တော်မူရင်း၊ 'မောင်ပုတ်စည်' အမည်တွင်စေ။'-ဟု အမည်ပေးခဲ့သဖြင့် မောင် ပုတ်စည် ဖြစ်လေသည်။

မောင်ပုတ်စည် ၈ နှစ်သားအရွယ်တွင် ဗန်းမော်ဆရာတော်ထံ ရှင်ပြု၍ 'ရှင်ပုည'အမည်ဖြင့် ထင်ရှားလျက် သာမဏေဘဝ၌ပင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းကြီးများကိုပင် ပေါက်မြောက်အောင် သင်ကြားလျက် ဗေဒင်၊ ကဗျာလင်္ကာရေး၊ တောလားရေးများကိုလည်း သင်ကြားလေ့လာနေလေသည်။

ထိုစဉ်ကာလကား သာယာဝတီမင်း၏နောင်တော် စစ်ကိုင်းမင်းဘကြီး တော်သည် ၁၁၈၁ ခုတွင် အမရပူရ၌ နန်းတက်ပြီးလျှင်၊ ၁၁၈၃ ခုတွင် အင်းဝမြို့ကို ချဲ့ထွင်ပြုပြင်၍၊ ၁၁၈၅ ခုတွင် အင်းဝသို့ ပြောင်းရွှေ့စံနေသော အချိန် ဖြစ်၏။

၁၁၉၈ ခု၌ ညီတော်သာယာဝတီမင်းနှင့် မသင့်မြတ်ဖြစ်ကြရာ သာ ယာဝတီမင်းသည် ရွှေဘိုမှနေ၍ ထီးနန်းကိုလုပ်ကြံရာ အောင်မြင်သဖြင့် 'ရွှေဘို မင်း'အမည်ဖြင့် ၁၁၉၉ ခုတွင် နန်းတက်သောအချိန် တိုင်ခဲ့ပြန်သည်။

ထိုမင်း ၂ ဆက်အချိန်တွင်း၌ ဦးပုည၏ဖခင်သည် သာယာဝတီမင်း၏ ဘက်တော်သားဖြစ်၍ တိုက်ပွဲမှာ ကျဆုံးရရှာသည်။ မိခင်မှာကား သားငယ် ရှင်ပုညနှင့်အတူ စလေသို့ ပြန်ရောက်၍ ၅ လလောက်အကြာတွင် အနိစ္စရောက် ရရှာသည်။

ရွှေဘိုမင်းသည် လက်ရုံးတပည့်ဖြစ်သော ရှင်ပုည၏ဖခင်ကို မချီး မြှောက်ရသည့်အတွက် 'မိကင်းဘကွာသားဖြစ်သူ ရှင်ပုညအားသာ ချီးမြှောက် တော့အံ့။'-ဟု ရှင်ပုညကိုပင့်၍ 'လူဝတ်လဲသော် လည်းကောင်း၊ သာသနာ၌ နေသော် လည်းကောင်း ချီးမြှောက်လိုပါသည်။'-ဟု လျှောက်ထားသော်လည်း သာသနာ၌နေလျက်သာ ချီးမြှောက်မှုကို ခံယူခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောင် မကြာမြင့်မီပင် ပုခန်းငယ် ၂ မြို့အုပ်က ရဟန်းဒါယကာပြုလုပ်၍ ရဟန်းခံခဲ့ရာ ရှင်ပုညမှ 'ဦးပုည' ဟု တိုးတက်ခဲ့လေသည်။

၁၂၀၃ ခုတွင် ရန်ကုန်မြို့သို့ စုန်ဆင်းစံနေခိုက် ဦးပုည၏ကျောင်းသို့ ဒါယိကာမများ အလာအသွားများခြင်းနှင့်စပ်၍၊ ဒါယကာမြို့အုပ်မင်းက မကြည်ညိုယောင်ရှိ၍၊ လူထွက်ကာ ရန်ကုန်သို့လိုက်ခဲ့၍၊ ဗဟန်းတောရဋ္ဌနေ၍၊ သာမဏေပြုလုပ်ကာ ကန်တော်ကြီးဗဟန်းတောလားများကို ရေးလေသည်။ သို့သော်လည်း ရန်ကုန်မှာ မကြာလှပေ။ ပတ်ဝန်းကျင်ရဟန်း, သီလရှင်တို့နှင့် မသင့် ၍ အမရပူရ ဗန်းမော်တိုက်သို့ပင် ပြန်ရောက်နေထိုင်ခဲ့သည်။

ရွှေဘိုမင်း ရန်ကုန်မှ ပြန်ရောက်ပြီးနောက် ၁၂၀၈ ခုတွင် နတ်ရွာစံ၍ သားတော် ပုဂံမင်းသားသည် ၄င်းခုနှစ်တွင် နန်းတက်လေရာ၊ ထိုစဉ်အခါ၌ လူဝတ်တစ်ကြိမ်လဲ၍ သူကြီးရိုးရာကို ပြန်လည်ရရှိရန် တရားတဘောင် စွဲဆောင်အားသစ်ခဲ့သော်လည်း အမှုမပြီးပြတ်မီပင် ထီးကျိုးစည်ပေါက် အခြေအနေတစ်မျိုး ရောက်ခဲ့သဖြင့် နေရင်းစွဲ ဗန်းမော်တိုက်၌ပင် သာမဏေပြန်ဝတ်ကာ နေခဲ့ရပြန်သည်။ *

၁၂၁၄ ခုတွင် မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည် ရွှေဘိုမှနေ၍ နောင်တော် ပုဂံမင်းကို လုပ်ကြံအောင်နိုင်သည်နှင့် မင်းတုန်းမင်း အထွတ်အထိပ်သို့ ရောက်သောအခါ၌ကား လူထွက်ပြန်၍ ဝင်ရောက်ခစားရာတွင်၊ 'မင်းလှသခ်ယာ'ဘွဲ့နှင့် ရွာစည်ရွာကို အသနားတော်မြတ်ခံရ၍၊ အိမ်ရှေ့စံ ကနောင်မင်းသားထံ၌လည်း ခစားဝင်ရောက်နေခါ သင်္ဂြိုဟ် ၉ ပိုင်း သရုပ်တေးထပ်များကို ကနောင်မင်းသား တောင်းပန်ချက်အရရေး၍ မင်းတရားကြီးအမိန့်ဖြင့် 'ယိုးဒယားနိုင်ငံမော်ကွန်း' တို့ကို ရေးခဲ့သည့်ပြင်၊ ပဒုမဇာတ်, ဝေဿန္တရာဇာတ်,

---

* ၁၂၀၆ ခုနှစ်တွင် လူထွက်ပြန်သည်။ ၁၂၀၈ ခုတွင် နန်းတက်တော်မူသည့် ပုဂံမင်း၏ ညီတော်များဖြစ်ကြသော မင်းတုန်းမင်းနှင့် ကနောင်မင်းတို့၏အိမ်တော်၌ ခစားထမ်းရွက်ခွင့် ရခဲ့သည်။-စာဆိုတော်များအတ္ထုပ္ပတ္တိ-မောင်သုတ။

၁။ ရွှေဘိုမင်း, သရက်မင်း, ကုန်းဘောင်မင်း-ဟူ၍လည်း အမည်တွင်သေးသည်။

mgyoe.com
SAMPLE BOOK

ဝိဇယဇာတ်-စသည်တို့နှင့် ဗေဒင်, အင်္ဂရတ်ဆိုင်ရာ ကျမ်းစာများကိုလည်း ရေးခဲ့လေသည်။

ထိုသို့နေစဉ် တစ်နေ့တွင်ကား- မင်းတုန်းမင်းကြီး၏သားတော် မြင်ကွန်းမင်းသား, မြင်းခုံတိုင်မင်းသားတို့က ဦးပုညကို တိတ်တဆိတ်ခေါ်၍ ဗေဒင်မေးကြရာ၊ ကနောင်မင်းသားသိသဖြင့် သတိပေးခံရသည်တွင် စလေဆရာကြီးဦးပုညသည် 'သူ၏အကြောင်းကို ပြန်ပြောင်းပြောပြ၍ မင်းပြစ်မင်းဒဏ် ဥပဒ္ဒေဒကကံမှ လွတ်ရန် သာသနာ့ဘောင်သို့ ပြန်ဝင်လိုကြောင်း' ခွင့်တောင်းလေတော့သည်။

အိမ်ရှေ့စံကနောင်မင်းသားသည် စလေဆရာကြီးဦးပုညအား ကြင်နာသနား၍ ခွင့်တော် မပေး။ 'အေးအေးသာ အပါးတော်၌နေပါ။ ရိုးသားဖြောင့်မတ်စွာနေမှုတို့ကို ထောက်ထား၍ မင်းတရားကြီးထံ မင်းပြစ်မင်းဒဏ်မှ ဘေးမဲ့ပေးရန် သံတော်ဦးတင်ပေးပါမည်။'-ဟု မိန့်၍ မင်းတရားကြီးထံသို့လည်း သံတော်ဦးတင်ပေးသဖြင့် ဘေးမဲ့အမိန့်သံကိုကား နာခံခဲ့ရပေပြီ။

သို့ပါသော်လည်း 'ကြမ္မာယွင်းယို၊ ပျက်စီးလိုက၊ အဆိုတခြား၊ အနေမှား၏။' ဆို၏သို့၊ စလေဦးပုညကား အနေမှားခဲ့ပေပြီ။

ဗန်းမော်ဆရာတော်၏ ရဟန်းဘဝ၌နေရန်စကား။ 'လူ့ဘဝ၌နေက မင်းဒဏ်စိုးပြစ် ဥပဒ္ဒေဒကကံတို့မှ မကင်းတတ်။'-ဟု မိန့်ခဲ့ဖူးသောစကားနှင့် ငယ်စဉ်ကာလ ဦးပုညကို ဖွားကာစ၌ အခိုက်သင့် ကြွရောက်လာသော ဒုတိယကြက်သွန်ခင်းဆရာတော်နှင့် ၁၁၈၁ ခုမှ တံဆိပ်ရသော မုံရွေးဆရာတော်တို့၏ 'လောကီ, လောကုတ္တရာအကျိုး ၂ ပါးပြီးအောင် ရဟန်းဝတ်နှင့် နေစေရာသည်။ သင်၏သားသည် ပညာရှိဖြစ်၍ လောကီရေးတွင် ကျော်စောမည်ဖြစ်သော်လည်း၊ ဗေဒင်အလိုနိစ်-ပြတို့သည် နံကြိုဟ်ပေါ်၌ စီး၍နေကြသောကြောင့် ဥပဒ္ဒေဒကကံ မကင်းတတ် ဖြစ်ချေသည်။'- ဟု မိန့်တော်မူခဲ့ကြသောစကား။ မိဘတို့မှ တစ်ဆင့်ကြားများကို ဂရုမထားအားတော့ပေ။ ရှိစေဦးတော့၊ ယခုအချိန်၌ပင် သူကိုယ်တိုင် နားလည်မှုရှိပြီးဖြစ်လျက် ထိုအကြောင်းများကို သတိမထားတော့ပေ။ 'အဆိုတခြား အနေမှား၏'သို့ အသိတခြား အဖြစ်မှားခဲ့ပေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


အကြောင်းကား– ဤသို့ မင်းတုန်းမင်းတရားကြီးသည် မန္တလေး တောင် နန်းမြေဘုံသာစံနန်းတော်တွင် စံနေတော်မူခိုက် မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားတို့လည်း နန်းတော်၏တောင်ဘက် မြောင်းမတော်နားတွင် ဝင်းတော် နှင့် နေကြလေသည်။

တစ်နေ့တွင် မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့သည် စလေဆရာ ကြီးဦးပုညကို တိတ်တဆိတ်ခေါ်ကာ "ဆရာကြီး။ ကျွန်ုပ်တို့ညီနောင် ၂ ပါးကို မလွန်မြို့စားနောင်တော်က ခမည်းတော်ဘုရားနှင့် ဘထွေးတော်ဘုရားတို့ အား ကုန်းတိုက်၍ ထားပါသည်။ ကျွန်ုပ်တို့အတွက် ရာဇဝတ်အမျက်များ မြင်ပါသလား။"–ဟု ဗေဒင်မေးကြပြန်ရာ၊ သနားကြင်နာ မကင်းရှာသော စလေဆရာကြီးဦးပုညသည် 'ဗေဒင်အရ ၇ ရက်အတွင်း၌ပင် မင်းပြစ်မင်းဒဏ်နှင့် ထောင်တန်းနှောင်အိမ်များသို့ ကျဖို့ရာ မြင်ကြောင်း' ဟောလိုက်ရာက မင်းသား တို့က "ကိုင်း– ဆရာကြီး။ သို့ဖြစ်လျှင် အကြောင်းမထူး။ ဘေးရောက်ပေ တော့မည်။ 'သေလျှင်မြေကြီး၊ မသေလျှင် ရွှေထီး' ဆိုသကဲ့သို့ပင် ခမည်း တော်နှင့် ဘထွေးတော်တို့အား လုပ်ကြံပေတော့မည်။ အခါသာပေးပါတော့။" –ဟု တောင်းဆိုသဖြင့်၊ ဓား ၂ လက်အောက် အသက်ရောက်နေရသော ဦးပုညမှာ မလွှဲသာတော့ရကား "ယနေ့နံနက် ၁ ချက်တီးကျော် ၅ မောင်းအချိန် တိတိကစ၍ ၂ ချက်တီးအတွင်းအချိန်သည် သင့်၍၊ သပြေပန်းများကို ကိုင်ဆောင် ရာသည်။"–ဟု အခါပေး၍ အသက်ဘေးက အေးစေရတော့သည်။

မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့သည်လည်း ဖော်ဂျီဗိုလ်ငဖြူထိး စသော အိမ်တော်သားတို့နှင့်တကွ မင်းတရားကြီးစံနေရာ နန်းမြေဘုံသာ စံနန်း တော်သို့ သွားရောက်၍၊ နေ့ ၂ ချက်တီးခန့်တွင် (စက်နာရီ ၁၂ နာရီခန့်တွင်) ပုန်ကန်ထကြွ လုပ်ကြံကြလေတော့ရာ အိမ်ရှေ့စံကနောင်မင်းသား၊ မလွန်မင်း သား၊ စကုမင်းသား၊ ပြင်စည်မင်းသားနှင့် မှူးမတ်အချို့တို့ပါ သေကျေပျက် စီးကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဆုံး၌မူ သူပုန်မင်းသားများမှာ အရေးနိမ့်ကာ အောက်မြန်မာပြည်သို့ စုန်ဆင်းပြေးသွားရပေကြောင်း။

ဤအရေးတော်ပုံ၌ သူပုန်ဘက်သားများကို ဖမ်း၍စစ်ဆေးရာ 'ဦးပုည က အခါပေးကြောင်း' ထွက်ဆိုကြသဖြင့်၊ ဗန်းမော်တိုက်သို့သွား၍ ရောင်ရှား နေသော ဦးပုညကို မင်းတရားကြီးကိုယ်တိုင် ခေါ်ယူစစ်မေးလျက်၊ ရွှေမြို့တော် ဝန် မြို့သာမြို့စားဦးသာအိုးထံ၌ အကျယ်ချုပ်နှင့် အပ်ထားလိုက်လေသည်။

မင်းတရားကြီးက အရေးတော်အခိုက်မို့ ထိုက်သည့်အလျောက် သက် ညှာစွာပင် အကျယ်ချုပ်နှင့် အပ်ထားလိုက်သော်လည်း၊ အရှင့်ဓားကို တကယ် ကြောက်သော်လည်း ဓား ၂ လက်အောက် ရောက်နေဆဲဖြစ်သည် တစ်ကြောင်း။ အရှင်မင်းမြတ်မှာ သာသနာ့ဒါယကာ ဘုန်းသမ္ဘာရှင်ဖြစ်၍ ရန်သူတို့ မဖျက်ဆီး နိုင်သည်ကို တပ်အပ်သိမှတ်ယုံကြည်သည် တစ်ကြောင်းများအပြင်၊ 'ဘေးမဲ့ပေးခဲ့ သည်ကိုလည်း အားကိုးလျက် ဥပစ္ဆေဒကကံကြမ္မာဆိုးက ဇွတ်တိုး၍ ရောင်ရှား အခါပေးမိပါသည် ဘုရား။'-ဟု လျှောက်ထားသော ဦးပုည၏စကားတို့ကို လည်း ကြားလျက်၊ ကိုယ်တော်တိုင်ကလည်း သနားလျက်ဖြစ်ရာ နောင် ကြည် အေးတော်မူသောအခါ 'သူကောင်းပင် ပြန်ပြုမည်'ဟု ရည်စူးတော်မူခဲ့သည်။

သို့ပင်ဖြစ်လင့်ကစား- 'ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ် လည်း၊ မလွှတ်ကြမ္မာ' ဆိုသော အနန္တသူရိယအမတ်ကြီး၏ လင်္ကာစကားကဲ့သို့ ပင် မင်းတရားကြီးက ကြင်နာသနား၍ မသတ်ဘဲထားသော်လည်း သူ၏ကြမ္မာ ဆိုးကား အငြိုးကြီး၏သို့ မြို့ဝန်ဦးသာအိုး၏လက်ချက် ဥပစ္ဆေဒကကံစနက်ဖြင့် ပင် သေပွဲဝင်ရရှာတော့သည်။

သို့ဖြင့်- အနေမှားခဲ့သော စလေဆရာကြီးဦးပုညမှာ ဤအရေးတော် ပုံကြီး၌ 'အခါပေးသူ' ဟု ထင်ရှားသွားသောကြောင့်လည်း 'အခါပေးဦးပုည' ဟု လူသိနတ်ကြား ထင်ရှားခဲ့ပေကြောင်း။

ဟံသာဝတီ

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးပုည၀တ္ထုများ လေ့လာချက်

ဦးအေးချို-မဟာဝိဇ္ဇာ

ကုန်းဘောင်ခေတ်နှောင်း စာပေနှင့် စာဆိုများအကြောင်း ရေးလျှင် ဦးပုညနှင့် သူ၏စာများကို ချန်ထား၍ မရပေ။ ထိုခေတ် ထိုကာလက ဦးညနှင့် သူ၏စာများကို 'ဖန်ကလပ် အေးတဲ့ရေ၊ သပြေဖူးငုံစ။ ပြန်ဂဟပ်ရေးတဲ့ဖေ၊ စလေဦးပုည။' ဟူ၍ စာချိုး ဂုဏ်ပြုကြသလို၊ အချုပ်တန်းဆရာဖေတို့လို ပုဂ္ဂိုလ်များကမူ 'စာကောင်းလျှင် မအေပေးတွေက၊ စလေရေး ဆိုကြတယ်။' ဟူ၍ ခံပြင်းပြင်းနှင့် စာချိုးသည်။

မြန်မာစာပေသမိုင်းတွင်

'ဦးပုညရေးသော ကဗျာတို့မှာကား ကာရန်လည်း မိ၊ အနက်လည်း ကောင်း၊ ကဏ္ဏသုခလည်း ဖြစ်၊ ဟဒယရွှင်ဖွယ် စကားလှယ် ဝေဝုစ်၊ စကားသစ်, စကားဆန်းလည်း များပြား သောကြောင့် လူအများ နှစ်သက်ကြသည်။ ဤသို့ ဦးပုည၏ စာများသည် နိုင်ငံတွင် လွှမ်းစွာ ကျော်ကြား၍ ဦးပုညကို မမီ နိုင်ကြကုန်သော အခြား ကဗျာဆရာများက မနာလို ဝန်တို ကြကုန်သည်။'

* * *

mgyoe.com

mgyoe.com SAMPLE BOOK

'ဤအရာ၌ ဥပမာပေးရမည်ဆိုသော် ဦးပုည၏စာများသည် လူပြက်ပါသောအငြိမ့်သဘင်နှင့် တူ၏။ ဦးပုညနှင့် တစ်ခေတ်တည်းပေါ်သော အခြားဆရာတို့၏ စာများကား လူပြက်မပါသော အဆိုသက်သက် အငြိမ့်သဘင်နှင့် တူ၏။ လူပြက်ပါသောအငြိမ့်ကား ပြက်လုံးများဖြင့်လည်း ကြည့်ရှုသူတို့ကို ဖြေဖျော်၏။ လူပြက်မပါသောအငြိမ့်ကား အဆိုသက်သက်ဖြင့်သာ ဖြေဖျော်သဖြင့် ပွဲမထိန်းနိုင် ရှိတတ်၏။ ငြီးငွေ့ပျင်းရိခြင်း ဖြစ်တတ်၏။' ဟူ၍ သုံးသပ် မှတ်ချက်ချသည်။

ဆရာဇော်ဂျီက 'ဦးပုညသည် ရှိတ်စပီးယားနှင့် တူသည်ဟု ဦးရွှေကြူးက ဆိုခဲ့ကြောင်း မှတ်သားရဖူးပါသည်။' အစချီလျက် ဦးပုည၏ စာများကို သုံးသပ်တင်ပြပြီး၊

'ဤမျှဖြင့် အထက်ကဆိုခဲ့သော ဦးရွှေကြူး၏ ရူပက အလင်္ကာစကားသည် ဆိုထိုက်၊ လက်ခံထိုက်သော စကားဖြစ်သည်ဟု ထပ်မံ၍ ထောက်ခံချီးကျူးပါသည်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ထိုးထွင်းသိမြင်တတ်သော ဉာဏ်ခံရှိရာတွင် ဦးပုညနှင့် ရှိတ်စပီးယားတို့ တူကြသည်ဟု ယူချင်ပါသည်။

'ဦးပုညသည် ရှိတ်စပီးယားနှင့်တူသည်' ဟု သဘောတူသည်။

ဆရာသိန်းဖေမြင့်ကမူ 'ဦးပုညနှင့် ရှိတ်စပီးယား မနှိုင်းသင့်' ဟု ဆိုပြီး၊ 'စကားကြွယ်ပြီး အဓိပ္ပာယ်တိမ်သည့် ဦးပုည' ခေါင်းစဉ်ဖြင့် ဝေဖန်သည်။

ဦးပုညစာများကို နှစ်သက်လက်ခံနိုင်သည် ဖြစ်စေ၊ လက်မခံနိုင်သည် ဖြစ်စေ၊ ဦးပုညကို ခွင်းချန်၍မရနိုင်သည်ကား သေချာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးပုညသည် ပြဇာတ်၊ မော်ကွန်း၊ မေတ္တာစာ၊ ဝတ္ထု၊ တေးထပ် အစရှိသောစာများ ရေးသားခဲ့သည်။ 'ဦးပုည၏ဝတ္ထုများ' ဆိုသည်ကို 'ဟောစာ' ဟုလည်း ပြောတတ်ရေးတတ်ကြသည်။

ဤဟောစာများ ရေးသားဖြစ်ပုံကို ဦးတင်လှက ဤသို့ အကဲဖြတ်ဖူးသည်။

'ပျို့ကဗျာများဖြင့် သီကုံးထားသော ဇာတ်ဝတ္ထုများကို စာတတ်သူက ဖတ်ကြားပြသောအခါ စာတတ်သူရော စာမတတ်သူပါ ရေရေလည်လည်မှတ်ယူနိုင်ကြသည် မဟုတ်။ စကားပြေဖြင့် ရေးသားသည်ကို ဖတ်ပြသောအခါတွင်မူကား စာမတတ်သူရော စာတတ်သူပါ သာမန်အားဖြင့် နားလည်နိုင်ကြပါသည်။ တရားသဘောကို အတော်အတန် သိမြင်နိုင်ကြသည်။ သင်ခန်းစာယူစရာရှိက ယူလာနိုင်ကြသည်။ ဇာတ်ကြောင်း ထင်ထင်ရှားရှား မြင်လာကြသည်။ ထို့ကြောင့်လည်း လူမှုရေးရာတွင် ဇာတ်ဝတ္ထုများသည် ပိုမို ရေပန်းစားလာသည်။

* * *

'လူထုလက်ဝယ်သို့ စကားပြေနှင့် ရေးသားထားသော ဇာတ်ဝတ္ထုများ ရောက်လာကြပြီး၊ ဥပုသ်ဇရပ်တွင် အသံကောင်းကောင်း ဌာန်ကရိုဏ်းကျကျ ဖတ်တတ်သူတစ်ဦးက ဇာတ်ဝတ္ထုများဖတ်ပြနေလျှင် ဥပုသ်သည်တို့ ငြိမ်သက်စွာ စုရုံးနားထောင် ကြည်ညိုကြသည်။ တရားစာပေ ဟောပြောမှုကို ရဟန်းတော်များသာမက လူဝတ်ကြောင်တို့လည်း ပြုလုပ်လာနိုင်ကြသည်။

* * *

'ဇာတ်ဝတ္ထုများကို အချိန်မကြာ။ တစ်နာရီ-နာရီဝက် အတွင်း ဟောပြောနိုင်ရန် တီထွင်ကြဆသူတို့အထဲတွင် ကျပင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဘုန်းတော်ကြီး အရှင့်ဓမ္မရက္ခိတနှင့် စလေဆရာကြီး ဦးပုည တို့လည်း ပါဝင်ကြသည်။ × × × × × × ကျပင်း ဘုန်းတော်ကြီးသည် ဦးပုညနှင့် ခေတ်ပြိုင် ကျော်ကြားသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သဖြင့်၊ ဇာတ်ဝတ္ထုများကို တရားစာ အဖြစ်ရေးသားရာ၌ 'မည်သူက ဦး၍ မည်သူက နောက်ကျ သည်' ဟု ခန့်မှန်းရန် ခဲယဉ်းလှတော့သည်။'

တရားစာများသည် ဇာတ်တော်များကို စကားပြေဟာန်၊ တရားဟောဟာန်များဖြင့် ရေးသားထားသောကြောင့် ဖတ်၍ ရွတ်၍လည်း ကောင်းသည်။ ဖတ်သူက အသံနေအသံထား မှန်မှန်နှင့် ဖတ်လျှင် နာသူအဖို့ နှစ်သက်ပီတိဖြင့် တရားကို နားလည်စေနိုင်သည်။

ဦးပုည၏စာများကို နှစ်ခြိုက်သဘောကျသဖြင့် ပုံနှိပ်ခေတ်ဦးကပင် ပုံနှိပ်ထုတ်ဝေခဲ့ကြသည်ကို တွေ့ရသည်။

ပထမဆုံး ပုံနှိပ်ထုတ်ဝေသော ဦးပုည၏စာမှာ 'ဝိဇယဗာဟုမင်းသား ဇာတ်' ဖြစ်သည်။ ရန်ကုန်မြို့ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်က ခရစ်နှစ် ၁၈၇၂ ခုနှစ်တွင် စတင်ပုံနှိပ် ထုတ်ဝေသည်။ စာမျက်နှာ ၅၄ မျက်နှာရှိပြီး အုပ်ရေ ၅၀၀ ပုံနှိပ်ကာ တစ်အုပ်လျှင် ၁ ကျပ်နှုန်းနှင့် ရောင်းချသည်။ ထိုစာအုပ် ပုံနှိပ်စဉ်က ဦးပုည ကွယ်လွန်ပြီး ဖြစ်သည်။

ခရစ်နှစ် ၁၈၇၃ ခုနှစ်တွင် 'ဆဒ္ဒန်ဆင်မင်းဝတ္ထု' ကို ရန်ကုန်မြို့ မြန်မာသံတော်ဆင့် ပုံနှိပ်တိုက်က ထုတ်ဝေသည်။ ထိုစာအုပ်တွင် ရေးသူ အမည်မသိရသော 'သုဝဏ္ဏသာမဇာတ်ဝတ္ထု'နှင့် 'သမ္ဘူလမင်းသမီးဝတ္ထု'တို့ ကိုပါ ပူးတွဲပုံနှိပ်ထားသည်။

ခရစ်နှစ် ၁၈၇၉ ခုနှစ်တွင် ရန်ကုန် အမေရိကန်သာသနာပြု ပုံနှိပ်တိုက် က ရှင်ကျော်သူဖြတ်ထုံး၊ မဟာပညာကျော်ဖြတ်ထုံး၊ ဟိတောပဒေသကျမ်း မြန်မာပြန်တို့နှင့် တွဲဖက်၍ ဦးပုည၏ 'ဆဒ္ဒန်ဆင်မင်းဝတ္ထု'၊ 'ယုန်မင်းဝတ္ထု'၊

mgyoe.com

'သီဝရာဇ်မင်းကြီးဝတ္ထု' တို့ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထိုစာအုပ်ကိုပင် ၁၈၉၇ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီသတင်းစာတိုက်မှ ထပ်မံထုတ်ဝေသည်။ ထိုစာများသည် 'ဦးပုည ဝတ္ထု'ဟု နှောင်းခေတ်တွင် အသိအမှတ်ပြုကြသောစာများ ဖြစ်သည်။

ဦးပုညသည် 'ဟောစာ အပုဒ် ၃၀ ကျော် ရေးသားခဲ့သည်' ဟု မြန်မာစာပေသမိုင်းတွင် ဖော်ပြသည်။ မောင်သုတကလည်း မြန်မာစာပေသမိုင်းကို ကိုးကား၍ ဤသို့ပင် ဆိုသည်။

ခရစ်နှစ် ၁၉၄၀ ပြည့်နှစ်တွင် သုဓမ္မဝတီက ထုတ်ဝေခဲ့သော 'ဦးပုည၏ဝတ္ထုပေါင်းချုပ်'တွင် ၂၆ ပုဒ် တွေ့ရကြောင်း ဦးတင်လှ၏ ဆောင်းပါးတွင် ဖော်ပြထားသည်။

ဟံသာဝတီပုံနှိပ်တိုက်က ခရစ်နှစ် ၁၉၅၉ ခုနှစ်တွင် 'ဦးပုည တရားဟောစာ' ခေါ် 'ဦးပုညဝတ္ထုပေါင်းချုပ်' ထုတ်ဝေခဲ့ရာ၊ အပုဒ်ပေါင်း ၂၃ ပုဒ် တွေ့ရသည်။

တင်ထွေး တည်းဖြတ်ပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေး စာစဉ်အဖြစ် ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် 'ဦးပုည၏စာပန်းကုံးများ'တွင်လည်း ၂၃ ပုဒ်ပင် ပါသည်။

သို့ရာတွင် ဟံသာဝတီတိုက်ထုတ် စာအုပ်တွင်ပါဝင်သည့် 'အာဠာဝက' ဝတ္ထုသည် စာပန်းကုံးတွင် မပါဘဲ၊ စာပန်းကုံးတွင် ပါသည့် 'ဥပမာ ၄ ဦးဝတ္ထု'မှာ ဟံသာဝတီတိုက်ထုတ်တွင် မပါပေ။ ထိုမူ ၂ မူကို ပေါင်းလိုက်လျှင် ၂၄ ပုဒ် တွေ့ရှိရသည်။

ဦးပုညဝတ္ထုများကို ဟောစာအဖြစ် ရှေးက ဆိုခဲ့ကြောင်း ဖော်ပြပြီးဖြစ်သည်။ ဦးပု၏ စာစုစာရင်းတွင် ဟောစာအဖြစ် 'ဥပကနှင့် ဆာဝါဟောစာ', 'ဝေသန္တရာဟောစာ'ဟူ၍ ဟောစာ ၂ ပုဒ် တွေ့ရလေရာ ထို ၂ ပုဒ်ပါပေါင်း လျှင် ၂၆ ပုဒ် ဖြစ်သွားနိုင်သည်။

mgyoe.com

SAMPLE BOOK

ခရစ်နှစ် ၁၉၄၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော သုခမ္ဘဝတီမှုကို တွေ့ရလျှင် ပို၍ ပြည့်ပြည့်စုံစုံပြောနိုင်မည်ဟု ထင်သည်။ သို့ရာတွင် မြန်မာစာပေသမိုင်း၌ ဖော်ပြထားသော 'အပုဒ် ၃၀ ကျော်' ဆိုသည့် စာရင်းအတွက်မူ ဆက်လက်ရှာဖွေရပေဦးမည်။

'ဦးပုညဟောစာ' ခေါ် ဝတ္ထုများတွင် ကျပင်းဘုန်းတော်ကြီးတရားစာများ ရောနှောပါဝင်နေသည်' ဟု အဆိုရှိကြသည်။

ဦးလူဖေဝင်း သုတ်သင်ပြင်ဆင်၍ ပါဠိဆရာ ဆရာဖေ တည်းဖြတ်ကာ ၁၉၆၁ ခုနှစ်တွင် ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်မှ ထုတ်ဝေသော 'ကျပင်းတရားစာ ပထမတွဲ'တွင်-

'သို့ရာတွင် ကုန်းဘောင်ခေတ်အလယ်မှသည် အဆုံးတိုင် ဇာတ်ဝတ္ထုကိုဆောင်၍ ဒါနတရား၊ သီလတရားတို့ကို ဒေသနာအတိအကျဖြစ်အောင်၊ စကားပြေနှင့် ရေးရာတွင် ကျပင်းဆရာတော်သည် အာဒိကမ္မိက အဦးအစ ဖြစ်ဘိ၏။' ဟုဆိုလျှင် မှားမည်မဟုတ်ချေ။

'စလေဆရာဦးပုညကလည်း ကျပင်းဘုန်းတော်ကြီးနှင့် အလားတူ အတိအကျဖြစ်သော ဒါနတရား၊ သီလတရားတို့ကို ဆန္ဒန်ဆင်မင်းဝတ္ထု အစရှိသော ဝတ္ထုသက်သေ သာဓကတို့ကိုဆောင်၍ စကားပြေဖြင့် ဟောပြောပြသ ဆိုဆုံးမကာ ရေးသားထားခဲ့ချေသည်။

'ထို့ကြောင့်လည်း တိပိဋကဝိနိစ္ဆယကျမ်း၌ ဖော်ပြအပ်သော မိုင်းခိုင်းဆရာတော်ကြီးက လည်းကောင်း၊ ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား နန်းမတော်အရှင်မိဖုရားကြီး၏ အတွင်းဝန်တို့က လည်းကောင်း 'ကျပင်းဘုန်းတော်ကြီး ရေးသားခဲ့သည်'ဟု ယူဆကြသော 'ဝိသယှသူဌေးဝတ္ထု၊ အာဠာဝကချွတ်ခန်း၊ ရှင်သီဝလိဝတ္ထု၊ ကာကဝလ္လိယဝတ္ထု၊

mgyoe.com

mgyoe.com SAMPLE BOOK

မေတ္တာကအတိတ်ဝတ္ထုတို့ကို အချို့သောပညာရှိများက 'စလေဆရာ ဦးပုည ရေးသားခဲ့သည်။'-ဟုဆိုကာ စလေဆရာ ဦးပုည တရားစာ ဝတ္ထုပေါင်းချုပ်အတွင်း၌ ထည့်သွင်း ပုံနှိပ်ကြကုန်၏။'- ဟူ၍ အမှာစာသဘောမျိုး ရေးသားထားသည်ကို ကြည့်လျှင် ဦးပုည၏ဝတ္ထုများတွင် ကျပင်းဘုန်းတော်ကြီး၏ တရားစာများ ရောနှောထည့်သွင်းထားသည့် သဘောတွေ့ရသည်။ သို့သော် အတိအကျ ဟူ၍ကား မဆိုဘဲ၊ 'ကျပင်းဘုန်းတော်ကြီး ရေးသားခဲ့သည်ဟု ယူဆကြသော' ဟူ၍ အနေကန်စကားဖြင့် ရေးသားထားသည်ကိုလည်း သတိပြုမိသည်။

ဦးပုညနှင့် ကျပင်းဘုန်းတော်ကြီးတို့သည် ခေတ်ပြိုင် ဖြစ်၏။

ကျပင်းဘုန်းတော်ကြီး၏ မွေးသက္ကရာဇ်မှာ 'မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက် စနေနေ့' ဟု အဆိုညီသည်။

ဦးပုည၏ မွေးသက္ကရာဇ်မှာ အမျိုးမျိုးရှိနေသည်။ 'ဖွားသက္ကရာဇ် ၁၁၆၉, ၁၁၇၃, ၁၁၇၄, ၁၁၇၈' စသည် ဖြစ်နေသည်။

ပါမောက္ခဦးမျိုးမင်းက 'စာပေအဖွင့် ပုံသစ်လောင်းသင့်ပြီ' ဆောင်းပါးတွင် ဦးပုည၏ မွေးသက္ကရာဇ်, မိဘအမည်, မျိုးရိုးဇာတိ အကွဲကွဲအလွဲလွဲ ဖြစ် နေသည်တို့ကို အသေးစိတ် ဖော်ထုတ်ရေးသားထားပြီး ဖြစ်သည်။

မောင်သုတက '၁၁၇၄ ခုနှစ်ဖွား'ကို ယူထားသည်။

ကျပင်းဘုန်းကြီး မေတ္တာစာရေးသူ ကိုကြီးကျော်က 'ဦးပုညသည် ကျပင်းဘုန်းကြီးထက် ၃ နှစ်ကြီးသည်။'ဟု ဆိုထားရာ၊ 'သက္ကရာဇ် ၁၁၇၄ ခုနှစ်'ကို လက်ခံသည့်သဘော ဖြစ်နေသည်။

မည်သို့ဆိုစေ၊ ခေတ်ပြိုင် ဖြစ်နေကြသည်။

ဦးတင်လှ ရေးသကဲ့သို့ 'မည်သူက တရားစာရေးမှု စောသည်။

mgyoe.com

မည်သူက နောက်ကျသည်-ဟု ပြောရန်ခက်သည်’ ဆိုသည်မှာလည်း အမှန် ပင် ဖြစ်သည်။

‘ဦးလူဖေဝင်း၏အမှာစာ’ ဟု ယူဆရသောစာတွင် ဖော်ပြထားသည့် ၀တ္ထု ၅ ပုဒ်ဖြစ်သည့် ‘အာဠာ၀က၀တ္ထု၊ ၀ိသယှသူဌေး၀တ္ထု၊ ရှင်သီ၀လိ၀တ္ထု၊ ကာက၀လ္လိယ၀တ္ထု၊ မေဏ္ဍက၀တ္ထု’ တို့ကို ဦးပုည၀တ္ထုများနှင့် တိုက်ဆိုင် ကြည့်ရာ၊ ၃ ပုဒ်သာပါ၀င်ပြီး၊ ‘ရှင်သီ၀လိ၀တ္ထုနှင့် မေဏ္ဍက၀တ္ထု’ကို ဦးပုည ၀တ္ထုများတွင် မတွေ့ရချေ။

ဦးပုညသည် စာအရေးကောင်းသောကြောင့် ‘စာကောင်းလျှင် ဦးပုည ရေး’ ဟု ထိုခေတ်ကပင် ပြောဆိုနေတတ်ကြပုံများကို ဆိုခဲ့ပြီးဖြစ်သည်။

ဤသို့ ဖြစ်ရခြင်းကို စိစစ်ကြည့်လျှင် ၂ ဦးလုံးအတွက် မကောင်းလှ ပေ။ ဦးကုလ မရေးသည့်စာကို ဦးပုညစာထဲသွင်းလျှင် ဦးပုညအတွက်လည်း ထိခိုက်သည်။ မူရင်းရေးသူလည်း အမည် အဖျောက်ခံရသလို ဖြစ်သွားသည်။

ဦးပုည၏ အင်္ဂရိတ်မေတ္တာစာကို ‘ဦးပုညရေး မဟုတ်။ ကျပင်း ဘုန်းတော်ကြီးဦးရွှေသီး ရေးသည့်စာ ဖြစ်သည်’ ဟု ဆရာကြီး သခင်ကိုယ် တော်မှိုင်းက မျောက်ဂဏ္ဍိတွင် အင်္ဂရိတ်နှင့်စပ်လျဉ်းသည့် အဖွဲ့အနွဲ့များကို ပြဆိုရင်း၊ ကျပင်းဘုန်းကြီး၏လက်ရာအဖြစ် အောက်ခြေမှတ်ချက်ချခဲ့သည်။

ထိုမေတ္တာစာကိုပင် ‘ကျပင်းဘုန်းတော်ကြီး၏ လက်ရာဖြစ်ကြောင်း’ ဦးကျော်ငြိမ်း(ဘီအေ)က ယဉ်ကျေးမှုစာစောင်တွင် ‘အင်္ဂရိတ်မေတ္တာစာ ပြဿနာ’ ဆောင်းပါးရေး၍ ဖော်ပြခဲ့ဖူးသည်။

ကိုကြီးကျော်၏စာအုပ်တွင် ထိုမေတ္တာစာကို မကွေးတက္ကသိုလ် သမိုင်း လက်ထောက်ကထိက ဦးကျော်၀င်း-မဟာ၀ိဇ္ဇာ (ယခု မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်၀င်း)က ‘မြန်မာစာဌာန၏ သဘောထားကို မေးမြန်းခဲ့ဖူးကြောင်း၊ ၁၈-၄-၇၄ နေ့စွဲဖြင့် ဦးကျော်၀င်း၏ ပြန်ကြားစာမှ မြန်မာစာဌာန၏ ဖြေကြားချက်ကို လက်ခံရရှိသည်’ဟု ဆိုသည်။ (၁၈-၄- ၇၄ နေ့စွဲပါစာမှာ ဦးကျော်၀င်း၏ မေးမြန်းစာ ရက်စွဲလား၊ မြန်မာစာဌာန၏

mgyoe.com
SAMPLE BOOK


ပြန်ကြားစာရက်စွဲလား မရှင်းလင်းပါ။ ကိုကြီးကျော်၏ ဝါကျအတိုင်း ဖော်ပြရခြင်း ဖြစ်ပါသည်။ 'မြန်မာစာဌာန' ဆိုသည်မှာလည်း မည်သည့်တက္ကသိုလ်မြန်မာစာဌာနဟု မကွဲပြားပါ။)

မြန်မာစာဌာန၏ ပြန်ကြားချက်သဘောအချုပ်မှာ 'ကျပင်းဘုန်းကြီးလက်ရာဟု အတပ် မဆိုသာကြောင်း' နှင့် 'ဦးပုညလက်ရာကား လုံးဝ ဖြစ်ဟန်မတူပါ' ဟု ဆိုသည်။

'ကျပင်းဘုန်းကြီး၏စာ ဟု အတပ်မဆိုနိုင်ခြင်းမှာ ကျပင်းမေတ္တာစာမတွေ့ဖူးသေးသောကြောင့်' ဟုလည်း ပါသည်။

ကိုကြီးကျော်က ကျပင်းဘုန်းတော်ကြီး မေတ္တာစာများကို ကျမ်းပြုစုထားသူဖြစ်၍၊ 'ကျပင်းဘုန်းတော်ကြီးသည် မေတ္တာစာများလည်း ရေးခဲ့သည်။ ထို့ကြောင့် အဂ္ဂရတ်မေတ္တာစာသည် ကျပင်းဘုန်းတော်ကြီး မေတ္တာစာအဖြစ်ရေးသားထားသည်။ ကျပင်းရွာသား အစဉ်အဆက်ကလည်း အဂ္ဂရတ်မေတ္တာစာကို ကျပင်းဘုန်းကြီးမေတ္တာစာ ဟုပင် ကူးယူရေးမှတ် ရွတ်ဖတ်ခဲ့ကြသည်။ ။' - ဟု ဆိုသည်။

ဦးပုည၏ဝတ္ထုများနှင့် ကျပင်းတရားစာများကို တိတိကျကျ ထောက်ထောက်ထားထားမှတ်တမ်းများ တွေ့ရလျှင် တိုက်ဆိုင်ညှိနှိုင်းခွဲခြားရန် လိုနေပြီဖြစ်သည်။ ထိုသို့ ခွဲခြားသည့်အခါ ဒေသစွဲ, ပုဂ္ဂိုလ်စွဲကင်းကြဖို့ လိုသည်။

ဦးတင်လှက ကျပင်းဘုန်းတော်ကြီးသည် ပဟာစာများကို စတင် ရေးခဲ့သူ 'အာဒိကမ္မိက' ဟူသော အပြောများကို မဆန့်ကျင်လိုသောကြောင့် ဦးပုညသည် ကျပင်းတရားစာများကို ဖတ်မိ၍ ပဟာစာဝတ္ထုများ ရေးသည်ဆိုလျှင်လည်း၊ 'အကြံတူ နောက်လူ ကောင်းစမြဲ' ဆိုသော စကားအတိုင်းဟု ဆိုပြီး ဦးပုညဝတ္ထုများအပေါ် အလေးကဲပေးသည်။

ကိုကြီးကျော်က 'ကျပင်းဆရာတော်၏ အရေးအဖွဲ့တို့တွင် ဦးပုည၏ရေးဟန်တို့ အမှန်ပင် ဩဇာသက်ရောက်နေပေသည်။' ဟူ၍ ဦးပုည၏စာအပေါ် ဂုဏ်ပြုထားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဦးပုည၏ ၀တ္ထုများကို ဟောစာအဖြစ် ပြောကြခြင်းမှာလည်း ဗုဒ္ဓဘာသာ၀င်များအတွက် ဒါန, သီလ, ဘာ၀နာတရားများကို ပိဋကတ်တော်များမှ ၀တ္ထုကြောင်းများနှင့် ကိုးကားရေးသားထားသောကြောင့် ဖြစ်သည်။

ဒါနနှင့်ဆိုင်သည့် ၀တ္ထုများမှာ ဆဒ္ဒန်ဆင်မင်း၀တ္ထု, သူအိုမကြီး၀တ္ထု, သိဝိရာဇ်မင်းကြီး၀တ္ထု, ယုန်မင်း၀တ္ထု, ဝိသယှသူဌေး၀တ္ထု, ဖြူဟွဒတ်မင်းကြီး၀တ္ထု စသည်တို့ ဖြစ်သည်။

ဒါနတရားအတွက် ဘုရားလောင်းဖြူဟွဒတ်မင်း၀တ္ထုတွင် 'ဒါနဆောက်ဦ၊ အနည်းမျှလှူလျှက်နှင့်၊ ကြီးထူကြွယ်ဝ စည်းစိမ်ထက် စံရဖူးကြောင်း' ကို ရေးသားထားသည်။ ထို၀တ္ထု၏အချီးနိဒါန်းတွင် မိမိစားစရာထဲမှ တချို့တစ်ဝက် မလှူသူများကို ရည်ရွယ်ပြီး-

'သဗ္ဗညုမြတ်စွာဘုရားသည် စားရာဖို့က၊ တချို့တစ်ဝက်၊ နှစ်သက်ဖြန့်ဖြူး၊ လှူဖူးသည် မရှိ။ မိမိတို့ဝမ်းကိုသာ၊ မင်္ဂလမ်းဖိုလ်လမ်းထွင်၍၊ မဝင်ဝင်အောင်၊ အတွင်းကရ၊ သွတ်ကြကုန်သော၊ မစ္ဆေရပိတ်ဆီး၊ အစားကြီးတို့အား၊ ဉာဏ်မီးထွန်းပ၊ အလင်းပြ၍' ဟူ၍ ကိုယ့်ဝမ်းသာ ကိုယ်သဒ္ဓါသော လူများကို သိစေချင်သောကြောင့်ရေးကြောင်း ဆိုသည်။

သာဓကအဖြစ် ဇာရာဏသီပြည့်ရှင် ဖြူဟွဒတ်သည် 'မိမိခံစားရသော စည်းစိမ်သည် ဘယ်ကာလအတိတ်က ကုသိုလ်ဟိတ်ကျေးဇူးကြောင့် ဖြစ်ရသနည်း။' ဟု ဇာတိဿရဉာဏ်ဖြင့် ကြည့်ရာ-

'အသည်ဆင်းရဲသား၊ လူခစားဒုက္ခိတ၊ ဖြစ်ခဲ့ရ၍၊ သူတစ်ပါးအမှုကို ပြုလုပ်မည်သွားရာ၊ စားရန်ဖို့ပါလာသော၊ မုယောထမင်းကြမ်းကို ဆွမ်း၏ အဖြစ်ဖြင့် ပစ္စေကဗုဒ္ဓါ ၄ ပါးတို့အား၊ ကိုယ်မစားဘဲ ဝမ်းထဲကြည်နူး၊ လှူခဲ့ဖူးသောကြောင့်၊ ထူးမြတ်သောဤသုခကို ငါရသည်' ဟု သိသည့်အကြောင်း ဖော်ပြထားသည်။

ဖြူဟွဒတ်မင်း၏ မိဖုရားကြီးမှာလည်း မိမိစံစားနေရသော စည်းစိမ်သည်-

mgyoe.com

'ကျွန်ဖြစ်စဉ်အခါ၊ တစ်ယောက်စာမျှ၊ ကိုယ်စုရသော၊ အေးမြရှန့်ရှင်း၊ ပြောင်းထမင်းကို၊ ဝမ်းတွင်းပူဆာ၊ စားတော့မည် ရှိရာတွင်၊ ခီဏာသဝ၊ ပစ္စေကဘုရား၊ တစ်ဆူအားကို၊ မျက်ဝါးထင်ထင်၊ မြင်လျှင်မြင်ချင်း၊ ပူပင်သည့် ဝမ်းရေးကို၊ အလေးမကြံ၊ ကိုယ်အငတ်ခံပြီးလျှင်၊ စိတ်သန်ကြည်ဖြူ၊ ဆွမ်းပြု၍လှူခဲ့သော၊ သူဆင်းရဲမ၊ ဖြစ်ကာလက၊ ဤမျှခန့်ကုသိုလ်ကြောင့်' စံစားရကြောင်း ရေးဖွဲ့ထားသည်။

အလွန်ဆင်းရဲသောကြောင့် သူတို့အိမ်တွင် အပိုအလျှံ မရှိ မလောက်မင စားနေရသည့်အတွက် ထမင်းကျန်ဟင်းကျန် ဟူ၍လည်း စွန့်ပစ်စရာမရှိ။ ဤကဲ့သို့ မွဲတေလွန်းသည့်အတွက် သူတို့အိမ်နားတွင် ကျီးမျှပင် မပျံဝဲ။ ကျီးမျှပင် မပျံဝဲသောကြောင့် 'ကာလဝလိယ'ဟု ပြောင်လှောင်ခေါ်ခြင်း ခံရသော ဇနီးမောင်နှံသည် နောင်တွင် သူဌေးလင်မယား ဖြစ်သွားသည်။ ဘဝမခြား သူဌေးလင်မယားဖြစ်ရခြင်းမှာ ရှင်မဟာကဿပအား ဆွမ်းတစ်နပ်လှူဖူးသော ကုသိုလ်ကြောင့် ဖြစ်သည်။

လှူသောဆွမ်းမှာလည်း စိတ်ဝင်စားဖို့ ကောင်းသည်။ မောင်ကာကဝလိယလည်း ဝေဠုဝန်ကျောင်းအတွင်း ဆွမ်းကြွင်းဟင်းကျန်စားရန်ရှာမည် သွားခိုက် မယ်ကာကသည်-

'ရကစုဟင်းရွက်ကို၊ တလမျက်လောက် ဆန်ကွဲနှင့်၊ ထမင်းနဲဖြုန်းဆတ်ကျို၍၊ အရိုးတိုယောက်မနှင့် ဝဲထအောင်မွှေတုန်း'

ထိုစဉ် ရှင်မဟာကဿပ သူတို့အိမ်ရှေ့ ဆွမ်းရပ်သည်။ ဆွမ်းရပ်လာသော ကိုယ်တော်မြတ်ကြီးကို မြင်လျှင် မယ်ကာက စဉ်းစား၏။ 'ကိုယ်တော်မြတ်ကြီးသည် သူဌေးသူကြွယ်များအိမ်မှာ ဆွမ်းရပ်လျှင် နတ်သုဒ္ဓါတမျှသော ဆွမ်းကို ရလိမ့်မည်။ မိမိတို့ထံ ဆွမ်းရပ်လာခြင်းမှာ တို့ ၂ ယောက်ကံစနာလန့်ထချင်၍ဟု ယုံကြည်ပြီး၊ ထမင်းနဲချဉ်ပေါင်ဟင်းကို မခွင်းမချန် ပြောင်းပြန်ဦးစောက် သွန်မှောက်လှူဒါန်းလိုက်သည်။

ဤတရားကို ဦးပုည ဤသို့ နိဂုံးချုပ်သည်။

mgyoe.com

SAMPLE BOOK


'သာသနာခေတ်ကောင်းတွင်၊ အလှူခံပုဂ္ဂိုလ်ကောင်းနှင့်၊ သဒ္ဒါကောင်း တစ်ချက်ကြုံလျှင်၊ ပုံသေမုချ၊ မောင်ကာကဲ့သို့၊ ကြွယ်ဝမည်အမှန်။ တမလွန် ၌လည်း၊ နတ်မွန်ဖြပ်မှာ၊ ချမ်းသာပေါင်းရုံး၊ နိဗ္ဗာန်မှ ဆုံးမည်ဟု၊ နှလုံးမခွ၊ စိတ်လက်ချ၍၊ ဒါနကို အားထုတ်ကုန်ရာသည်။'

ဒါနတရားဟောရာတွင် အစွယ်လှူသူ ဆဒ္ဒန်ဆင်မင်းဝတ္ထု, မျက်စိ လှူသူ 'သိဝိမင်းကြီးဝတ္ထု'တို့လည်း ပါသည်။ ထိုအလှူများသည် 'အင်္ဂပရိစ္စာဂ' ခေါ် ခြေ, လက်, မျက်စိ စသော အင်္ဂါများကို စွန့်သည့် စွန့်ခြင်းတွင် ပါဝင် ပြီး၊ ယုန်မင်းဝတ္ထုမှာမူ 'ဇီဝိတပရိစ္စာဂ'ခေါ် အသက်ကိုစွန့်သည့် စွန့်ခြင်း၌ ပါဝင်သည်။

အလှူလှူသည့်အခါ အလှူပစ္စည်းအပေါ်တွင် မစ္ဆေရစိတ်ဝင်ကာ မတွယ်တာသင့်ကြောင်းကို–

'အကြင်သူသည် ငါ၌ ပစ္စည်းနည်းပါးလှသည်။ ဒါနဖို့ တစ်တန်၊ ခွဲဝေရပြန်သော်၊ စားရန်ဖို့ချွတ်၍၊ ငတ်မွတ်ချေတော့မည်။ စားရန်ဖို့ ကြွင်း သော်လည်း ရင်းစရာမထားလျှင်၊ နောင် စားရေးခက်လတ္တံ့ဟု၊ မျှော်ငံ့တိုင်းဆ ၍၊ မစ္ဆေရမပွားစေအပ်။ စားနပ်ရိက္ခာ၊ နည်းသူမှာလည်း၊ သဒ္ဒါနောက်ဆုတ်၊ မယုတ်စေဘဲ၊ အနည်းထဲက၊ ခွဲ၍လှူဒါန်းသင့်ချေသည်။ ပစ္စည်းအင်အား၊ များသူမှာကား၊ ဆိုဖွယ်ရာမရှိ၊ ပီတိထပ်ပွား၊ အများလှူသင့်လှချေသည်။ ယင်းသို့ မစ္ဆေရဓော၊ မရောမဆိုင်၊ ပြောင်ပြောင်ကြီး ကိုင်ဝံ့မှ၊ ပိုင်ပိုင်နောက် ခါ၊ သံသရာ၌၊ နတ်ရွာသုဂတိ၊ တုမရှိ စည်းစိမ်ဝယ်၊ အကြိမ်ကြိမ်ပျော်ပါး လျက်၊ အနင့်သားစံရကြချိမ့်မည်'ဟု အဘယမာတာ ရဟန္တာထေရီဝတ္ထုတွင် ဟောကြားရေးသားထားသည်။

'ဝိသယှသူဌေးဝတ္ထု'တွင်

'သမ္မောအဋ္ဌကထာကျမ်း၌၊ အကြင်သူသည်၊ လှူမည်ဟု စိတ်ကြံ၊ ဓိဋ္ဌာန်ဆောက်တည်၊ မနောက်ရည်ပြီးမှ၊ မကြည်မညို၊ ဝန်တို စိတ်ကွက်၊

မလှူရက်၍၊ ယွင်းပျက်ချွတ်လွဲမှု၊ ထိုသူစင်စစ်၊ ငရဲဖြစ်ကြောင်း'ဟူ၍ အလှူ ဒါနတွင် ဝန်တိုမစ္ဆေရစိတ်ကြောင့် အကျိုးယုတ်ရပုံများကိုလည်း ရေးသည်။ အလှူ လှူသည့်အခါ ဆုတောင်းတတ်ကြသည်။ ထိုသို့ ဆုတောင်းရာ၌ ဆုတောင်းမမှားရန်လည်း လိုသည်။

'ဆဒ္ဒန်ဆင်မင်းဝတ္ထု'တွင်

'တရားနာပရိသတ်တို့သည်၊ တတ်စွမ်းပါသမျှ၊ ကုသိုလ်ကို ပြုကြလျှင်၊ ဝဋ္ဋဒုက္ခဇကန်၊ ထိုစည်းစိမ်ဗိမာန်ကို၊ စိတ်ဆန္ဒတဏှာဖြင့်၊ ရပါမည့်အကြောင်း၊ ဆုတောင်းမမှားကြစေရာ။'

'ဒါနကောင်းမှု၊ ပြုကြသောအခါ၊ ဝဋ္ဋချမ်းသာကို တဏှာလိုက်စား၊ ဆုတောင်းမှားကြလျှင်၊ နာလိုက်လား သေလိုက်လား၊ တမွှားမွှားနှင့်၊ အလျားလိုက်မျော၊ ဆင်းရဲ၌မောကြမည်' ဟု ရေးထားသည်။

ဆုတောင်း မမှားအပ်ကြောင်းကိုလည်း ခေမာမိဖုရား ဝတ္ထုတွင်

'တတ်စွမ်းသမျှ၊ ဒါနကိုဆည်းပူးလျှင်၊ နမူးနထူး၊ စိတ်ကူးယွင်းချွတ်၊ အကောင်းမှတ်၍၊ လူ့နတ်ဘဝ၊ ဝဋ္ဋဒုက္ခကို၊ လောဘရိပ်ဆောင်း၊ ဆုတောင်းမချော်ကြစေနှင့်၊ လှူနိုင်ပါလျက်၊ သံသရာဝဋ္ဋ၊ ကင်းလွတ်ပါစေ၊ မတောင်းချေလျှင်၊

'ပေထုံပေထုံ၊ ပိုးသာကုန်၍၊ မောင်ပုံ စောင်းမတတ် ဆိုသကဲ့သို့၊ ရှိကြမည်။

ထို့ကြောင့် နောက်ပညာရှိတို့သည်-

'လူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချုဖိုလ်မဂ်၊ မပနက်က၊ မှားဘက်ဝယ်သာ၊ ကျင်လည်ရှာသို့' ဟူ၍ ဆိုကုန်သည်။

ဆုတောင်းမှားသည့်အလှူမျိုးကို 'လူမိုက်အလှူပေးသကဲ့သို့ပင်' ဟု ပြောထားလေသည်။

mgyoe.com

ဦးပုညဝတ္ထုများတွင် ဒါနတရားဝတ္ထု အလွန်များသည်။

ဤသို့ ဒါနတရားများ များများရေးရခြင်းသည်-

'လူတို့သည် အလွန် အကောင်းကြိုက်သည်။ 'ပါးနပ်သည်'ဟု ဆိုလျှင်လည်း ဆိုနိုင်သည်။ 'ချမ်းသာလိုသည်။ ကြွယ်ဝလိုသည်။ စည်းစိမ်ကြီးလိုသည်။ တန်ခိုးအာဏာနှင့် ပြည့်စုံလိုသည်။' စသည်ဖြင့် လိုသည်လိုသည်တို့သည် လူ့သဘာဝပင် မဟုတ်လား။ သေလွန်သောအခါတွင်လည်း ငရဲမလားလို၊ ကြက်ငှက်တိရစ္ဆာန် မဖြစ်လို၊ ပြိတ္တာဘဝသို့ မရောက်လို၊ အသူရကာယ်ဘုံသို့ မသွားလို။ စည်းစိမ်ချမ်းသာနှင့် ကြွယ်ဝပြည့်စုံသော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာကိုသာ ရလို ရောက်လိုကြသည်။ အလှူဒါန ပေးဝေသော အကျိုးကြောင့် ထိုကဲ့သို့သော စည်းစိမ်မျိုးကို ရနိုင်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြသည်။ ထို့ကြောင့် ဒါနအကြောင်းပါဝင်သော ဇာတ်ဝတ္ထုများကို ဦးပုညရေးသည်မှာ လူ့အကြိုက်နှင့် ကိုက်ညီသည်ဟု ဆိုရပေမည်။' ဟု ဦးတင်လှက မှတ်ချက်ချသည်။

ဦးပုည၏ ဝတ္ထုများတွင် သီလကျင့်သုံးရန် ရေးထားသော ဝတ္ထုများလည်း တွေ့ရသည်။

'အနောမဒဿီဘုရားရှင်လက်ထက် စန္ဒဝတီပြည်၌ သူဆင်းရဲယောကျ်ားတစ်ဦးသည် လှူဒါန်းစရာ လှူဖွယ်ဝတ္ထု မရှိသောကြောင့် 'ကိုယ်တွင်းသီလကိုသာ အားထုတ်ကျင့်ဆောင်၍ ကုသိုလ်ဖြစ်စေရတော့မည်။'- ကြံပြီးလျှင်၊ လက်ယာရံ နိသဘမထေရ်၏အထံ၌ ၅ ပါးသောသီလကို ခံယူ၍ ရှိသေစွာ အနှစ် ၁ သိန်းပတ်လုံး ထိန်းသိမ်းလေ၏။ ထိုကုသိုလ်ကြောင့် လူ့ပြည်၊ နတ်ပြည်၌ အကြိမ်ကြိမ် စည်းစိမ်ခံစားရပြီး၊ ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် 'ပဉ္စသီလ သမာဒါနိယ မထေရ်' အမည်တွင်လျက် အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရလေ၏။' ဟူ၍ 'ပဉ္စသီလ သမာ ဒါနိယဝတ္ထု'ကို ရေးသားသည်။

mgyee.com

 mgyoe.com SAMPLE BOOK 

သီလ အရေးကြီးပုံကို–

'ဖြူစွာသန့်သက်၊ ဖြန့်ကြက်စီရင်၊ ပိတ်ပေါ်တွင်၌၊ ဆေးမင်စုတ်ချ၊ ရေးသမျှပင်၊ လှပကြည်လင်၊ ထင်လေသည်ချည်း၊ နက်မည်းရင့်ရော်၊ မဲထည်ပေါ်၌၊ ရေဖျော်ဆေးစုံ၊ ရေးလှည့်တုံသော်၊ ဟန်ပုံမရ၊ မလှမွဲတောင်း၊ ရှုမကောင်းသကဲ့သို့၊ အကြောင်းပဌာန၊ သီလဆောက်ဦ၊ အခံဖြူမှ၊ ပြုမူသမျှ၊ ဒါနကုသိုလ်၊ ထိုထိုကျင့်ကြံ၊ ကောင်းမှုကံတို့သည်၊ အလျှံပြောင်ပြောင်၊ အရောင်မည်း၊ ဖွံ့ဖွံ့ဖြိုးဖြိုး၊ ကောင်းကျိုးမနှေး၊ အစွမ်းကုန်ပေးမည်။'– ဟူ၍ ရေးသည်။

သီလစင်ကြယ်မှ, အခံဖြူမှ ပြုသမျှကုသိုလ်တို့သည် အလျှံပြောင်မည်၊ ကောင်းကျိုးပေးမည်။ သီလမစင်ကြယ်လျှင်, အမည်းခံပေါ် ပုံဖော်အရုပ်ရေးလျှင် ဟန်ပုံမပေါ်သကဲ့သို့ ကုသိုလ်အကျိုးလည်း မပေး။ ဤသည်မှာ သီလ၏ အရေးကြီးပုံ ဖြစ်သည်။

ထိုဝတ္ထုဦ၌ပင် ဝိသုဒ္ဓိမဂ်ကျမ်းလာသော 'သဂ္ဂါရောဟနသောပါနံ' ချီဂါထာကို ထုတ်ပြပြီး နတ်လမ်းဗြဟ္မာ၊ လေးဖြာမဂ်ဖိုလ်၊ မငြိုဆန္ဒ၊ လိုတိုင်းရသော သီလအကျိုးအာနုဘော်ကိုလည်း ဤသို့ ရှင်းပြသည်။

'ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်၊ ရောက်ဖွယ်ကူးသန်း၊ စောင်းတန်းဟူက၊ သီလမှတစ်ပါး၊ အခြားမရှိ၊ သီလသိက္ခာ၊ တရားသာလျှင်၊ ဗြဟ္မာနတ်ဌာန်၊ တက်ရန်စောင်းတန်း ဖြစ်လေ၏။ ငါးပါး, ရှစ်ပါး၊ ဆယ်ပါးမချို့၊ သီလတို့သာ၊ ရွှေမြို့နိဗ္ဗာန်၊ ဘုံမိမာန်သို့၊ ဝင်ရန်တံခါး ဖြစ်ပေ၏။ သီလအကျင့်၊ လမ်းမပွင့်က၊ ဝင်ခွင့်မသာ၊ ပြည်ခေမာနှင့်၊ လမ်းတာ အလွန်ဝေးလတ္တံ့။

'ထို့ကြောင့် သုဂတိဘုံသူ၊ လူမင်း, နတ်မင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာနှင့်၊ ခန္ဓာ၊ အာယတနဓာတ်၊ ဝဋ်ကင်းပြတ်သော၊ အရဟတ္တမဂ်,ဖိုလ်၊ နိဗ္ဗာန်ကိုလျှင်၊ အလိုရှိကုန်၊ တောင့်တကုန်သော၊ သူတော်ကောင်းအပေါင်းတို့သည်လည်း၊ ငါးပါးသီလ၊ ပဥ္စင်္ဂကို၊ နိစ္စအမြဲ၊ ကိုယ်၌စွဲစေ၍၊ လွန်ကဲကြိုးစား၊ တတ်နိုင်အားမူ၊ ဆယ်ပါးသီလ၊ ဒသင်္ဂနှင့်၊ တစ်လအတွင်း၊

mgyoe.com
SAMPLE BOOK

လေးသီတင်း ရှစ်သီတင်း၊ မယွင်းမယုတ်၊ ကြိုးအားထုတ်၍၊ ဥပုသ်သုံးစွဲကြရမည်၊ သီလသမာဓိ၊ ကိုယ်၌ရှိမှ၊ ပြုမိသမျှ၊ ဒါနကိရိယာ၊ ဘာဝနာတို့သည်၊ သာ၍စင်ကြယ်၊ အံ့ဖွယ်ပြည့်ဖြိုး၊ ကောင်းကျိုးကြီးစွာပေးနိုင်မည်။'

သာဝတ္ထိပြည်၏ဇနပုဒ်ဖြစ်သော နာဠန္ဒမြို့၌ 'သောဏဒိန်' အမည်ရှိသော အမျိုးသမီးတစ်ဦးသည် သံဃာတော်ရှင်မြတ်တို့အား တတ်စွမ်းသမျှဆွမ်း စသော ဒါနဝတ္ထုကိုလှူဒါန်းလျက် ပဉ္စသီလကို ဆောက်တည်၏။ ဥပုသ်နေ့ကြုံကြိုက်လျှင် အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသောသီလ ဆောက်တည်၏။ ရံခါရံခါ စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်သဖြင့် မကြာမြင့်မီ သောတာပန်တည်၏။ ထိုဘဝက သေလွန်လျှင် တာဝတိံသာနတ်ပြည်၌ ဆန်းကြယ်သော ဗိမာန်ဝယ် နတ်သမီးဖြစ်၍၊ 'သောဏဒိန်' ဟု တွင်လေ၏။

ထိုနတ်သမီးအကြောင်းကို 'သောဏဒိန်ဝတ္ထု' ရေးပြီး၊ သီလစင်ကြယ်စွာ စောင့်သုံးကြရန် ဦးပုညက သတိပေးသည်။ ဦးပုညသည် သူတို့ခေတ်၊ သူတို့မျက်မှောက်၌ သူ ကြုံတွေ့မြင်နေရသော ဥပုသ်သည်များကို ဝတ္ထုနိဒါန်းတွင် ဤသို့ ဖွင့်ချ ဝေဖန်ပြလိုက်သည်။

'ခုကာလ ခုအခါ၊ ဒါယကာ၊ ဒါယိကာမ မဟူ၊ အချို့လူတို့၊ သုံးယူကြသော ဥပုသ်မှာ၊ အိမ်တွင်ကိစ္စ၊ သောကထွေပြား၊ အပွေသားကို၊ မထားခဲ့ရက်၊ ငဲ့ကွက်တွယ်တာ၊ အခါကိုမရှု၊ မွန်းတည့်လုမှ၊ သူ့ကိုခေါ် ငါ့ကိုခေါ်၊ အဖော်စုဝေး၊ သားမြေးလက်ငင်၊ သွားချင်အားကြီး၊ အချိန်နီးသောကြောင့်၊ စိပ်ပုတီးမေ့ရစ်၊ ဖြစ်တတ်ရာရာ၊ ကျောင်းကန်လာ၍၊ အာမဘန္တေ၊ မသွေမလှန်၊ မှန်ပါသည်ဘုရား၊ ခံဝန်ချက်ထားပြီးလျှင်၊ တစ်ဖဝါးတစ်ဖီလာ၊ နေ ရှိပါသေးစုံ၊ မေးကာ မေးကာ၊ ရသာထွေပြား၊ စားဦးစို့၊ သောက်ဦးစို့၊ ဤကဲ့သို့နှင့်၊ နံနက်ဖို့ကုန်ပြန်လျှင်၊ တုဏှိဘာဝေါ၊ ကြမ်းချောချောတွင်၊ သုံး-လေးလော ကျော၍၊ ဝမ်းလျှော့အောင်အိပ်ပြီးမှ၊ နိုးကာလလည်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို၊ ရံခါကြိုးကြား၊ ဂုဏ်ကိုးပါးရော စကားရော၊ အနှောနှော အနှိုးနှိုး၊ စိပ်ပုတီးတစ်ကုံးတွင်၊ နှစ်လုံးချ သုံးလုံးချ၊ တစ်ပတ်ရ နှစ်ပတ်ရ၊ ဒွတ္တိံသကမ္မဋ္ဌာန်း၊

 mgyoe.com SAMPLE BOOK 

မစီးဖြန်းမဆင်ခြင်၊ အိမ်တွင်ခမ်းနား၊ သားမူမြေးမူ၊ မည်သူ့မှာ မည်သို့၊ ငါတို့မှာ ဘယ့်နှယ်၊ အ၀ယ်အရောင်း၊ မောင်းထောင်း၊ဆန်ပြာ၊ ဗိုင်းတာ၊ရက်ကန်း၊ လုပ်ငန်းဆောင်ရေး၊ ကျေးဖူးမနပ်၊ စကားရပ်ကို၊ ပါးစပ်မသျှောင်း၊ အကြောင်း ထွင်ချဲ့၊ ဝိုင်းကြီးဖွဲ့လျက်၊ အကျိုးမဲ့ပြောဆို၍၊ နေ့ကိုကုန်စေသဖြင့်၊ ၀တ်ကျေရုံ အားထုတ်သော၊ ဥပုသ်စဥ့်ကူ၊ ရေလံဖြူသီတင်း၊ ခုကာလအတွင်းမှာ၊ အဖျင်း သာ များကြချေသည်။'

'ပဉ္စပေါသကဝတ္ထု'တွင်လည်း သီလစောင့်နေသူများကို ဝေဖန်သည့် စာများ တွေ့ရပြန်သည်။ ပကိဏ္ဏကနိပါတ်လာ ပဉ္စုပေါသထဇာတ်ကို ဝတ္ထု ဟောစာအဖြစ် ရေးသည်။ ရာဂ, ဒေါသ, လောဘနှင့် မာနကြောင့် သံဝေဂ ရသွားကာ သီလစောင့်ထိန်းကြသော ခို, ၀ံ, မြေခွေး, မြွေနှင့် ရသေ့တို့ ဇာတ်လမ်း ဖြစ်သည်။ ထိုဝတ္ထုနိဂုံးချုပ်တွင်

'ယနေ့ကာလ မနုဿသတ္တဝါ ဥပုသ်သည် သူတကာတို့သည် များစွာ နေရက်၊ လဆက်နှစ်လုံး၊ ဥပုသ်စောင့်သုံးကြသည် မဟုတ်၊ တစ်လလုံးအတွင်း တွင်မှ၊ လေးသီတင်းသာ ဥပုသ်စောင့်သုံးကြသည်။ ထိုသို့ ရက်အနည်းငယ် မျှသာ ဥပုသ်စောင့်သုံးကြပါလျက်၊

'သို့စင်နည်းပါး၊ မများရက်ရေ၊ သုံးရသည်အနေတွင်မှ၊ သေရော့ ကြေရော့၊ မပေါ့မဖျင်း၊ စိတ်ကိုတင်း၍၊ ကိုယ်တွင်း၌ ရှိသော၊ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာ၊ ကိလေသာတို့ကို၊ မလာမရောက်၊ မပေါက်မဝင် နိုင်အောင်၊ ခိုင်ခိုင်ကြီးခြေကန်၊ စုံတွန်းလှမည်ဟု၊ သမ္မာဉာဏ်မပြဋ္ဌာန်းဘဲ၊ ကွက်ဆန်းဥပုသ်၊ အဟုတ်ရော မဟုတ်ရော၊ ပါးစောင်က အမြှုပ်စီအောင်၊ ဖွာစလီစကားပြော၍၊ ဖွဲ့ရောခဲရော၊ ဖွပ်ချောပြာစင်၊ ဆကာတင်မဟုတ်၊ ဥပုသ် လုံးတီး၊ အပေါ်စီး စွယ်ရောင်ပြ၊ စောင့်ကြသူတချို့၊

'ဤကဲ့သို့ ထိုကဲ့သို့၊ အိမ်ဖို့အိမ်ရေး၊ လင်ရေးမယားခန်း၊ စားခန်း သောက်ဖွယ်၊ သားငယ်မြေးပု၊ ဝတ္ထုကာမ၊ အဝဝ အထွေထွေကို၊ မဝေနိုင်

mgyoe.com

SAMPLE BOOK

မဖန်နိုင်၊ ဗျာလှိုင်ပလချူ၊ သပွတ်အူရှုပ်ယှက်ခတ်၊ မပြတ်စိတ်တွင်၊ နောက်ဆံ
ငင်သကဲ့သို့၊ ဘဝင်မကျ၊ စောင့်ကြသူတချို့၊

'ဤသူတို့ စောင့်ကြသော၊ သီလရှစ်ပါး၊ သီလများကို၊ ယိုးမှားဥပုသ်
ဆိုသင့်သည်။ အပေါ်ယံပန်းလှနှင့် အတွင်းကရွက်ပုပ်တွေကို၊ ရောမွှေ၍
သိပ်လိုက်သော၊ ပုလိပ်က လက်ဖက်တင်သကဲ့သို့၊ အမြင်သာပြေပြစ်၍၊ အနှစ်
သာရမရှိသော၊ ဥပုသ်သုံးခြင်းတို့ကို၊ အလျှင်းပယ်ဖျက်၍၊ တစ်ရက်ခန့်
နှစ်ရက်ခန့်ကို၊ သန့်သန့်ကြီး ကုသိုလ်ဖြစ်အောင်၊ အားသစ်၍ စောင့်ကောင်းလှ
ပေသည်။'

ဥပုသ်စောင့်သူများကို အမြင်မတော်တိုင်း ဝေဖန်နေ၍မဖြစ်ကြောင်းလည်း
ဦးပုည သိသည်။ အဆိုးချည်းပဲ ဝေဖန်ရေးသားနေလျှင်လည်း အဆိုးမြင်
ဝါဒသမားသာ ဖြစ်မည်။ ဤကဲ့သို့ ဦးပုည အဖြစ်မခံ။ ဥပုသ်စောင့်လျှင်
မည်ကဲ့သို့ စောင့်ထိန်းသင့်ကြောင်းကိုလည်း 'သောဏဒိန်ဝတ္ထု'တွင်ပင် ဤသို့
ရေးဖွဲ့သည်။

'လောကီလောကုတ်၊ ဝိမုတ္တိနိဗ္ဗာန်ကို၊ ကေန်ရထိုက်သော ဥပုသ်
သုံးခြင်း၏ နည်းဥပဒေကား၊ ဥပုသ်သုံးလိုသောသူသည် နက်ဖြန် ဥပုသ်ကြုံ
မည်ဖြစ်လျှင်၊ ယနေ့ကပင်၊ အိမ်ထောင်ကိစ္စ၊ ပလိဗောဓ တို့ကို ပြီးစီးရှင်းလင်း
စေ၍၊ ဥပုသ်နေ့၌ နံနက်စောစော၊ ရဟန်းသူတော်တို့ထံ ဆည်းကပ်ပြီးလျှင်၊
အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသောဥပုသ်ကို ရိုသေစွာ ခံယူဆောက်တည်ရမည်။
ခံယူပြီးကာလ၊ လျောက်ပတ်ရုံမျှ၊ အာဟာရဖြည့်တင်း၍၊ မိမိခံယူပြီးသော
ဥပုသ်ကို စင်ကြယ်စေခြင်းငှာ၊ သူတစ်ပါးတို့အား နှိပ်စက်ညှဉ်းဆဲခြင်းနှင့်
စပ်သောအမှု၊ ကာမရာဂ ပွားများအကြောင်းဖြစ်သော အိမ်ထောင်စီးပွား သား
မယားနှင့်စပ်သော အမှု၊ ဒုက္ခဒေါမနဿနှင့် စပ်သောအမှုတို့ကို မကြံစည်
မပြောမဆို မပြုမကျင့်မူ၍၊'

သီလနှင့်စပ်၍ ဦးပုည ရေးထားသည်မှာ ပြည့်စုံသည
mgyoe.com

လှုဖွယ်ဝတ္ထုပစ္စည်းရှားပါးသဖြင့် ဒါနကုသိုလ် မပြုနိုင်လျှင်၊ သီလစောင့်ထိန်း၍ သီလကုသိုလ် ယူနိုင်သည်။ လောကီ၊ လောကုတ် ဝိမုတ္တိနိဗ္ဗာန်ထိ သီလက ပို့နိုင်သည်။ ဝတ်ကျေရုံအားထုတ်သော ဥပုသ်စဉ့်ကူ၊ ရေလံဖြူသီတင်းမျိုး၊ ကျိုးကဲ့ကွက်ကျား ဆန်းပြားသော ကွက်ဆန်းဥပုသ်မျိုး၊ နောက်ဆံတငင်ငင်နှင့် စောင့်ကြသော ကလင်ကတဥပုသ်မျိုးမှာ အကျိုးပေးမကောင်းကြောင်းလည်း ဝေဖန်ထားသည်။

ဘာဝနာနှင့်ပတ်သက်၍ 'ဥပမာ ၄ ဦး' ဝတ္ထုတွင် ဖော်ညွှန်းထားသည်။ 'ဥပမာ ၄ ဦး' ဆိုသည်မှာ

ပေါက်ပင်ပေါ်ပွင့်နေသော ပေါက်ပွင့်ကို အမဲသားတစ်ထင်မှတ်၍ စောင့်နေသော တောခွေးတစ်ကောက်သည် ပေါက်ပွင့်ကြွေလေသော် 'အမဲသားတစ်'ထင်၍ ပြေး၍ဟပ်သည်။ အမဲသားတစ် မဟုတ်မှန်း သိလေလျှင် အပင်ပေါ်က ပေါက်ပွင့်ကို အမဲသားတစ်အမှတ်ဖြင့် အောက်က ထိုင်စောင့်နေပြန်သည်။

အရူးမတစ်ဦးသည် ရေတ်သီးတစ်ဆုပ်ကို စားမိပြီး၊ စပ်သောကြောင့် ရေရှာလေ၏။ ရေသောက်မည်ဟု ကြည့်သောအခါ ရေထဲရှိ မိမိအရိပ်ကို မြင်လျှင် ကိုယ့်မျက်နှာကို ဘီလူးမထင်နေပြီး ပြေးလေ၏။

နောက်အရူးမတစ်ဦးမှာ မှန်ကြည့်လေသော် မှန်ထဲ၌ မိမိ၏မျက်နှာမြင်ရလေ၏။ ထိုအခါ မိမိမျက်နှာ မှန်ထဲဝင်သွားပြီဟု ထင်သွားလေ၏။

ပင်လုံးကျွတ်သီးသော ခပေါင်းပင်ကြီးကို မြင်သောမျှောက်သည် 'ကမ္ဗလာ' ဟု ထင်မှတ်သွားလေ၏။

ဤ ၄ ဦး ဥပမာပေး၍ လူတို့သည် ဖောက်ပြန်နေသော မိမိခန္ဓာကို အမြင်မမှားစေသင့်ကြောင်း ရေးသားထားခြင်း ဖြစ်သည်။

'အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဧကန်ဖြစ်သော၊ တစ်လံမျှလောက်သော အပေါ်ကိုယ်ရပ်မှ၊ နပ်၊ သလိပ်၊ ချွေး၊ ပြည်၊ သွေး၊ မျက်ရည်နှင့်ထွေးသော

mgyoe.com

mgyoe.com
SAMPLE BOOK


ကျင်ကြီးကျင်ငယ်တို့သည်၊ ယိုစီးမပျက်၊ ပြင်သို့ထွက်၍၊ စက်ဆုပ်ရွံရှာ၊ ပုပ်နံ့စွာညှီလျက်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုအပ်သော၊ မဟာဘုတ်သုံးရပ်တို့ မပြတ်တွဲမှီသော၊ ဤရုပကာယလျက်၊ လျှော်နီးဖြင့်လိမ်၍၊ အိမ်ကိုဆောက်လုပ်ဘိသကဲ့သို့၊ × × × အထက်ကား လည်ချောင်းရောက်၊ အောက်သို့ ဒွါရချောင်း၊ ၄င်းစပ်ကြားတွင် စပါး၊ ပြောင်း၊ ပဲတို့ကို၊ အိတ်ထဲ၌ သိပ်သကဲ့သို့၊ မဖိတ်မယို၊ ဤကိုယ်ကာယ၏ ဖြစ်ဟန်ကို၊ ပစ္စဝေက္ခဏာဉာဏဖြင့်၊ မဆင်မခြင် မသုံးသပ်၊ အမှတ်မဲ့ အိပ်နေလျက်၊ သေခြင်းသို့ ရောက်လေသော၊ များဝေနေပုထုဇ္ဇန်တို့သည်'- အစချီလျက် ဥပမာ ၄ မျိုးကို ဖော်ပြရေးဖွဲ့ထားသည်။

ခန္ဓာကိုယ်ကို-

'ဆံမွေးနီကျား အဆင်ဆိုးဝါး၊ အသားကြမ်းထွေ၊ လက်ခြေလိမ်ကောက်၊ ရွံကြောက်စဖွယ်၊ သွားစွယ်ပြူးတူးနှင့် ဘီလူးမတစ်ယောက်သည်၊ မြင်သမျှရှုဖွယ်၊ တင့်တယ်လျောက်ပတ်သော နတ်သမီးအသွင်ကို'ယူ၍ မာယာပရိယယ်များလှသော ခန္ဓာကိုယ်၏ လှည့်ဖြားခြင်းခံရပုံများကိုလည်း ပြောသည်။

ဤသို့ ထင်းတုံးသဖွယ်၊ မတင့်တယ်သော၊ ဤကိုယ်ကာယသည်၊ မုချမလွဲ၊ ဆင်းရဲအတိ၊ တည်ရာဖြစ်လေ၏။ အသို့ဖြစ်သနည်း ဟူမူကား၊ ပဋိသန္ဓေနေရခြင်းကသည် အိုခြင်းသို့ ရောက်လေကုန်၏။ အိုခြင်းဆင်းရဲကသည် နာခြင်းသို့ ရောက်လေကုန်၏။ နာခြင်းဆင်းရဲကသည် သေခြင်းသို့ ရောက်လေကုန်၏။ သေခြင်းဆင်းရဲကသည် ပဋိသန္ဓေနေခြင်းသို့ တစ်ဖန်ရောက်လေပြန်၏။ ဤသို့ ဖြစ်ပျက်မစဲ၊ ဝဲရေပမာ၊ လူ့ရွာနတ်ဘုံ၊ စုန်ကာဆန်ကာ၊ ဆုံမှတပ်နွား၊ ရဟတ်ချားကဲ့သို့၊ ပျက်ပြားပြိုကွဲ၊ ဆင်းရဲအတိဖြစ်သော၊ သတ္တဝါတို့၏ ခန္ဓာကိုယ်' ဟူ၍ ပဋိစ္စသမုပ္ပါဒ်တရားကို ဟောကြားကာ ဥပမာ သာဓကဝတ္ထုများ ဆောင်ပြသည်။

နိဂုံးချုပ်တွင်မူ-

'ငါးဝသော ဂရုဓမ္မသီလကို၊ ထာဝရတည်လျက်၊ အဋ္ဌင်္ဂသီလမြတ်ကို၊

mgyoe.com

မပြတ်အောင်အားထုတ်၍၊ ကိုယ်၊နှုတ်၊နှလုံး၊ စောင့်သုံးဆီးတား၊ ဖြဟွစိုက်ရဲ ပွားကြပြီးလျှင်၊ လေးဆယ်သောကမ္မဋ္ဌာန်းတရားတို့တွင် မိမိတို့စရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းတရားတို့ကို ပွားများအားထုတ် ကုန်ရာသည်။'

ဦးပုည၏ ဝတ္ထုများတွင် ကမ္မဋ္ဌာန်းဘာဝနာတရားနှင့် ပတ်သက်သော တရား နည်းသည်။ ဤတစ်ပုဒ်သာ တွေ့မိသည်။ နည်းရခြင်းမှာလည်း ဦးပုည တို့ခေတ်က ယနေ့ခေတ်ကဲ့သို့ ဝိပဿနာတရားရိပ်သာတို့ ရှိပုံမပေါ်ချေ။

လူပုဂ္ဂိုလ်များကို ဝိပဿနာတရားပြသည်မှာ လယ်တီဆရာတော်တို့ ခေတ်ကမှစ၍ တွင်ကျယ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဦးပုည၏ဝတ္ထုများ တွင် ဝိပဿနာဘာဝနာတရား အရေးနည်းခြင်းဖြစ်သည်ဟု ယူဆရသည်။

ဦးပုည၏ဝတ္ထုများဖွဲ့စည်းပုံမှာ ဝတ္ထုတစ်ပုဒ်ကို ထိုဝတ္ထုဒေသနာအတိုင်း တစ်သဝေမတိမ်းယူခြင်း မဟုတ်ပေ။ သာဓကပြရလျှင် 'ဒါနကို စင်ကြယ် သန့်ရှင်းစွာ ပြုအပ်သောတရား' ဟူ၍ တရားတစ်ပုဒ်တွင် နဂါးပြိတ္တာဝတ္ထု နှင့် မဋ္ဌကုဏ္ဍလီဝတ္ထု- ၂ ပုဒ် ရေးထားသည်။

တရားနိဒါန်းတွင် ဓမ္မပဒ ပါဠိတော် အသညတ ပရိက္ခာရဂုဏ်ဝတ္ထုက 'မာဝမညေထပါပဿ' ချိုဂါထာနှင့် ထိုဝဂ်လာ ဗိဠာလပဒက သူဌေးဝတ္ထုမှ 'မာဝမညေထပုညဿ' ဂါထာတို့ကို ပြောထားပြီး၊ ဝတ္ထုမှာမူ ဓမ္မပဒ ဗုဒ္ဓဝဂ်က ဧကရပတ္တနဂါးမင်းဝတ္ထုနှင့် ဓမ္မပဒယမကဝဂ်က မဋ္ဌကုဏ္ဍလီဝတ္ထုတို့ကို ညွှန်းဆိုရေးဖွဲ့ထားသည်။

ဦးပုညသည် ခေတ်အလျောက် ကျော်ကြားသော စာဆိုတစ်ဦးဖြစ်သည်။ ယနေ့တိုင် ဦးပုညစာများကို လေ့လာရဆဲ၊ မှတ်သားရဆဲ၊ သင်ကြားရဆဲ၊ အတုယူရဆဲ ဖြစ်သည်။ ဦးပုည၏ ဝတ္ထုရေးဖွဲ့ဟန်မှာ စကားပြေသက်သက် မဟုတ်ဘဲ၊ လင်္ကာသွားညှပ်၍ ရေးသွားသည့်စကားပြေ ဖြစ်သည်။ ဦးပုည၏ ဝေါဟာရနိုင်နင်းမှု၊ အာဝဇ္ဇန်းကောင်းမှုတို့ကြောင့် သူ၏ဝတ္ထုများသည် ဗုဒ္ဓ ဘာသာမြန်မာများနယ်၌ ပြောနေကြရစမြဲ ဖြစ်သည်။ ဒါနတရား၊ သီလ

mgyoe.com SAMPLE BOOK

တရားတို့နှင့်ပတ်သက်၍ ဦးပုည၏ဝတ္ထုများသည် အကျိုးများသော စမ္မစာပေ အဖြစ် အမြဲတည်ရှိနေမည်ပင်။ ။

ဦးအေးချို-မဟာဝိဇ္ဇာ

ကျမ်းကိုးစာရင်း (ဦးပုညဝတ္ထုများလေ့လာချက်)


၁- ဦးပုည - 'ဦးပုညတရားဟောစာ' ခေါ် ဦးပုညဝတ္ထုပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉။

၂- တင်ထွေး - စိစဉ်တည်းဖြတ်သူ၊ ဦးပု၏ စာပန်းကုံးများ - ပထမတွဲ၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေးစာစဉ် ပထမ အကြိမ် ၁၉၉၁ ခု။

၃- အသျှင်စန္ဒိမာ - ဓမ္မပဒဝတ္ထုတော်ကြီး - ပထမတွဲ၊ ရန်ကုန်မြို့၊ ရတနာ့ ဝါဒီ ပိဋကတ်ဆိုင်ကြီး။

၄- အသျှင်စန္ဒိမာ - ဓမ္မပဒဝတ္ထုတော်ကြီး - တတိယတွဲ၊ ရန်ကုန်မြို့၊ ရတနာ့ဝါဒီ ပိဋကတ်ဆိုင်ကြီး။

၅- အသျှင်စန္ဒိမာ - ဓမ္မပဒဝတ္ထုတော်ကြီး - စတုတ္ထတွဲ၊ ရန်ကုန်မြို့၊ ရတနာ့ဝါဒီ ပိဋကတ်ဆိုင်ကြီး။

၆- ဦးတင်လှ - ဦးပုညနှင့်ဇာတ်ဝတ္ထုများ၊ (ဦးပုညစာပေနှင့် ရှုထောင့် အထွေထွေ၊ ဦးပုည နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်။ ရန်ကုန်မြို့ မျိုးညွန့်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၁၉၆၃၊ စာ-၆၇-၈၇။

၇- မောင်သုတ - စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ ရာပြည့်စာအုပ် တိုက်၊ ပဉ္စမအကြိမ်၊ ၂၀၀၂။

၈- မောင်ဇေယျာ - အစောပိုင်းပုံနှိပ် မြန်မာစာအုပ်များ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၉။


mgyoe.com

mgyoe.com SAMPLE BOOK

၉- ဦးလှုဖေဝင်း - သုတ်သင်ပြင်ဆင်၊ ကျပင်းတရားစာ ပထမတွဲ၊
ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၁ ခု။

၁၀- ကျပင်းတရားစာ ဒုတိယတွဲ၊ ဝံသာနုဦးပျိုင်၊
ခေတ်စာပုံနှိပ်လုပ်ငန်း၊ ၁၉၅၈ ခု။

၁၁- ဝဏ္ဏကျော်ထင်ဆရာမာဃ - တည်းဖြတ်ဖြေဆို၊ ကျပင်းတရားစာ၊
ရန်ကုန်မြို့၊ ဇွဲစာပေရိပ်မြုံ။

၁၂- ကိုကြီးကျော် - ကျပင်းဘုန်းကြီးမေတ္တာစာ၊
ရန်ကုန်မြို့၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်
စက်တင်ဘာ။

၁၃- ဦးကျော်ငြိမ်း(ဘီအေ) - အင်္ဂလိပ်ရတ်မေတ္တာစာ ပြဿနာ၊ ယဉ်ကျေးမှု
စာစောင် အတွဲ-၃ အမှတ်-၉၊
၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ၊ စာ- ၆၉-၇၂၊ ၇၅။

၁၄- ဦးမောင်မောင်တင် - စလေဦးပုညသမိုင်း၊
မန္တလေးသူရိယသတင်းစာပုံနှိပ်တိုက်။

၁၅- ပါမောက္ခဦးမျိုးမင်း - စာပေအဖွင့်ပုံစံသစ်လောင်းသင့်ပြီ၊ စိန်ပန်းမြိုင်
စာတမ်းနှင့် စစ်တမ်း။
သခင်နိုပုံနှိပ်တိုက်၊ ၁၉၆၅ ခု၊ စာ-၆၁-၁၁၆။

၁၆- ဦးပုည - ဥပကနှင့်ဆာဝါဟောစာ၊
ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉ ခုနှစ်။

၁၇- သိန်းဖေမြင့် - စာပေါင်းစု (စာပေဝေဖန်ရေး)၊
ရန်ကုန်မြို့၊ နံ့သာစာပေတိုက်၊ ၁၉၇၁ ခု။

၁၈- ဦးဖေမောင်တင် - မြန်မာစာပေသမိုင်း၊
ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၅ ခု။

❖

mgyoe.com

mgyoe.com SAMPLE BOOK

# ဥပကာနှင့် ဆာဝါဟောစာ
## နိဒါန်း

အလင်္ကာနယ၊ ကျနုပေါ်ထင်၊ ရွှန်းသစ်လွင်အောင်၊ စာရှင်စာမြူး၊ စာထူး၊စာကြမ်း၊ စာဆန်း၊စာနု၊ အစုစုကို ပြုစုရေးတင်ခဲ့သော မင်းလှသင်္ချာဘွဲ့ခံ မြင်းခြံနယ်-ရွာစည်ရွာစား စလေဦးပုညသည် မော်ကွန်းရကန်၊ တောလား၊ ပြဇာတ်၊ မေတ္တာစာ၊ ဝတ္ထု၊ ဟောစာ၊ မှာတမ်း၊ သဒ္ဒါ၊ သတ်ပုံ စသော ကဗျာလင်္ကာအထွေထွေ၊ စကားပြေအရပ်ရပ်ကို ပြုစုခဲ့ပေရာ၊ အသီးသီးသော ဦးပုည၏ စာပေတို့သည် စာအုပ်စာတမ်း၊ ကျမ်းအစောင်စောင်အားဖြင့် ထင်ရှားပေါ်ထွက်လျက်ရှိ၍၊ ကဝိမုံသောက် ထွန်းပေါက်လိုသူတို့နှင့် စာပေအရာ လေ့လာမြတ်နိုးကြကုန်သောသူတို့သည် လွယ်လင့်တကူ မှတ်ယူဆည်းပူးနိုင်ခွင့် ရှိခဲ့ကြပေသည်။

သို့ပင်ဖြစ်လင့်ကစား ဦးပုည၏ ဟောစာတစ်စောင်ဖြစ်သော ဥပကာနှင့်ဆာဝါဟောစာ မှာ ရှေးယခင်အခါက သူရိယသတင်းစာတိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးသည်မှအပ ယခုအခါ ရှားပါးတိမ်ငုပ် နစ်မြုပ်လျက်ရှိသည်ဖြစ်ရာ၊ ဦးပုည၏ စာပေလက်ရာများကို ပြည့်စုံစွာ လေ့လာ ဖတ်ရှုလိုသူတို့ အကျိုးငှာ ဟံသာဝတီတိုက် မှ ပြန်လည်ထုတ်ဖော်ရန် လိုလားရင်း ဆန္ဒရှိသည့်အတိုင်း စာကောင်းပေမွန် မူမှန်မူသန့်တစ်ရပ် ဖြစ်စေရန် အထိုက်အလျောက် မ-စ သုတ်သင် စီစဉ်တည်းဖြတ်လျက် စက်တင်ပုံနှိပ်ခြင်း ပြုအပ်ပေသည်။

### စလေဦးပုည

စလေဦးပုည၏ အတ္ထုပ္ပတ္တိကို ဦးပုည၏လက်ရာ စာအုပ်စာတမ်းအများတွင် အချီးအဖွင့်တို့၌ ဂုဏ်မြင့် ဖော်ပြကြပြီးဖြစ်သဖြင့်၊ အကျယ်တဝင့် ထပ်မံဖော်ပြရန်ကား လိုအပ်မည် မထင်ပေ။ အကျဉ်းအားဖြင့်ဖော်ပြရသော်

mgyoe.com

 mgyoe.com SAMPLE BOOK 

ဦးပုညသည် ၁၁၇၄ ခုနှစ်ဖွားဖြစ်၍ ၁၂၂၉ ခုနှစ်တွင် အနိစ္စရောက်သည်။ ဖခင်မှာ ဦးမြတ်စံဖြစ်၍ မိခင်မှာ ဒေါ်လှရင်ဖြစ်သည်။ ငယ်ရွယ်စဉ်က စလေမြို့တွင် ပညာသင်ကြား၍ နောင်သော် အမရပူရမြို့တွင် ပညာဆည်းပူးသည်။ သာမဏေဝတ်ရာတွင် 'ရှင်ပုည' ဟူသောဘွဲ့ကို ခံယူသည်။ ပိဋကတ်, ဗေဒင်, ကဗျာ, လင်္ကာ တတ်မြောက်ကျွမ်းကျင်သဖြင့် မင်းတုန်းမင်းကြီးထံတွင် လက်ဖက်ရည်တော်အရာဖြင့် ထမ်းရွက်ရာ 'မင်းလှသင်္ခယာဘွဲ့'နှင့် 'ရွာစည်ရွာ'ကို စားရသည်။ [ဦးပုညအတ္ထုပ္ပတ္တိအကျယ် ဟံသာဝတီရေသည်ပြဇာတ်တွင် ပါရှိသည်။] ဦးပုည ရေးသားပြုစုခဲ့သော စာပေများမှာ အောက်ပါအတိုင်း ဖြစ်သည်ဟူသတည်း။

၁- မော်ကွန်း ၃ စောင်
(မန္တလေးဘွဲ့မော်ကွန်း, ရတနာနဒီမော်ကွန်း, ဇင်းမယ်နိုင်မော်ကွန်း,)။
၂- တရားစာ ဝတ္ထု ၂၅ ပုဒ်။
၃- မေတ္တာစာ ၅၄ ပုဒ်။
၄- ဗေဒင်ဟောကိန်းရကန်။
၅- ဟောစာ ၂ စောင်။
(ဥပကနှင့်ဆာဝါဟောစာ, ဝေဿရာဟောစာ)
၆- ပြဇာတ် ၆ စောင်။
(ဝေဿရာပြဇာတ်, ကောသလပြဇာတ်, ရေသည်ပြဇာတ်, ဝိဇယပြဇာတ်, ပဒုမပြဇာတ်, ကုသ ပြဇာတ်-မပြီးဆုံး)
၇- သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း။
၈- မဥ္ဇူသက သတ်ပုံ။
၉- ဣန္ဒြာသဏ္ဍာဆေးကျမ်း။
၁၀- သင်္ဂြိုဟ် ၉ ပိုင်း တေးထပ်။
၁၁- မယ်ဖွဲ့မောင်ဖွဲ့ မှာတမ်း။
၁၂- ဝါသုဒေဝ ဇာတ်ဝတ္ထု။

mgyoe.com

mgyoe.com SAMPLE BOOK

၁၃- သဏ္ဍတဖတ်နည်း လင်္ကာ။

၁၄- ဗဟာန်း ကန်တော်ကြီးဖွဲ့ တောလား။

၁၅- သဒ္ဒါပုဒ်စစ်နှင့် ဂန္ဓန္တရနိသျ နံပျောက်များ။

၁၆- တေးထပ်နှင့် အခြားကဗျာများ။

## ဥပကနှင့် ဆာဝါ

ဥပကနှင့်ဆာဝါဟောစာကို ဖတ်ရှုရာတွင် ဥပကနှင့် ဆာဝါ[၁] အကြောင်းကိုလည်း သိရှိထားသင့်ပေသည်။

ဥပကသည်ကား သိဒ္ဓတ္ထမင်းသား- သဗ္ဗညုဘုရားအဖြစ်သို့ မရောက်မီကပင် ရဟန်းပြု၍ တရားကိုရှာနေသော တက္ကဒွန်းပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည်။ ဥပကသည် မဇ္ဈိမဒေသဝင်္ဂဟာရဇနပုဒ်တွင် 'စဏ္ဍာမိ'[၂] မုဆိုးကြီး၏ ခြံစောင်းရန်းအတွင်း၌ မုဆိုးကြီးကိုယ်တိုင် ဆောက်လုပ်လှူဒါန်းသော တဲကျောင်းငယ်တွင် သီတင်းသုံး နေထိုင်လေသည်။

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်ပြည့်နေ့၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးနောက် သတ္တဌာန စံတော်မူပြီးလျှင်၊ ဝါဆိုလပြည့်နေ့ဝယ် ပဉ္စဝဂ္ဂီ ၅ ဦးတို့အား တရားဦးဟောကြားရန် ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွချီလေသော်၊ မဟာဗောဓိပင်မှ ၃ ဂါဝုတ်မျှ ကွာဝေးသော ဂယာသီသရွာသို့ မရောက်မီ အကြားလမ်းခရီးတွင် အရပ်တစ်ပါးသို့ လှည့်လည်ရာက ရွာသို့ပြန်လာသော ဥပကတက္ကဒွန်းနှင့် တွေ့လေသည်။ ထိုအခါ ဥပကသည် 'ဘုရားရှင်' ဟူ၍ မသိသေးသဖြင့်၊ မြတ်စွာဘုရားအား "ငါ့ရှင်

---

၁။ ဇိနတ္ထပကာသနီ၌ 'စာပါ' ဟု ဖော်ပြ၍၊ တထာဂတဥဒါနဒီပနီနှင့် ဗုဒ္ဓဝင်တို့၌ 'ဆာဝါ' ဟု ဖော်ပြသည်။ ပါဠိတော်၌ 'စာပါ' ဟု ရှိသည်။

၂။ ဤ 'ဦးပုည၏ဟောစာ'နှင့် မန်လည်ရတုတို့တွင် 'လုဒ္ဒက-မုဆိုး' ဟူ၍သာ ဖော်ပြသည်။ အမည်မပါချေ။ ဇိနတ္ထပကာသနီနှင့် ဗုဒ္ဓဝင်တို့၌ 'စဏ္ဍာမိ' ဟု ဖော်ပြထားသည်။ 'လုဒ္ဒက' ပါဠိပုဒ်အနက်ကား 'မုဆိုး'ပင် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည် ဣန္ဒြေ ကြည်လင်လှဘိ၏။ အဘယ်သူကိုရည်၍ ရဟန်းပြုလေသနည်း။ သင်၏ဆရာကား အဘယ်သူနည်း။ သင်သည် အဘယ်တရားကို နှစ်သက်သနည်း။''- စသည်ဖြင့် မေးမြန်းလေသည်။

ထိုအခါ မြတ်စွာဘုရားသခင်က ''ချစ်သားဥပက။ ငါကား ကိလေသာကို ဖယ်ရှင်းဖျက်ဆီးနိုင်၍ တရားအပေါင်းကို အလိုလို သိတော်မူသောကြောင့် ငါ့၌ 'ဆရာ' ဟူ၍ အဘယ်မှာ ရှိအံ့နည်း။ ငါ့အမည်ကား မာရ် ၅ ပါးကိုအောင်မြင်သဖြင့် 'အနန္တဇိန' ဖြစ်၏။'' - စသည်ဖြင့် ပြန်ကြားမိန့်မြွက်တော်မူလေသည်။

ထိုအခါ ပဉ္စဝဂ္ဂီ ၅ ဦးထက် ဦးစွာပင်လျှင် မြတ်စွာဘုရားကို ဖူးတွေ့ရသော်ငြားလည်း တရားဦးမနာထိုက်သော ဥပကသည် ''ဟုတ်ပေလိမ့်မည်။'' ဟူသောစကားဖြင့်သာလျှင် ခရီးလမ်းခွဲ၍ မိမိရွာသို့ ပြန်ခဲ့လေတော့သည်။

စဏ္ဍာမိမုဆိုးကြီးသည် ဥပကအား ရဟန္တာအမှတ်ဖြင့် ကိုးကွယ်ထားလေရာ၊ တစ်နေ့သောအခါ တောသို့သွားမည်ပြုသော် သမီးဖြစ်သူ ဆာဝါအား ''ငါ့ဆရာကို ကောင်းမွန်စွာ လုပ်ကျွေးရစ်။'' ဟု မှာကြားခဲ့လေသည်။

ဆာဝါလည်း ဥပကရဟန်းကို ဆွမ်းဆက်ကပ် လှူဒါန်းလေရာ၊ ဥပကသည် ဆာဝါ၏ ရုပ်ဆင်းရူပကာကို မြင်ရလျှင် တပ်နှစ်သက်သောကြောင့် ဆွမ်းမစားနိုင်တော့ဘဲ ရာဂမွတ္တက ဝေဒနာ စွဲကပ်လေသည်။

မုဆိုးကြီး ပြန်ရောက်လာ၍ အကျိုးအကြောင်းကိုသိရလျှင် ဥပကအား လူထွက်စေ၍ သမီးနှင့် ပေးစားလေသည်။ ကာလကြာမြင့်၍ သားတစ်ယောက် ဖွားမြောက်လေသော် ဆာဝါသည် ဥပကာအား နာသာခံခက် ငြီးငွေ့ခြင်းဖက်သဖြင့်၊ 'တစ်ခါက တွေ့ခဲ့ဖူးသော 'အနန္တဇိန' အမည်ရှိ ခင်ပွန်းကြီးထံ သွားတော့အံ့။' ဟု အိမ်မှထွက်ကာ မေးမြန်းသွားလေလျှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားထံသို့ ဆိုက်ရောက်လေသည်။

မြတ်စွာဘုရားသခင်သည် 'ဥပက တရားရချိန်တန်ပြီ။' ဟု ရှေ့ဉာဏ်

mgyoe.com

mgyoe.com SAMPLE BOOK

တော် သက်သဖြင့် ရဟန်းပြုစေလျက် ကမ္မဋ္ဌာန်းတရားကို ပေး၍ အားထုတ်စေသော်၊ ဥပကလည်း အနာဂါမိဖိုလ်သို့ ရောက်လေသည်။ ဥပကသည် နောက်ဆုံး စုတေသောအခါ အဝိဟာဗြဟ္မာ့ဘုံသို့ ရောက်၍ အရဟတ္တဖိုလ်သို့ စံဝင်လေသည်။

ရှေးရှေးသော မြတ်စွာဘုရားတို့သည် မဟာဗောဓိမှ မိဂဒါဝုန်သို့ ကြွလေသော် ကောင်းကင်ခရီးဖြင့်သာ ကြွမြဲဖြစ်သော်လည်း၊ ဂေါတမ မြတ်စွာဘုရားရှင်မှုကား ဥပက၏ အနာဂါမ်ဖြစ်လတ္တံ့သော အကြောင်းကို မြင်တော်မူ၍ မြေပြင်ခရီးဖြင့်သာ ကြွတော်မူပေသည်။

ဥပက၏သားကား 'သုဘဒ္ဒ' ဟု အမည်တွင်၍ ပရိဗိုဇ်ရဟန်းပြုကာ ကုသိနာရုံပြည်၌ နေသည်တွင်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ခါနီးမှ ဖူးတွေ့ရ၍ ရဟန္တာဖြစ်လေရာ၊ မြတ်စွာဘုရားသခင်၏ နောက်ဆုံးတပည့်သာဝကပင် ဖြစ်လေသည်။

ဥပကနှင့် ဆာဝါအတ္ထုပ္ပတ်သည် သနားဖွယ်၊ ရယ်ဖွယ်၊ တရားရဖွယ်၊ မှတ်သားလောက်ဖွယ် ကောင်းလှသည့်အတိုင်း၊ စလေဦးပုည သာမက မန်လည်ဆရာတော်ကြီးကလည်း 'ဆာဝါရတု' ဟူ၍ ရေးသားဖွဲ့ဆိုခဲ့ပေသေးသည်။

## ဟောစာအရေးအသား

'ဟောစာ' ဟူသော အရေးအသားနှင့် ပတ်သက်၍ကား 'ဟောစာ' ဟူသော အဖွဲ့အနွဲ့သည် မြန်မာစာပေလောကတွင် တောင်ငူခေတ် မတိုင်မီကပင် ပေါ်ပေါက်ခဲ့တန်ရာသည်။' ဟု လေ့လာမှတ်ယူရပေသည်။ အင်းဝခေတ်တွင် ပျို့လင်္ကာများ ပေါ်ထွက်ပြီးသည့်နောက်၌ သုတ္တန်ဒေသနာတော်တို့ကို ဝတ္ထုဇာတ်လမ်း ရည်ညွှန်းဖွင့်ဆို၍ ဟောပြောရန်အတွက် အလင်္ကာဖြင့် မွမ်းမံရေးဖွဲ့သော ဟောစာများလည်း ပေါ်ထွက်လာဖွယ်ရာ ရှိလေသည်။

တောင်ငူခေတ်တွင် ပေါ်ထွန်းသော စာဆိုတော် မင်းဧယရန္တမိတ်လက်ထက်တွင်ကား 'သာချင်း' ဟူသော အဖွဲ့အနွဲ့သစ် တစ်မျိုးအဖြစ်သို့

ပြောင်းလဲ ဖွဲ့နွဲ့သဖြင့်၊ 'ဥတေနသာချင်း', 'ပဋာစာရီသာချင်း' 'စိဥ္စမာဏ သာချင်း'များ ပေါ်ထွက်ခဲ့လေသည်။ ဟောစာသည် သာချင်းနှင့် ရေးဖွဲ့ပုံချင်း ဆင်သင့်သလောက် ဆင်သည်ကိုလည်း သတိပြုနိုင်လေသည်။

မင်းဇေယျရန္တမိတ်၏ သာချင်း၌ပင်–

'ဟောစာကြိယာ၊ ဩဘာကျူးဟိတ်၊ ဇမ္ဗူဒိပ်တွင်၊ နိမိတ်အရှည်၊ နိုင်ငံစည်သည်ဟု၊ နတ်ပြည်ကြွသောင်း၊ ဘေးတော်လောင်းတို့၊ ဖောင်း,စလွယ် အပ်၊ စွဲရွေယပ်နှင့်၊ ခဝပ်ကြည်ရွှင်၊မင်းရင်ပြင်မှာ၊ လျှောက်တင် ပြီးရသည်။' – စသည်ဖြင့် ဟောစာနှင့်သာချင်းသည် အတူတူပင် ဖြစ်လေသကဲ့သို့ ဖွဲ့ဆို ထားခဲ့ပေသည်။

ထိုသို့အားဖြင့် 'ဟောစာမှသည် သာချင်း၊ သာချင်း မှသည် ရကန်' ဟူသော အဖွဲ့အနွဲ့များ ပေါ်ပေါက်လာဟန် ရှိပေသည်။

ဟောစာများသည် ကုန်းဘောင်ခေတ်ကိုလွန်၍ ပြည်ထောင်စုခေတ် ကြိုအခါအထိပင် ခေတ်စားခဲ့၍ ထင်ရှားသောဟောစာအများလည်း ဆက် လက်ပေါ်ထွက်ခဲ့ပေသည်။ နှောင်းခေတ်ဟောစာများအနက် ဆင်ဖြူကျွန်း ဆရာသင်၏ ဗုဒ္ဓဝင်ဟောစာ ၃ တွဲ၊ ဓားပိန် ယိမ်းဆရာဦးမောင်ကြီး၏ ဝေဿန္တရာဟောစာ ၂ တွဲ၊ ဦးလူဖြူအောင်၏ နာရဒဖောင်မျှောဟောစာ၊ ဦးမောင်သိန်း၏ တေမိယဟောစာ, ကိန္နရာဝတီဟောစာ, ပဋာစာရီဟောစာ – စသည်တို့မှာ ထင်ရှားပေသည်။

ဥပကာဆာဝါဟောစာ

ဥပကဆာဝါဟောစာကို သူရိယတိုက်က ရှေးအခါက ရိုက်နှိပ်ခဲ့ဖူးလေ သည်။

၁၂၇၅ ခုနှစ်က မန္တလေးမြို့ အက်စ်ပီဘီပုံနှိပ်တိုက်က ရိုက်နှိပ်သော ဦးပုည၏ ဝေဿန္တရာပြဇာတ်စာအုပ်အဆုံးတွင်ကား 'အလိုဟင့်အင် ရှေ့ကုန်း

ခွင်က’ အစချီသော ဥပကဆာဝါဟောစာက မုဆိုးစကားကို ‘အိမ်စောင့် ခန့်ထားခဲ့ရမည်’ ဟူသော စကားအဆုံးအထိ ကောက်နုတ်ဖော်ပြထားလေသည်။

ကဗျာသင်္ဂဟာမေဒနီကျမ်း စာမျက်နှာ ၂၈၈ တွင်လည်း ဖော်ပြခဲ့ဖူးလေသည်။ ကဗျာသင်္ဂဟာမေဒနီကို ၁၂၇၁ ခုနှစ်တွင် မန္တလေးမြို့ မီးစက်ပုံနှိပ်တိုက်တွင်ရိုက်နှိပ်သဖြင့် ဝေသန္တရာပြဇာတ်ထက်ပင် စောလေသည်။

သခင်ကိုယ်တော်မှိုင်း၏ ခွေးဂဏ္ဍိတွင်လည်း ယင်းစာပိုဒ်ကိုပင် ကောက်နုတ်ဖော်ပြခဲ့လေသည်။

သို့ရာတွင် ထိုမုဆိုးစကားကို ‘ဝေသရာပြဇာတ်က စေတမုဆိုးဆိုသည့်စကား’ ဟူ၍ပင် သာမန်အမှတ်ထားကြသူ များ၍၊ ‘ဦးပုည၏ အာဘော်ဖြစ်ကြောင်း’ သိရှိကြစေကာမူ ‘ဥပကဆာဝါဟောစာ’ ဟူ၍ တစ်စောင်တစ်ဖွဲ့ရှိနေသေးသည်ကို လည်းကောင်း၊ ထိုဟောစာက ကောက်နုတ်ချက်ဖြစ်သည်ကိုလည်းကောင်း သိရှိသူ နည်းပါးခဲ့လေသည်။ ကောက်နုတ်ချက်အဆုံးတွင် ဟောစာအသွားအတိုင်း ‘အိမ်စောင့်ဖို့လေ၊ နေရစ်စေ။’ ဟူ၍ အဆုံးချသည်ကို ‘အိမ်စောင့်ခန့်ထားခဲ့ရမည်။’ဟု ပြင်ဆင်အဆုံးသတ်၍ ဖော်ပြကြသဖြင့်လည်း ဟောစာမှ ကောက်နုတ်ချက်တစ်ရပ် ဖြစ်ကြောင်းကို သတိမပြုမိခဲ့ချေ။

အချို့သော ဦးပုည အတ္ထုပ္ပတ္တိများ၌ကား ဦးပုညသည် ဥပကဆာဝါဟောစာကို ရေးသားကြောင်းပင်လျှင် မဖော်ပြခဲ့ကြပေ။

၁၂၇၁ ခုနှစ်တွင်ထုတ်ဝေသည့် ဦးပုည၏ ‘နန်းတွင်းမှူကျယ်အတ္ထုပ္ပတ္တိ’ ခေါ် စာတမ်းတစ်စောင်တွင်ကား ဖော်ပြပါမုဆိုးစကားကို တသီးတခြားရေးသားလေဘိသကဲ့သို့ ဖော်ပြထားပေသေးသည်။ ယင်းစာတမ်းအရ ကနောင်မင်းသည် ဦးကြင်ဥ၏မုဆိုးစကားကို ချီးမွမ်းလျက်၊ ဦးပုညအားလည်း ‘မုဆိုးစကားနှင့် တောလားများရေးသားရန်’ အမိန့်ရှိသဖြင့် မင်္ဂလာအိမ်တော်၌ပင် တစ်မုဟုတ်ချင်း ရေးသားဆက်သွင်းရာ၊ ကနောင်မင်းသားနှစ်သက်တော်မူ၍ ငွေသား ၁၀၀, ပုဆိုးခေါင်းပေါင်းအုပ်, သက္ကလတ်ခြုံထည်များကို သနားချီးမြှင့်တော်မူသည်–ဟု အဆိုရှိလေသည်။

mgyoe.com SAMPLE BOOK

ဤအကြောင်းအရာများနှင့်ပတ်သက်၍ ထောက်ခံအတည်ပြုရန် အချက်အလက်များ မရှိပြားသော်လည်း၊ ဥပကဆာဝါဟောစာတစ်ပုဒ်လုံးထက် ယင်းမုဆိုးစကား အပိုဒ်အနည်းငယ်သာလျှင် အကိုးအကား အရွတ်အဆို များကြသည်မှာကား ထင်ရှားပေသည်။

ဦးပုညသည် ကနောင်မင်း၏ဆန္ဒအတိုင်း မုဆိုးစကားကို ဖွဲ့နွဲ့ရလေအောင်၊ မုဆိုးစကားပါဝင်သော ဥပက–ဆာဝါ ဇာတ်လမ်းတစ်ခုလုံးကို ဟောစာအဖြစ် ရေးသားလေသလော– ဟု စဉ်းစားရန်မှာမူကား 'ဥပက–ဆာဝါဟောစာကို ကျောင်းနေစာသင်ဖက် ရဟန်းတော် ဦးပညာဝံသက တိုက်တွန်းသဖြင့် ရေးသားဖွဲ့ဆိုကြောင်း' ကို ဟောစာအစပိုဒ်၌ အထင်အရှား ဖော်ပြထားလေသဖြင့် ကနောင်မင်းထံတွင် တစ်မုဟုတ်ချင်း ရေးဖွဲ့စပ်ဆို တင်လျှောက်ခဲ့ပြီးသော မုဆိုးစကားကိုပင် ဥပက–ဆာဝါဟောစာ ရေးသားသောအခါ အလိုက်သင့် သွင်းညှပ်ဆက်စပ်၍ ဖွဲ့နွဲ့လေသလော။– ဟူ၍သာ စဉ်းစားမည်ဆိုက စဉ်းစားနိုင်ဖွယ် ရှိလေသည်။

ဥပက–ဆာဝါဟောစာသည် မုဆိုးစကား၌သာ ဟာသပေါ်တွင် ပြောင်မြောက်သည် မဟုတ်ဘဲ၊ တစ်စောင်လုံးပင် အလင်္ကာရသ ကြွရွဝေဆာလျက်ရှိသည်ဖြစ်ရကား၊ ဖော်ပြပါမုဆိုးစကားကို 'ဥပက–ဆာဝါဟောစာ၏ အစိတ်အပိုင်းအဖြစ်နှင့်ပင် ရေးသားသည်။'– ဟု ထင်မှတ်ဖွယ် များချေသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုမုဆိုးစကားကို ဦးပုည၏ ဥပက–ဆာဝါဟောစာတွင် ကွက်တိအံကျ ဆံ့ဝင်လျက်ရှိပုံကို တွေ့မြင်နိုင်ကြမည်ကား မလွဲချေ။

ဤဟောစာကို တည်းဖြတ်ရာတွင် 'မူကွဲ' ဟူ၍ လက်ရေးမူတစ်စောင်သာလျှင် ရှာဖွေတွေ့ရှိရပေသည်။ သို့ရာတွင် စာသွားစာလာ ပြေပြစ်မှန်ကန်သည်သာများ၍ လျှော်းပါးဖွယ် နည်းပါးသန့်စင်လှပေသည်။ ဦးပုည၏ တိမ်ငုပ်နေသောလက်ရာတစ်ခုကို ဖော်ထုတ်၍ ဂန္ထဝင်တင်လိုက်ရခြင်းဖြင့် ကျွန်ုပ်တို့ကား နှစ်သိမ့်ပီတိ ရွှန်းအိစိမ့်ယို ကြည်နူးခြင်း ပိုမိပေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်ခြင်းအာသီသ

ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြသော အမျိုးသား၊ အမျိုးသမီးတို့အား တရားသက်ဝင် သဒ္ဓါရှင်လျက် ဝမ်းတွင်သိုမှီး ပိဋကတ်တိုက်ကြီးသဖွယ်ဖြစ်ကြစေရန်လည်းကောင်း။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိဋ္ဌရမျာနှင့်တကွ ရှေးဟောင်းစာပေများ မတိမ်ကော မပပျောက်စေရန်လည်းကောင်း။ မသူတော်တရား ကွယ်ပ၍ သူတော်တရား ထွန်းကားစေရန်လည်းကောင်း။ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အစွန့်ရှည်စွာ တည်စေရန် လည်းကောင်း။ 'အမတဒုန္ဒုဘိ'၊ အမြိုက်နိဗ္ဗာန်လမ်းပြ ဓမ္မစည်တော်ကြီးကို။ အာဟည်၊ ဒေသနာဉာဏ်စက်ဖြင့် တီးနှက်ပေတော့အံ့။' ဟူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အာသီသအလိုကျ မိန့်ခွန်းတော်မြွက်ဟသည့်အတိုင်း လိုက်နာကျင့်သုံးရန် လည်းကောင်း။ ရည်သန်ရိုးရင်း နှလုံးသွင်းရှိသည်ဖြစ်၍ ဥပကာနှင့် ဆာဝါဟောစာ သညာတင့်ဆန်း ဤသည့်ကျမ်းကို ခမ်းနားသပ်ရပ်စွာ ရိုက်နှိပ်ဖြန့်ချိကာ ထုတ်သွတ်ဝေအပ်သည် ဖြစ်ပါကြောင်း။

ယင်းသို့ ထုတ်ဝေဖြန့်ချိရာတွင်လည်း ရှင်းလင်းသေသပ်သော အထားအသို၊ အပိုအလိုမရှိသော ပုဒ်ပါဌ်အဖြတ်အရပ်၊ ကျနသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် ပါဠိဆရာကြီးဦးခင်စိုး [သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ] နှင့် ဆရာဦးသိန်းဟန်၊ ဦးပု၊ ဦးရွှေဖူး၊ ကိုတင်နွယ်၊ ကိုဟန်ထွန်း၊ ကိုသန်းညွန့်တို့က ကောင်းစွာသုတ်သင် ပြင်ဆင်ကာ စက်တင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။ ။

ဟံသာဝတီ

## ကျေးဇူးတင်ရှိခြင်း

ဥပက-ဆာဝါဟောစာကို အသစ်ထပ်မံ ပုံနှိပ်ရာတွင် ကူညီကြသော ဆရာဦးသိန်းဟန်(ဇော်ဂျီ)နှင့် ဦးလှတင်(လှသမိန်)တို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဟံသာဝတီ

mgyoe.com

mgyoe.com SAMPLE BOOK

## ၁ – ဆဒ္ဒန်ဆင်မင်းဝတ္ထု

### ၅၅၀ ဇာတ်တော်စဉ်–၅၁၄၊ ဆဒ္ဒန္တဇာတ်

'ကမလံ ကမလံ ကတ္တံု၊ ဝနဒေါ ဝနဒေါမ္ဗရံ။
သုဂတော သုဂတော လောကံ၊ သဟိတံ သဟိတံ ကရံ။ ။'

၄ ပါဒလုံး ယမကပြုသောဂါထာ

– ဟူသော ဂါထာ၊ အလင်္ကာပါဠိ၊ လာရှိသည်နှင့် လျော်ညီစွာ၊

နီလာ မြသား၊ ပြယား ရတနာ၊ မာလာ မကုလ၊ ဥမ္မာရပန်းခိုင်၊ အဆိုင်အဆိုင်၊ ညှာပြိုင်ရုံးညီ၊ ကုံးသီခြယ်တန့်၊ တစ်ကန့်တစ်ကန့်၊ ငှက်ခါး တောင် ဖြန့်သကဲ့သို့၊ စိမ်းဖန့်ဖန့်အလျှံ၊ ရွှေဝတ်ဆံမှ၊ ကုကိုံမံရည်၊ ကြည်ကြည် အေးချို၊ ပန်းရက်ယိုသော၊ ကြာညိုတောတစ်ထပ်။

သန္တာနှုတ်ကျေး၊ ယုန်သွေးတရှိ၊ ကောဝိလာ[၁]ပွင့်၊ တျာတျာရင့်နှင့်၊ ကြက်မင့် ဥသျှောင်၊ ပန်းရောင်လွှင်လွှင်၊ လောဟိတင် မဏိရတ်၊ တွတ်တွတ် နီမြန်း၊ မင်သစန်းအသား၊ ပတ္တမြားကျောက်မွန်၊ သိန်းတန်သပြာ၊ ကမ္ဗလာ ရှန်းသစ်၊ တစ်ကျွန်းဖြစ်နှင့်၊ ဝန်းရစ်ပတ် ခြံရံသကဲ့သို့၊ စက္ကုဝိညာဏ်တည်း

---

၁။ ကောဝိလာရ–ဆိုလိုလျက် 'ရ'ကို ချထားသည်။
'ပင်လယ်ကသစ်ပွင့်' ဆိုလိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟူသော ဝတ်ရက်ယူသတ္တဝါ၊ ငှက်လိပ်ပြာတို့၏၊ နားရာ ပီပီ၊ ရှုမအီသော၊ ကြာနီတော တစ်ထပ်။

စိန်ရဲ့၊ ဂန္ဓာရတိုင်း၊ ယွန်းတို့ဂိုဏ်း၌၊ နက်ရှိုင်းဘူမဌ်၊ ဝသုဓာတ်မှ၊ လူ့နတ်မကြို၊ ကမ္ဘာလိုဖြင့်၊ နဂိုရ်ခမ္ဘဓာစ်၊ ကတ္တားနစ်သော၊ ကျူနှစ်ဘော်စင်၊ ငွေကြောပင်ကဲ့သို့၊ မြူမင်မခြယ်၊ တင့်တယ်သန့်ရှင်းစွာ၊ ဃာနဝိညာဏ်၊ နာမက္ခန်တကွ၊ ပသာဒတို့နှင့်၊ အောင်, ပ, ကုလား၊ ဆွေ, သား, မိတ်တူ၊ နှာညွှန့်ကိုချူတတ်သော၊ ကြာဖြူတော တစ်ထပ်။

ဒွိခရုံသီ၊ ဖြူနီနှစ်ရပ်၊ ပွင့်ချပ်ခုနစ်လွှာ၊ တစ်ရာတိုင်တိုင်၊ ဖြာဖြာမြိုင်လျက်၊ ကာပြိုင်ညီးလက်၊ ရွှေထီးချက်ကဲ့သို့၊ မြရွက်မုံအာ၊ ပဒုမ္မာဟု၊ ထုံနံ့သာရော၊ စုံစွာနှောသော၊ တောလည်း တစ်ထပ်။

သေတုပ္ပလ[၁]၊ ကြာကမျိုးစေ့၊ ပြကတေ့ဖြင့်၊ ရေအမြုတော၊ ခရငွေနှင့်၊ ကြွေသလင်းခဲ၊ ပုလဲပျစ်ယှက်၊ ဗိတာန်ကြက်သကဲ့သို့၊ ရေမျက်နှာတစ်ဝိုက်တွင်၊ အလိုက်စီဖြာ၊ ပေါက်ရောက်လာသော၊ ကြာပုဏ္ဍရိက်၊ ဖိတ်ဖိတ်ရောင်ကျော၊ တောလည်း တစ်ထပ်။

ငါးရပ်ဂနိုင်၊ ကြာတောမြိုင်သည်၊ မြစိုင်နီလာ၊ ရေသီတာကို၊ တန်ဆာဆင်ခြင်းငှာ ဖြစ်သကဲ့သို့ လည်းကောင်း၊

ဥတုသမယ၊ ကာလမှန်စွာ၊ အခါအခါ၊ လိုရာရာ၌၊ ဗျာလမ္ဗမွှု၊ ပန်းစုငွေဝတ်၊ စိန်ထွတ်ပုလဲ၊ ပန်းဆိုင်းဆွဲသကဲ့သို့၊ တွဲရရွဲစီရရီ၊ တညီတညာ၊ သွန်းချရှာသော၊ စက္ကဝါမောက်ဖြူး၊ ကောက်ပြုမိုးသည်၊ ကိုးလုံးငြိုဟ်နတ်၊ နက္ခတ်ကြယ်ကြီး၊ ခရီးလှည့်ဝန်း၊ ကောင်းကင်နန်းကို၊ အဆန်းတကြယ်၊ အဖွယ်အရာ၊ တန်ဆာဆင်ခြင်းငှာ ဖြစ်သကဲ့သို့ လည်းကောင်း၊

ကြာမျိုးငါးထွေ၊ မိုးရေ တန္လျှ၊ ဥပမာန၊ ဥပမေယျ၊ သဒ္ဒမ္ဗတ္တ၊ သမ္ဗန္ဓ

---

၁။ သေတုပ္ပလ = သေတ-ဖြူသော+ဥပ္ပလ-ကြာ၊ ကြာဖြူ။
'ကြာပုဏ္ဍရိက်' ဆိုလိုသည်။

mgyoe.com

ဥပမာ၊ ညီညာမြှောက်မြှင့်၊ နှိုင်းထောက်သင့်၍၊ မြှောက်ဆင့်သော စကားမျိုးတွင်၊ ကြောင်းကျိုးဟုတ်မှန်၊ စကားမွန်ကို၊ မုဋ္ဌာန်ခြေးခြေး၊ ဖြပ္ပာကြွေး၏သို့၊ ရင့်လေးနာပျော်၊ အာဘော်ချိုမြ၊ ဆိုတတ်လှသော၊ သုဂတဂုဏ်ပေါင်း၊ တုန်ညောင်းဘဝဂ်၊ စက်သမ္ဘာရှိန်၊ မာရဇိန်ဟု၊ ဣန္ဒြိယ အနိန္ဒြိယ၊ လောကအလုံး၊ ပတ်ကုံးဟိန္ဒဂူ၊ သုံးဘုံလူကို၊ ညို့,ဖြူ,ဝါ,ရွှေ၊ ခြောက်ထွေလျှံပြောင်၊ ကိုယ်တော်ရောင်, ဉာဏ်တော်ရောင်၊ တန်ဆောင်ကျင်းပ၊ အလင်းပြ၍၊ 'အမတချမ်းသာတည်း' ဟူသော၊ ရွှေခြူငွေကြယ်၊ ပုလဲသွယ်စိန်လုံး၊ ရွဲလုံးစီခတ်၊ နဝရတ်ကိုးဖြာ၊ ရတနာတို့ဖြင့်၊ တန်ဆာဆင်ခြင်းငှာ ဖြစ်တော်မူသော၊ လူ, နတ်သင်းကျစ်၊ ဓမ္မရာဇ်မင်းဖျား၊ ဘုရားသခင်သည်၊ ဒက္ခိဏာပထ၊ အဝန္တိဒေသ၌၊ စောရလူမျိုး၊ မြေနီဆိုးသင်္ကန်းနှင့်၊ ရဟန်းသံဃာ၊ ရှင်ကိုးရာတို့အား၊ ဝါသနာစရိုက်၊ အလိုက်သင့်ရည်ရော်၍၊ ဟောတော်မူအပ်သော ဓမ္မပဒဒေသနာပါဠိဂါထာကား

၁- 'သိဉ္စ ဘိက္ခု ဣမံ နာဝံ၊ သိတ္တာ တေ လဟုမေဿတိ။
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ၊ တတော နိဗ္ဗာန မေဟိသိ။ ။

၂- 'ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊ ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စ သင်္ဂါတိဂေါ ဘိက္ခု၊ ဩဃတိဏ္ဏောတိဝုစ္စတိ။ ။'

သမ္ဗဟုလဘိက္ခု ဝတ္ထုဂါထာ

- အစရှိသည်တည်း။

ထိုဂါထာတို့၏ အဓိပ္ပာယ်ကား

"ချစ်သားတို့။ 'မိစ္ဆာဝိတက်တည်း' ဟူသော ရေဖြင့်ပြည့်သော၊ ဤ 'အတ္တဘောတည်း' ဟူသောလှေကို ထို 'မိစ္ဆာဝိတက်တည်း' ဟူသော ရေသစ်မဝင်ရအောင် စက္ခုဒွါရ အစရှိသော အပေါက်ခြောက်ပါးတို့ကို တလိန်းပွဲလျက်နှင့်တူသော၊ ဣန္ဒြေယသံဝရသီလဖြင့်၊ လုံစွာဖာထေး၍၊ 'မိစ္ဆာဝိတက်တည်း' ဟူသော ရေဟောင်းဝန်ကို၊ စွန့်သွန်ရသည်ဖြစ်မှ၊ ပေါ့ပါးလျှင်မြန်စွာ၊ 'သံသရာတည်း' ဟူသောပင်လယ်မြစ်၌၊ မနစ်မပျက်၊ 'ကမ်းတစ်ဖက်တည်း'

ဟူသော နိဗ္ဗာန်ပြည်မြတ်သို့ ရောက်ရအံ့။ အပါယ်လေးဘုံ၌ အတ္တဘောကို ဖြစ်စေတတ်သော၊ ဩဂမ္ဘာဂိယသံယောဇဉ်ငါးပါး၊ သုဂတိဘုံ၌ အတ္တဘောကို ဖြစ်စေတတ်သော၊ ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်ငါးပါး၊ ဤသံယောဇဉ်ဆယ်ပါးကို ပယ်ရှားဖြတ်တောက်နိုင်ခြင်းငှာ၊ သဒ္ဓါ အစရှိသော ဣန္ဒြေငါးပါးကို၊ ပွားများစေလော့။ 'ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိတည်း' ဟူသော၊ အတ္တဘော၏ ဖြစ်ကြောင်းအကုသိုလ်ကို ပယ်နိုင်သောရဟန်းကို 'သံသရာဩဃကို ကူး မြောက်နိုင်သောသူ' ဟူ၍ ဆိုအပ်၏။'' ဟူလိုသည်။

ဤသို့ ဘုရားမြတ်စွာ၊ ရှင်ကိုးရာအား ဩဝါဒပေးတော်မူသည်ကို အယူဖြောင့်စင်း နှလုံးသွင်းလိမ္မာ၍ လိုက်နာကျင့်ကြံလိုသော လူသူတော်ကောင်း တို့သည်၊ ဒါန,သီလ - အစရှိသော ကုသိုလ် ၁၀ ခုကို၊ ပြုစုအားထုတ်သော အခါ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ စည်းစိမ်သုခ၊ ဘုံဘဝကို၊ တောင့်တ၍ ပြုစုချေလျှင်၊ ငါးထွေသော ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်တရားကို၊ ပွားများအောင် ပြုစုသကဲ့သို့ ရှိချေသည်။

ဘုရားဟောဒေသနာအပေါင်းကလည်း၊ ဝဋ်ကင်းကြောင်းကိုသာ ဟောသည်။ ခု လောကပုထုဇန်တို့ကလည်း နိဗ္ဗာန်ကိုလက်လွှတ်၍၊ ဝဋ်ကိုသာ တောင့်တသည်။ ခုလူများလက္ခဏာ၊ ဘုရားဟောဒေသနာနှင့်၊ စက္ကဝါငွေသုံ၊ ကွာဝေးသည့်အမှုကြောင့်၊ ယခု သူမြတ်၊ တရားနာပရိသတ်တို့သည်၊ တတ်စွမ်း ပါသမျှ၊ ကုသိုလ်ကိုပြုကြလျှင်၊ ဝဋ်ဒုက္ခဇာန်၊ လူ့စည်းစိမ်, နတ်ဗိမာန်ကို၊ စိတ်ဆန္ဒတဏှာဖြင့်၊ ပါရမည့်အကြောင်းကို၊ ဆုတောင်းမမှားကြစေရာ။ သမ္မာ သမ္ဗုဒ္ဓ ပစ္စေကဉာဏ်, သာဝက, နိဗ္ဗာန် - ဟု သုံးတန်သောဆုတောင်းတွင်၊ တောင်းလိုရာအရပ်ရပ်ကို၊ စွဲကပ်ဆုပန်၍၊ သံယောဇဉ်ကွင်းညွှတ်၊ အတ္တဘော ကင်းလွတ်၊ ဝဋ်ကျွတ်ရာနိဗ္ဗာန်ကို၊ ဆုပန်တောင့်တကြရမည်။ ဒိဋ္ဌဓိတ်, တိဟိတ် ပဋိသန္ဓေ၊ နေရသသူ၊ လူမှုမဟုတ်၊ ဒုဂ္ဂတိဘဝ ဖြစ်ရရှာသော၊ ဗုဒ္ဓလောင်းလျာ၊ မဟာဆဒ္ဒန်ဆင်မင်းသည်၊ တိရစ္ဆာန်ဖြစ်ပါလျက်၊ သုဘဒ္ဒါ မိန်းမယုတ်ကြောင့်၊ သောနုတ္တိုရ်မုဆိုးသည်၊ အကျိုးမဲ့နှိပ်နယ်၍၊ အစွယ်ကိုဖြတ်သည်တွင်၊ မြတ်လှ

mgyoe.com SAMPLE BOOK


သော ရွှေနှလုံးဖြင့်၊ ဘုံသုံးပါးချမ်းသာကို၊ စိတ်တဏှာမငြိမ်၊ သမ္မောဓိသမ္ဗ ဉာဏ်ကို၊ သန္နိဋ္ဌာန်အာသာနှင့်၊ ပတ္ထနာရည်ရွယ်လျက်၊ အစွယ်တော်နှစ်ဆူကို၊ ငရဲသူသောနတ္ထိုရ်အား ကြည်ညိုနှစ်ထောင်း၊ လှူဖူးကြောင်းနှင့်၊ ကျမ်းဟောင်း ရေးဇာတ်၊ ဆဒ္ဒန်မင်းအတ္ထုပ္ပတ်ကို၊ ပရိသတ်အများ၊ သဒ္ဓါပွားအောင်၊ တရား နတ်စည် ရွမ်းလတ္တံ့။

ရှေးလွန်လေပြီးသောအခါ၊ ဟိမဝန္တာ၊ မဟာဂနိုင်၊ မြိုင်၏အလယ်၊ ငါးဆယ် ယူဇနာ၊ အတာ ကျယ်ပြော၊ တောနှစ်ဆယ့်ခြောက်ရပ်၊ တောင်ထပ် ခုနစ်ဆင့်၊ နိမ့်မြင့်ရံပတ်၊ လွန်ထူးမြတ်သော၊ ဆဒ္ဒန်အိုင်ကြီး၏အနောက် မျက်နှာ၊ သိင်္ဂါမင်းစံ၊ အလျှံပြိုပြို တစ်ဆဲ့နှစ်ယူဇနာရှိသော ရွှေဂူ၌၊ ငါတို့ ဘုရားအလောင်းဆဒ္ဒန်ဆင်မင်းသည်၊ ဆဒ္ဒန်ဆင်မျိုး အပေါင်းရှစ်ထောင် ခြံရံ လျက်၊ စံနေတော်မူသတည်း။

ထိုဆဒ္ဒန်ဆင်မင်း၏ ကိုယ်တော်ကား အရပ် ရှစ်ဆယ့်ရှစ်တောင် - အလျားအတောင်တစ်ရာ့ငါးဆယ်၊ နှာမောင်း အလျား ငါးဆယ့်ရှစ်တောင်၊ အစွယ်လုံးပတ် တစ်ဆယ့်ငါးတောင်-အလျား အတောင်သုံးဆယ် ရှိ၏။ ချိပ်ရည်ရွှေးရွှေး၊ ယုန်သွေးကမ္ဗလာ၊ သန္တာခေါင်ရန်း၊ ကသစ်ပန်းကဲ့သို့၊ နီမြန်းသော ခြေဖျား,လက်ဖျား,နှုတ်ဖျား,ခံတွင်းလည်း ရှိ၏။ ပုလဲမှုံးပျံ၊ မင်းစံကျူနှစ်၊ ပွတ်သစ်သော ခရုသင်း၊ ငွေလမင်းကဲ့သို့၊ ဖျားရင်း ပတ်ကုံး၊ ရှုမဆုံးအောင်၊ ကိုယ်လုံးလည်း ဆွတ်ဆွတ်ဖြူ၏။ ညိုရွှေနီစက်၊ ပြုံးပြက်ဖြူ မောင်း၊ ရောင်ပေါင်းခြောက်ဖြာ၊ ရှစ်မျက်နှာ၌၊ အဝါလျှံလက်၊ ဝင့်တိုင်းထွက် သောအစွယ်လည်း ရှိ၏။ အခြေလေးဖက်၊ မြီးရွက် စွယ်ထွက်၊ မြေသို့ညွတ် သော၊ သတ္တသုပ္ပတိဋ္ဌိတ၊ ပဝရအင်္ဂါနှင့်လည်း ညီစွာ ပြည့်စုံတော်မူ၏။ မိုးခါ ရွှေဂူ၊ နွေမူညောင်နန်း၊ စံမြန်းလူးလာ၊ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါ၊ ဝဲယာ ရွှေညီ၊ ဒေဝီမယောသီ၊ နာဂီညက်စင်၊ ဆင်မိဖုရားနှစ်ပါးတို့၏အလယ်၌၊ စုံမယ်မြဲ ဖြစ်သတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရံခါ၌၊ သန္တာရိုးတံ၊ မင်းစံရွှေပွင့်၊ ကိုးဆင့်နဝရတ်၊ ဘုံပြာသာဒ်ကဲ့သို့၊ တမွတ်စွင့်စွင့်၊ ပင်လုံးပွင့်သော၊ အင်ကြင်းပင်ပျို၊ မြရွက်ညိုဋ္ဌ၊ ရိပ်ခိုရပ်တဲ၊ ယုယန္တဲ၍၊ ပြိုင်ပွဲ ယင်တော်မူသတည်း။

ထိုအခါ- လက်ယာတော် လေအောက်က မဟာသုဘဒ္ဒါ ဆင်မိဖုရား။ လက်ဝဲတော်လေညာက စူဠသုဘဒ္ဒါမိဖုရား။ နာဂီမယ်နှစ်ပါးလည်း၊ ခစားလျက်ရှိသတည်း။ အလောင်းတော်ဆင်မင်းလည်း၊ အင်ကြင်းပန်းပင်ကို၊ ငွေစင်မကိုဋ်၊ ဦးကင်းဖြင့် တေ့ခိုက်၍၊ ပြိုက်ပြိုက်ကျကြွေ၊ ရွှေနီဖလံ၊ ဝတ်ဆံဝတ်မှုံ၊ အထုံအခိုး၊ ဝန်းကျင်ဖြိုးမျှ၊ ပန်းမိုး ရွာစေတော်မူသတည်း။

ထိုအခါ- စူဠသုဘဒ္ဒါမိဖုရား၏ ကိုယ်ထက်၌၊ သစ်ခြောက်သစ်ခက်၊ ပရွက်ပဆုပ်၊ ခါချဉ်ထုပ်တို့သည်၊ လူပ်တိုင်း ကြွေလာကုန်၏။ မဟာသုဘဒ္ဒါမိဖုရား၏ အပေါ်၌ကား ပုံကြီးနံ့လျှား၊ ရွှေမျက်ပါးကို၊ တစ်ပြားစီလွှာ၍၊ လေညာကလွင့်သကဲ့သို့၊ ပန်းပွင့်, ပန်းငုံ, ပန်းဝတ်မှုံတို့သည်၊ စုပုံကြွေကျလာလေသတည်း။

ထိုအခြင်းအရာကို၊ စူဠသုဘဒ္ဒါမိဖုရားမြင်လျှင်၊ 'ဤဆင်မင်းကား၊ ချစ်ခြင်းမညီ၊ မဟောသီခံ၊ ညာရံသဒ္ဒါ၊ သူ့သည်းချာ၌၊ မေတ္တာလုံးလုံးသက်ခဲ့ပြီ။ ငါ့ကို မခင်၊ မကြင်ရုံမျှ၊ မကပါလေ၊ အသရေပျက်၊ သစ်ခက်သစ်ခြောက်၊ ပိုးလောက်ခြွေချ၊ အရှက်ရအောင်၊ ငါ့အား သူ-နှိပ်စက်ခဲ့ပြီ။ သို့စင်ညစ်ကျူ၊ မတော်မှုကို၊ ပြုနှင့်စေကာ၊ အနိစ္စာဝယ်၊ နိဗ္ဗာန်သာအမြဲ၊ သံသရာမှာ၊ ဤခန္ဓာမြဲမည်လော။ အားဆဲ၍ ကြိုးစားလျှင်၊ ဆင်မင်းသားမောင်နှံတို့၊ ခံနိုင်မည်မဟုတ်။' ဟု၊ မျက်ကြုတ်ကဲမိုး၊ ရှက်အားကိုးနှင့်၊ ရန်ငြိုးဖွဲ့မိမှားသတည်း။

တစ်ကြိမ်မှာလည်း၊ အိုင်သာ သက်ဆင်း၊ ရေသဘင်ကျင်းသည်တွင်၊ ဝင်းဝင်းနီလျှပ်၊ ပွင့်ချပ်ခုနစ်လွှာ၊ ပဒုမ္မာလွှာ၊ ပဒုမ္မာဇာတ်၊ သတ္တာပ္ပလ၊ ကြာမှုံရွှက်ို၊ ရသောအခါ၊ ဝတ်ညှာဝတ်ဆံကို၊ နှာတံဖြင့် သယ်ပြီးလျှင်၊ ထိပ်ထက်ဦးကင်း၌၊ လေညင်းမှုတ်ဖျန်း၍၊ ကြာပန်း ဖြန့်ကြဲတော်မူလေသည်။ အကြွင်းဖြစ်သော

ကြာပန်းရတနာကိုလည်း၊ လက်ယာတော်နေ၊ ကြင်ဆွေမဟာ၊ သုဘဒ္ဒါကိုသာ၊ မေတ္တာရှေးရှု ပေးတော်မူလေသည်။ စူဠသုဘဒ္ဒါမိဖုရားမှာ၊ အသနားတော် မခံရ၊ ထိုကာလ၌လည်း၊ ဒုတိယရန်ငြိုး ဖွဲ့လေသည်။

မကြည်ငြိုးထား၊ စူဠသုဘဒ္ဒါ မိဖုရားလည်း၊ ငါးရာသော ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့အား၊ နတ်သုဓာနှင့်တူသော၊ ကြာစွယ်ကြာရင်း၊ ထုံသင်း မွှေးကြည်၊ ကြာပျားရည်တို့ဖြင့်၊ လှူဒါန်းဆက်သပြီးလျှင်၊ ဤသို့ ဆုတောင်း ၏။ 'အကျွန်ုပ်ပြုရသော ဤကုသိုလ်စေတနာကြောင့်၊ ဤခန္ဓာ ပြောင်းကြွ လျှင်၊ လူ့ဘဝလူ့ခေတ်တွင်၊ ကေရာဇမင်းဖျား၏၊ မိဖုရားအကြီး၊ ရှုမငြီးမူရာ၊ ချစ်မငြီးအဂ်ါနှင့်၊ 'သုဘဒ္ဒါ' အမည်တွင်၍၊ ညာပလ္လင်ဘုံပျံ့ဝယ်၊ ရှစ်သောင်း ရွှေ ခြံရံလျက်၊ စံရပါသည်ဖြစ်စေသော။ ဇာတိသရဉာဏ်[၁]ကိုလည်း ရပါစေ သော။ ထိုကာလထိုအခါ၊ ဤဆဒ္ဒန်အိုင်သာဝယ်၊ သုဘဒ္ဒါချစ်ရင်း၊ ဤဆဒ္ဒန် ဆင်မင်းကို၊ သေခြင်းဆိုး သေစေ၍၊ ရောင်ခြောက်ထွေလျှံပတ်သော၊ စွယ် တော်မြတ်အစုံကို၊ စိတ်အာရုံကြံတိုင်းဖြင့်၊ ဖြတ်ပိုင်း၍ ယူနိုင်သည် ဖြစ်စေ သော။' ဟူ၍၊ ပတ္ထနာဆု၊ ပြုပြီးသောအခါ၊ ရေစာမလှမ်း၊ ညှိုးနွမ်းသဖြင့်၊ မမြင့်မကြာ၊ ခန္ဓာပြတ်ကြွေ၊ သေပြီးလတ်သော်၊ မဒ္ဒရာဇ်မင်းကြီး၏ သမီးတော် ရတနာ၊ 'သုဘဒ္ဒါ' နာမံနှင့်၊ စံလွှန်မိန်းမမြတ် ဖြစ်လေ၏။ နောက်အခါ- ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်လျှင်၊ အလွန်ချစ်ခင် လေးမြတ်လေသတည်း။

ထိုအခါ- သုဘဒ္ဒါမိဖုရားသည် 'ဤယခုကား၊ ငါပြုသည့်ကံ၊ အကြံ မျက်မှောက်၊ ဆုတောင်းတိုင်း ပေါက်ပြီ။' ဟု၊ ဝမ်းမြောက် ရွှင်လန်းလေ သတည်း။

တစ်နေ့သ၌ မိဖုရားသည်၊ ခစားမဝင်၊ မရွှင်မပျော်၊ ပွဲတော် မသုံး၊ နှလုံးကျဉ်းမြောင်း၊ စက်လျောင်းညှိုးခွေနေသည်ကို မင်းကြီးမြင်လျှင်၊

---

၁။ ဇာတိသရဉာဏ် = ဘဝဟောင်းကို ပြန်လည်သိရှိသောဉာဏ်။

mgyoe.com

 SAMPLE BOOK 

"အဘယ်မိဖုရား။ ကိုယ်မအီမကျန်း၊ သွေးလေဖြန်း၍၊ ညှိုးမြန်းသလော။ သို့မဟုတ်လျှင်၊ ဆန္ဒလိုအင်၊ မစုံလင်၍၊ ပင်ပန်းသလော။" ဟု မေးတော်မူသည်တွင်၊

"အကျွန်ုပ်အား အာသာငင်ငင်း၊ ချင်ခြင်းစွန်းငြိ၊ တစ်ခုရှိ၍၊ နွမ်းရိညှိုးငယ်ကြောင်း" ကို တင်လျှင်၊

"အသင်မိဖုရား၊အလိုရှိသမျှကို ငါ့အားတင်လော့၊လျင်စွာရစေအံ့။" ဟု ဆို၏။

"အရှင်မင်းကြီး။ အကျွန်ုပ်လိုအင်ကို၊ အတင်ခက်လှပါသည်။ ကျွန်တော်မကိုယ်၊ ကံယွင်းယို၍၊ သေလိုပင် သေပါစေတော့။ ရွှေနန်းကြော့ရှင်၊ ထိပ်ခေါင်တင်ကို၊ အပင်ပန်းရှာ၍၊ ပူဆာတစ်ခု၊ မပြုလိုပါပြီဘုရား။" ဟု စကားပိုနှင့်၊ အလိုစမ်း၍ တင်သည်တွင်၊

"အသက်ပမာ၊ ချစ်ကြင်နာသည့်၊ နန်းညာပလ္လင်၊ ကမ္ဘုရှင်။ လိုအင်ဆန္ဒ၊ ရှိသမျှကို၊ ကာလမရွေး၊ အရေးမထောက်၊ လျှောက်သာလျှောက်။ မိုးအောက်မြေပြင်၊ ဤလူ့ခွင်မှာ၊ လိုချင်သည့် ဝတ္ထု၊ တစ်ခုခု တစ်ရာရာ၊ ဘယ်မှာကေန်၊ ရှိသည်သာ မှန်ပါစေ။ ရန်အသချေ၊ ခံ၍ပင်နေသော်လည်း၊ မသွေမရှောင်၊ နှာရောင်မတွန့်၊ သက်စွန့်လုံ့လ၊ ဥဿာဟဖြင့်၊ အရဆောင်၍ ငါပေးမည်။ နန်းမတောင်ညာ၊ လိုရာရာကို၊ မညာမထောက်၊ စိတ်ရှိတိုင်းလျှောက်လော့။" ဟု ပင့်မြှောက်အားပေး၊ ချစ်ကြိုက်သွေးနှင့်၊ အရေးကုန် လွှဲသည်တွင်၊ မိဖုရားလည်း၊

"ဇမ္ဗူချက်တွင်၊ ပြိုင်ဖက်မမျှ၊ ဘုန်းရောင်ပ,သည့်၊ ကျွန်တော်မသခင်၊ နန်းကြီးရှင်။ တင်ဖွယ်ကိစ္စ၊ အမိန့်တော်ရလေပြီ၊ တင်ရမည် ဖြစ်ပါလျှင်၊ ဤကာသိတိုင်း၌ရှိသော မုဆိုးအပေါင်းတို့ကို နန်းရင်ပြင်၌ စည်းဝေးပါစေလော့။ မုဆိုးတို့စုံခါမှ၊ ကြံပုံရှိသရွေ့ကို၊ ရေမြေ့ရှင်အား၊ သနားတော်ခံပါမည်။" ဟု လျှောက်လျှင်၊ မင်းကြီးလည်း အဝန်းယူဇနာသုံးရာရှိသော ကာသိတိုင်းအတွင်း၌ အလွန်ကျော်စောသော မုဆိုးကြီးခြောက်သောင်းတို့ကို မင်းရင်ပြင်၌ စည်းဝေး

စေ၍၊

"အသင်မိဖုရား။ အများမုဆိုး၊ ကျွန်တော်မျိုးတို့၊ ရိုကျိုးစက်အောက်၊ ငါ့ထံသို့ ရောက်ကြပြီ။ သင်လျှောက်ရင်းစကား၊ ရှိသည်များကို၊ ခြားနားစုံစေ့၊ ငါ၏ရှေ့တွင်၊ တောလေ့ပျော်ပါး၊ မုဆိုးများနှင့်၊ စကားဆက်၍၊ အမြွက်အရိပ် ပြန်တော့လော့။" ဟူ၍ ဆို၏။

မိဖုရားလည်း မုဆိုးတို့ကို

"သင်တို့သည် ဟေမဝန္တာ၊ သာယာဂနိုင်၊ ဆဒ္ဒအိုင်၌နေသော ဆဒ္ဒန် ဆင်မင်းကို သတ်၍၊ စွယ်တော်မြတ်အစုံကို ငါ့အား ဆက်သနိုင်ပါမည် လော။" ဟု မေး၏။

မုဆိုးတို့ကလည်း၊ 'မဆက်သနိုင်ပါကြောင်း' ကို လျှောက်၏။

ထိုမုဆိုးတို့အလယ်၌ အလွန်ကြီးကျယ်မြင့်မားသော သောနုတ္တိုရ်မုဆိုးကိုမြင်၍၊ မိဖုရားသည် မုဆိုး၏အနေအမူ၊ လူပုံနိမိတ်ကြောင့်၊ စိတ်တော်ထဲက၊ လူကဲ ဤသို့ခတ်၏။ 'ဤယောကျ်ားသည် အများနှင့်မတူ၊ အမူကြမ်းခက်၊ ကွဲအက်ညစ်တေ၊ လိပ်ကျောက်ရေနှင့်၊ ဆင်ခြေဖဝါး၊ ထန်းပလပ်ပြားကဲ့သို့၊ ကြီးမားသောဖဝါး ရှိသည်။ မြင်းခေါင်း ကောက်ကွေး၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့၊ တွဲလျားကျသော သလုံးသားလည်း ရှိသည်။ ရိုးဆက် လိမ်ကွေ့၊ မစေ့မစပ်၊ ကျင်ဖုတပ်သကဲ့သို့၊ မသပ်မပယ်၊ ရှုံ့ဖွယ်စသီး၊ အလွန် ကြီးသော ဒူးဆစ်လည်း ရှိသည်။ ဇရပ်ဟောင်း ကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနယ်အိုကဲ့သို့၊ ဖရိုဖရဲ၊ ကြီးကျဲယို့ယိုင်းသော၊ နံကိုင်းနံရိုးလည်း ရှိသည်။ ထန်းဆစ်ကြောဝက်မှင်၊ မဲခင်ကြွက်သိုက်၊ တံမြက်ချေးမှိုက်ကဲ့သို့၊ ဖုတ်သိုက် ထူပျစ်၊ ကောက်ကျစ်လိမ်ရှုပ်သော၊ မုတ်ဆိတ်, ပါးမုန်းလည်း ရှိသည်။ တယ် လူးကုပ်ကွေး၊ ပြောင်းဖူးမွေးကဲ့သို့၊ နီတွေးသောကျင်စွယ်လည်း ရှိသည်။ ခပ်ဝါနီကြန်၊ ကြောင်မျက်ဆံကဲ့သို့၊ လုံးဖန်သိမ်ဖျင်း၊ မျက်နက်ကင်း၍၊ ထွတ် ချင်းခတ်ကြောင်သော မျက်စိလည်း ရှိသည်။ စာသူငယ်ကြား၊ လင်းတနား သကဲ့သို့၊ မုဆိုးများအလယ်တွင်၊ ကြောက်ဖွယ်ကျားတား၊ ကြီးမားမြင့်မောက်

သော ကိုယ်လည်း ရှိသည်။ ဤလူယုတ်လူကြမ်း၊ လူသွမ်းတို့လက္ခဏာနှင့် ပြည့်စုံသော ဤမုဆိုးကို ခိုင်းရသော်၊ ကြံတိုင်းမြောက်ရာ၏။' ဟု၊ နှလုံးသွင်း၍၊ မင်းကြီးအား ပန်ကြားပြီးသော် သောနုတ္တိုရ်မုဆိုးကို ခေါ်၍ အထက်နန်းပြာသာဒ်သို့ တက်ပြီးမှ၊ ဆင်မင်းနေရာ၊ ဟေမာတစ်ကြော၊ တော၏အနေအထားကို မြွက်ကြားညွှန်ပြလို၍၊ -

'ဣတော ဥဇုံ ဥတ္တရံယံ ဒိသာယံ၊
အတိက္ကမ္မ သော သတ္တဂိရိ ဗြဟ္မန္တေ။
သုဝဏ္ဏပဿော နာမ ဂိရိဥဋ္ဌာရော၊
သုပုပ္ဖိတာ ကိ° ပုရိသာနုစိဏ္ဏော။ ။'

တိံသနိပါတ် ဆဒ္ဒန္တဇာတ်ပါဠိတော်

- အစရှိသော ၇ ဂါထာကို ရွတ်၏။

ထိုဂါထာတို့၏ အဓိပ္ပာယ်ကား-

''ငါးစီးဆင်ပြောင်၊ အားကိုဆောင်သော၊ အမောင်သောနုတ္တိုရ် မုဆိုး။ ယခုငါစံသည့်၊ ကြာယံလေသွန်၊ သလွန်နှင်းသောက်၊ ပြာသာဒ်ပေါက်က၊ မြောက်ကိုတူရူ သွားလေတော့။ လူ့ရပ်ရွာစွန်၊ လူနေကိုလွန်မိ၍၊ ယောဇဝန်စာရင်းပါ၊ ယူဇနာသုံးဆယ်လောက်၊ ခရီးရောက်လျှင်၊ ခြောက်ထပ်သောတောင်ငယ်၊ ပိတ်ကွယ်ကာဆီး၊ တောကြီးလည်း ဆယ့်တစ်တန်၊ အလုံးကိုလွန်မိမှ၊ ဆဒ္ဒန်အိုင်မြတ်ကို၊ ရံပတ်ပိတ်ဖုံးသည့်၊ ခုနစ်လုံးတောင်ထပ်သို့၊ သင်ကပ်မိလေအံ့။ ထိုတောင်စဉ်ခုနစ်လုံးတွင်၊ အတွင်းဆုံးအစွန်က၊ 'သုဝဏ္ဏပဿ'၊ အမည်ရသော၊ ကဥ္စနဂိရိ၊ ရွှေတောင်ကြီး ရှိလေ၏။ မိုးထိစွင့်စွင့်၊ အမြင့်လည်းခုနစ်ယူဇနာ၊ တောင်ထိပ်သို့ရောက်ခါသော်၊ အောက်မျက်နှာတည့်တည့်၊ အတွင်းသို့ ကြည့်လေတော့။ မြ၏အရောင်၊ မျက်စဉ်းတောင်ကဲ့သို့၊ တစ်ထောင်သော မြစ်ပျဉ်းလည်း၊ စပ်လျဉ်းယှက်တင်၊ လိုဏ်ဥမင်ကဲ့သို့၊ ဝန်းကျင်သာခေါင်၊ ညိုညိုမှောင်သို့၊ ပညောင်ပင်ကြီး မြင်လိမ့်မည်။

''ထိုညောင်ပင်ကား၊ သခင်သက်နှင်း၊ ဆဒ္ဒန်မင်းသည်၊ ပူပြင်းသောထွေ၊

ဥတုနွေဦး၊ ရေမှလာသော်၊ အေးစွာမွေ့ညက်၊ ပန်းရက်ရောပြွံ၊ လေညင်းခံ စံတော်မူရာ အရပ်တည်း။

''တစ်ရံတစ်ခါလည်း၊ သန္တာရိုးတံ၊ ဝတ်ဆံရွှေဆင်း၊ ထိန်ထိန်ဝင်းသော၊ အင်ကြင်းပင်ကြီး၏အရိပ်၌၊ မဟာသုဘဒ္ဒါ၊ ကြင်ရာသက်ဝေ၊ ညာမဟေနှင့်၊ မကွေယှဉ်နွှဲ၊ ပန်းဝတ်ကြဲ၍၊ ပျော်ပွဲစံတော်မူသတတ်။

''မိုးသောက်သမယ၊ နံနက်ထသော်၊ မဟာသုဘဒ္ဒါ၊ သူ့ကြင်ရာကို၊ မင်္ဂလာသဘင်၊ ရှေ့ဖျားတင်၍၊ ဆင်ရှစ်ထောင်တပ်၊ ဝဲ,ယာ ညှပ်လျက်၊ ရေသပ္ပာယ်အံ့သောဌာ၊ အိုင်သာသို့ သက်ဆင်း၍၊ သန့်ရှင်းရေမိုး၊ ချိုးတော်မူပြီးမှ၊ 'ဝိသာလမာလက' အမည်ရှိသော၊ တိတိလွင်သာ၊ မွှေ့ရာပန်းဖြန့်၊ သန့်သော အရပ်သို့၊ ချဉ်းကပ်တော်မူပြီးလျှင်၊ ရေသီးရေပေါက်၊ ခန်းခြောက်ကုန်စဲအောင်၊ နားနေမြဲအစဉ် ဖြစ်သတည်း။

''ဤသို့လျှင်၊ လမ်းစဉ်ဖြောင့်မတ်၊ ကာသိရပ်မှ၊ ဆဒ္ဒန်အိုင်ရောက်၊ တစ်လျှောက်တောမြိုင်၊ ထုံးအိုင်ချောင်းမြောင်၊ မြစ်တောင်ဖီလာ၊ ကမ်းကန္တာ ကို၊ ငါမှာသည့်တိုင်း၊ မဆိုင်းစွန့်စား၊ သင်မုဆိုး သွားပါလေ။

''မတားထုတ်ချောက်၊ ရောက်လျှင်ရောက်ချင်း၊ ဆိပ်တောက်ပြည့်ဝ၊ မြားစိန်ခွနှင့်၊ မိဘဒ္ဒလင်၊ ဆဒ္ဒန်ဆင်ကို၊ အရှင်လတ်လတ်၊ ခွင်းပစ်သတ်၍၊ စွယ်တော်မြတ်နှစ်ဆူကို၊ ဖြတ်ယူ ငါ့အား ဆက်ပါလော့။

''စွယ်တော်ရှင်ကို၊ လိုချင်သည့်ကိစ္စမှာ၊ ပပလွှားလွှား၊ မိဖုရားဓမ္မတာ၊ မာယာထွေပြား၊ အားတိုင်းစုံနဲ့၊ လင်ကိုနွှဲ၍၊ အကြောင်းမဲ့လိုချင်သည်မဟုတ်။ နောက်အနန္တရ၊ ဘဝသန္တာန်က၊ ဤဆဒ္ဒန်မင်းသားသည်၊ တရားချွတ်ယွင်း၊ မင်းကြီးတန်မဲ့၊ မျက်နှာငဲ့၍၊ အရွဲ့ကြဲလျက်၊ သူနှိပ်စက်သည်ကို၊ အဖက်မမျှ၊ ငါခံရသည့်၊ ဒုက္ခ အလွန်ကြီးခဲ့၏။ သူ့ကြင်ရာတော်၊ ညာကျော်ခင်မ၊ မိဘဒ္ဒါ အားရအောင်၊ ငါ့အသရေ၊ ယုတ်စေသဖြင့်၊ မတရားကျင့်ခဲ့သည့်၊ ဆင်မင်း၏ အမှု၊ ယနေ့ပင် ပြုသကဲ့သို့၊ ရင်ထုမနာ၊ ပူဆာညှိုးချုံး၊ ဖြေမဆုံးအောင်၊ နှလုံး ခုတိုင် တုန်သေးသည်။

mgyoe.com

''ဤရန်ငြိုးကို၊ ထမ်းပိုးတခုလပ်၊ ရန်ကြွေးဆပ်လို၍၊ စိန်တပ်စဉ်းသွား၊ ဆိပ်လူးမြှားနှင့်၊ သင့်အားအသတ် ငါစေသည်။

''ငါ၏စိတ်ခံ၊ အကြံဆုတောင်း၊ ပြည့်မြောက်ကြောင်းကိုလည်း၊ ရှင်ကောင်း ပစ္စေကဗုဒ္ဓါ၊ ဆရာတို့ထံ၊ ဒါနကံဖြင့်၊ အကြံပြည့်မှု၊ လှူဒါန်းပြု၍၊ အောင်ဆုရပြီး ငါဖြစ်သည်။ ယင်းသို့ဖြစ်၍၊ သင်မုဆိုးအား၊ စိုးရိမ်စုမသင့်၊ အခွင့်ခပ်သိမ်း၊ ငြီးငြိမ်းပါလိမ့်မည်။

''ငါခိုင်းစေသည်ကို၊ မသွေမလှန်၊ အမြန်သွား၍၊ ကြိုးစားအမှုထမ်းပါလော့။ အမောင့်အားလည်း၊ စီးပွားအသစ်၊ တစ်နှစ်ခွန်နက်၊ တစ်သိန်းစီ ကွမ်းဖိုးထွက်သော၊ ကျေးလက်ကြီးစွာ၊ ရွာငါးရွာကို၊ သေချာမှတ်ထား၊ နိမိတ်ခြား၍၊ ပိုင်စားကံကျွေး၊ ခံစိမ့်မည်။'' ဟူ၍၊ လူမိုက်လူဆိုးကို၊ မိုးထိအောင် မြှောက်ကော်၍၊ အမိန့်တော်ရှိသည်တွင်၊ မုဆိုးငနွား၊ ဝမ်းပန်းပါး၍၊ 'သွားပါမည်' ဝန်ခံပြီးလျှင်၊ မိမိအိမ်သို့ ပြန်လေ၏။

ခုနစ်ရက်မြောက်၊ မိုးသောက်အခါ၊ သချ်ာပမာဏ၊ တစ်ကုဋ္ဌဖွဲ့၊ နှစ်ဆဲ့ခုနစ်တင်၊ နှစ်စိတ်ဝင်သော သားရေအိတ်ကြီးထဲသို့၊ ပဲကွပ်, ပုဆိန်, ပေါက်တူး၊ ဆောက်, စူး, ဓားမ၊ လွကြီး, လွငယ်၊ မယ်နသံချိတ်၊ မြက်ရိတ် တံစဉ်ကောက်၊ ကျောက်ဆူးအတူ၊ ကက္ကူ ခက်ရင်း၊ တံသင်း, လက်ရိုက်၊ မီးတိုက်ဆုံကျေ၊ သားရေလွန် ငယ်,ကြီး၊ သားရေထီးမိုးကာ၊ ဆင်ခွာဖိနပ်၊ အရပ်ရပ်တန်ဆာ၊ စားရိက္ခာမကြွင်း၊ ထည့်သွင်းပြီးလျှင်၊ တစ်ကုဋ္ဌဝင်သော သားရေအိတ်ကြီးကို အသာကောက်ယူ၍ ပခုံး၌လွယ်သည်။ ကွမ်းအစ်ငယ် တစ်လုံးမျှသာ လေးသတည်း။

မိဖုရားလည်း၊ မုဆိုးသားကို၊ ရထားနှင့် တင်ပြီးလျှင်၊ မြောက်ခွင်ဒိသာ၊ ဟိမဝါနယ်စပ်၊ လူကင်းရာအရပ်သို့၊ တပ်တာခင်း၍၊ ချက်ချင်း ပို့လိုက်လေသတည်း။

•

ငဒ္ဒသီအို၊ သောနုတ္တိုရ်လည်း၊ ဗိုလ်တစ်ထောင်နိုင်၊ မာခိုင်ကျုန်းခက်၊

လက်နက်လေးမြား၊ ဗယားကြီးစွာ၊ ထမ်းလွယ်ကာလျှင်၊ သင့်ရာသင့်ရာ၊ အိတ်ပါဥသုံ၊ တန်ဆာစုံတို့ဖြင့်၊ ချုံကို ခုတ်ပိုင်း၊ အင်တိုင်းကို ထွင်၊ သစ်ပင်ကို ဖောက်၊ ချောက်ကို ခုန်ကျော်၊ ညွှန်ပေါ် တုံးခင်း၊ ထုံး၊ အင်း၊ မြစ်ရေ၊ ခြားဆီးနေလည်း၊ လှေလုပ်၍ ကူး၊ အထူးထူးပယောဂဖြင့်၊ ခင်မသုဘဒ္ဒါ၊ မှာလိုက်သည့်အတိုင်း၊ မဆိုင်းမတွဲ့၊ အသက်ကိုမငဲ့ဘဲ၊ တစ်ဆယ့်နှစ်ထပ်သော တောကြီးကို လွန်၍၊ ဆဒ္ဒန်အိုင်တွင်းသို့၊ ကျော်နင်းပေါက်ရောက်လေသတည်း။ မုဆိုးမိစ္ဆာ၊ စွန့်စား၍လာခဲ့သော၊ ဗာရာဏသီမြို့ထွက်၊ ရက်ကိုစစ်လျှင်၊ ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်၊ သက်သက်သို့စင် ကြာသတည်း။

ဆဒ္ဒန်အိုင်တွင်းသို့၊ သက်ဆင်းမိလျှင်၊ ဆင်မင်းနေရာ၊ အလာအသွား၊ အထားအနေ၊ ရေဆင်းရေတက်၊ အချက်ချက်ကို၊ ကွယ်ဝှက်ပုန်းအောင်း၊ ချောင်းမြောင်းဆင်ခြင်၊ သိမြင်သောအခါ၊ ဝိသာလမာလကအရပ်တွင်၊ ဥမင်ပေါင်းကူး၊ မြေကိုတူး၍ မြားဦးစိန်ရွက်၊ ဆင်မင်းချက်နှင့်၊ ချိန်လျက်ထုတ်ချောက်၊ အထက်က ဖောက်ပြီးလျှင်၊ ဒေါက်ချာဆံကျစ်၊ ဖန်နှစ်နီမြန်း၊ သင်္ကန်းရဲရဲ၊ ဆင်ဝတ်လဲ၍၊ လည်ဆွဲပုတီး၊ တရပတ်ကြီးများနှင့်၊ မထီးသီလဝင်၊ တကယ့်ရှင်ကဲ့သို့၊ ဥမင်ထောင့်က၊ သူကောင်းသားကြီး၊ 'အနုကြမ်းစီးမည်' ဟု၊ အပြီးစောင့်လျက် နေလင့်၏။

ပုဒ်ဝသေ၊ တစ်နေမိုးသောက်၊ နက်ဖြန်ရောက်သော်၊ ပြောင်ပေါက်ရတနာ၊ လောင်းမြတ်စွာသည်၊ မဟာသုဘဒ်၊ သတ်မှတ်ကြည်နူး၊ ရွှေများမှူးကို၊ တပ်ဦးတင်တော်မူပြီးလျှင်၊ ရှစ်ထောင်မာတင်၊ ဆဒ္ဒန်ဆင်တို့ကို၊ သေနင်္ဂဗျူဟာ၊ ပဒုမ္မာပွင့်ချပ်၊ ယှက်စပ်ဦးကင်း၊ တပ်ကြီးခင်းလျက်၊ အိုင်တွင်းသို့ သက်တော်မူလေသတည်း။

သက်ပြီးလတ်သော်၊ ပန်းဝတ်ရောထွေး၊ အိုင်ရေအေးကို၊ လျှော်ဆေးဖြိုးဖြိုး၊ သွန်းချိုးသုံးဆောင်၍၊ မိုက်ခေါင်ကြီးနေရာ၊ ဝိသာလမာလကာ၊ ဌာဝရအရပ်သို့၊ ချဉ်းကပ်နားနေရာ၊ ကိုယ်အင်္ဂါအစိတ်မှ၊ လျှောဖိတ်သော ရေစက်သည်၊ ချက်တော်ကစုဆင်း၍၊ မြားတွင်းသို့ ဝင်ပြီးလျှင်၊ မုဆိုးကြီးမျက်နှာသို့၊

ဖြောင့်စွာ စီးကျလေသတည်း။

မုဆိုးအနရိယာ၊ တောတံငါလည်း၊ 'အခါအခွင့်၊ ဤယခုသင့်လှပြီ။ ခံတွင်းအပါး၊ မုတ်ဆိတ်ကြားမှာ၊ ပျားလာ၍ စွဲချေမှုကို၊ မခဲမငြိုး၊ မြဲရုံသာ လိုတော့သည်။' ဟု၊ ဗိုလ်တစ်ထောင်တင်လေး၊ ဧရထေးကို၊ ကွေး၍ ကွင်း အောင်၊ အပြင်းငင်၍၊ လျင်လှသောမြားဟုန်ဖြင့်၊ အားကုန်လွှတ်လိုက်လေ သည်တွင်၊ ဆင်မင်းချက်ကို၊ မြားစက်လျှပ်လျှပ်၊ စိန်သွားဟပ်၍၊ သည်းချပ် အူမ၊ မွမွပြတ်ကြွေ၊ ထောင်းထောင်းကြေအောင်၊ နှောက်မွှေကုန်စင်၊ ကျောက် ကိုထွင်၍၊ ကောင်းကင်သို့ မြားတက်လေသတည်း။

ဆင်မင်းဖျားလည်း၊ မြားထိသောဒဏ်၊ ပြင်းထန်ဆူလှိုက်၊ ခိုက်ခိုက် တုန်မျှ၊ နာကျင်လှသောကြောင့်၊ သကလဝန်၊ တောင်ယံပတ်ကုံး၊ တောအလုံး ကို၊ ရိုက်ချိုးမြည်ဟီး၊ ပွဲတင်ဟီးလျက်၊ သံကြီးငေါ်ငေါ်၊ သုံးကြိမ်ကြော်၍၊ ဟစ်အော် ညည်းညူတော်မူသတည်း။

သုဘဒ္ဒါမိဖုရားခေါင်နှင့်၊ ရှစ်ထောင်သောဆင်အပေါင်းတို့သည်၊ ဘုရား လောင်းအသံကိုကြားလျှင်၊ ကြောက်အားသည်းစွာ၊ ကျာကျာအော်မြည်၊ သုန်သုန်လည်လျက်၊ ရှေ့တည်မိရာ၊ ပြေးခွာပြီးမှ၊ အကြံရ၍၊ 'တို့ဘုရားရန်သူ ကို၊ ဖမ်းယူသတ်ညှစ်မည်' ဟု၊ ပတ်လည်တောတောင်၊ မိုးခေါင်ပျံတက်၊ ပတ်ပတ်ညက်မျှ၊ ရှာဖွေကြစဉ်၊ ခင်မ မဟာ၊ သုဘဒ္ဒါမူ၊ သည်းချာသက်နှင်း၊ ဆဒ္ဒန်မင်းကို၊ ကိုယ်ချင်းမှီကပ်၊ အသာအပ်၍၊ တန့်ရပ်ထူထောင်စေသတည်း။

ဆင်မင်းဘုန်းကြွယ်၊ ဗောဓိနွယ်လည်း၊ မယ်သုဘဒ္ဒါ၊ သာယာအေး အေး၊ ကိုယ်ငွေ့ပေးလျက်၊ ဖေးကာမ,၍၊ ယုယသိုက်မြိုက်၊ နှာမောင်းဖြင့် ပိုက်ရာတွင်၊ အဟိုက်ပြေ၍၊ နေသာရုံ ရှိတော်မူသတည်း။

ထိုပြီးတစ်ထောက်၊ အကြံတော်ပေါက်သည်မှာ နောက်ထပ်၍တစ်ခါ၊ မြားချက်လာချေက၊ သုဘဒ္ဒါမိဖုရားကို၊ ထိပါးဖွယ်မြင်သောကြောင့်၊ နှင်တော် မူလို၍၊ ''အို-အဘယ်သုဘဒ္ဒါ။ ဆင်တကာမူ၊ ငါ့ရန်သူကို၊ ဖမ်းယူရှာမည် သွားကြသည်။ သင့်မှာတစ်မူ၊ ငါ့ရန်သူနှင့်၊ စိတ်တူညီညာ၊ ကြံဖက်ပါ၍၊

 mgyoe.com SAMPLE BOOK 

မရှာမလိုက် နေသလော။'' ဟု မိန့်တော်မူသည်တွင်၊ သုဘဒ္ဒါမိဖုရားလည်း၊ ချစ်အားထက်ပင်၊ ကြောက်အားဝင်၍၊ ဆင်မင်းမြတ်ကို၊ သုံးပတ်လက်ယာရစ်၊ ပုဆစ်နှိပ်ကျိုး၊ ရှိခိုးပြီးသော်၊ သွယ်စီးဖြိုင်ဖြိုင်၊ မျက်ရည်အိုင်နှင့်၊ အနိုင်သာခွာခဲ့၍၊ အာကာသကောင်းကင်သို့၊ ငယ်လင်ရှိရာ၊ ပြန်ကြည့်ကာနှင့်၊ တက်ရှာတော် မူရလေသတည်း။

ဆင်မင်းဖျားလည်း၊ 'ဤမြားပစ်ချက်၊ အထက်,ရှေ့,နောက်၊ တောင်,မြောက်,ဝဲ,ယာ၊ လာဖွယ်မရှိ၊ အောက်က' ဟု သိလေ၍၊ ဘူမိမြေရပ်၊ ခွာတော်နှင့် ရှပ်သည်တွင်၊ ပျဉ်ချပ်ကျိုး၍၊ မုဆိုးငုတ်တုတ် ပေါ်လေ၏။ ထိုအခိုက်၌၊ ယမ်းတိုက်မီးစ၊ ထိပါးကြသကဲ့သို့၊ ဒေါသပဋိဃတ်၊ ခြောင်းခြောင်းလွှတ်၍၊ သတ်တော့မည်အပြုးနှင့်၊ မုဆိုး၏ဦးခေါင်းကို၊ နှာမောင်းဖြင့် ဆွဲတော်မူလေ၏။

ထိုအခါ၊ တံငါလူလှ၊ အကြံရတည့်၍၊ ကိုယ်ကသင်္ကန်းကို ခွာပြီးလျှင်၊ နှာမောင်းတော်အထက်၌၊ ခေါက်လျှက် တင်လိုက်လေသတည်း။

ဆဒ္ဒန်ဆင်ကောင်း၊ ဘုရားလောင်းလည်း၊ မောင်းမောင်းနီလွင်၊ သင်္ကန်းကို မြင်တည့်လျှင်၊ လေးသချေ်နှင့် ကမ္ဘာတစ်သိန်းပတ်လုံး၊ ဆယ်ပါရမီ၊ စာဂပဉ္စ၊ စရိယသုံးဆင့်၊ ဆည်းပူးကျင့်၍၊ ပွင့်အံ့တျားတျား ဖြစ်ရကား၊ ပွားမိသောအမျက်ကို၊ ချက်ချင်းငြိမ်းစေ၍၊ 'ဤဖန်ရေသင်္ကန်းကား၊ ရဟန်းပရမတ်၊ ဝဋ္ဋကင်းလွတ်သော၊ အရဟတ္တဖိုလ်၏တံခွန်၊ မြတ်မွန်လှပေ၏တကား။ ဤအဝတ်ကို၊ ယွင်းချွတ်ထိခိုက်၊ မမှားထိုက်ပေ၊ ရှိသေမြတ်နိုး၊ ရှိခိုးပူဇော်ထိုက်ပေသည်။ ငါ့ရန်သူကို၊ ငါသတ်လိုလည်း၊ ထိုသူယုတ်၌၊ အမြတ်ခေါင်ထွတ်၊ သင်္ကန်းမြတ်ကို၊ ဝတ်လျှက် ရှိပါချေသည်။ ဘုရားလိုဏ်ခေါင်း၊ အောင်း၍မာန်သွေး၊ ဟောင်သည့်ခွေးကို၊ အရေးပြုငှာ၊ ခွင့်မသာသကဲ့သို့၊ ထိုသူယုတ်အား၊ သတ်မိငြားသော်၊ တရားဂိုဏ်း မလွတ်ရာချေ။' ဟု၊ ရွှေနှလုံးထား၊ ဘုရားတစ်ဆူ၊ မြတ်ထွတ်တော်မူလှ၍၊ ရန်သူမှန်လျှက်၊ မုဆိုးပျက်အား၊ အသက်ကို ချမ်းသာပေးတော်မူလေသည်။

ထို့နောက်မှ၊ မုဆိုးသားနှင့် စကားပြောတော်မူလို၍၊

mgyoe.com

gyoe.com SAMPLE BOOK

'အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝမရဟတိ။ ။
'ယောစ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။ ။
ဥပေတော ဒမသစ္စေန၊ သဝေ ကာသာဝမရဟတိ။'

- ဟူသော ၂ ဂါထာကို ရွတ်တော်မူ၏။

အဓိပ္ပာယ်ကား -

'အချင်းမုဆိုး။ အကြင်သူသည် ကိုယ်တွင်း၌ 'ကိလေသာတည်း' ဟူသောဖန်ရည် အပြည့်ရှိ၏။ ဣန္ဒြေကို ဆုံးမခြင်း, သစ္စာစောင့်ခြင်းမှကင်း၏။ ထိုသူယုတ်သည် ဖန်ရည်စွန်းသောသင်္ကန်းကို မဝတ်ထိုက်။

'အကြင်သူမြတ်သည်ကား ကိုယ်တွင်း၌ရှိသော ကိလေသာကို စင်ကြယ်စွာ အန်ထုတ်အပ်၏။ ဣန္ဒြေကို ဆုံးမခြင်း, သစ္စာစောင့်ခြင်းလည်း ပြည့်စုံ၏။ စတုပါရိသုဒ္ဓိ သီလလေးပါး တို့၌လည်း ကောင်းစွာတည်၏။ ထိုသူမြတ်သည်သာ ဖန်ရည်စွန်းသောသင်္ကန်းကို စင်စစ် ဝတ်ထိုက်၏။' ဟူသတည်း။

ထို့နောက်မှ ''အချင်းမုဆိုး။ လူမျိုးတကာ၊ ကြံငှာမရဲ၊ ကြံဝံ့ခဲသော အကြံကိုကြံ၍၊ ငါ့ထံရောက်ဝင်၊ ငါသို့ဆင်ကို၊ အရှင်လတ်လတ်၊ သင်သတ်သည့်အကြောင်းကား၊ ဘယ်အကျိုးထူး၊ ကျေးဇူးကြီးမား၊ သင်၌ ပွားမည့်ကြောင့်၊ ငါ့အား သင် သတ်ရက်သနည်း။'' ဟု မေးတော်မူ၏။

မုဆိုးလည်း ''ဆင်မင်းသခင်၊ ထိပ်ခေါင်တင်။ လူအိုမုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့်၊ သတ်ရသည် မဟုတ်ပါ။ ကာသိမင်း၏၊ သက်နှင်းတောင်ညာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊ မြမရှား စိန်မရှား၊ အလွန်ပင်များသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်မှ ယန်လိုသည်။ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း၊ နားဝယ်လက်မခံ၊ 'ညှီစော်နံသည်' ဟု၊ ရွံသတဲ့ဘုရား။ ထိပ်ထားဘုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုသာ၊ နားတောင်းပွတ်၍၊ ဆင်ဝတ်

mgyoe.com SAMPLE BOOK

တော်မူလိုသည်။ 'ဆဒ္ဒန်ဘုန်းကြွယ်၊ ကိုယ်တော်မြတ် အစွယ်ကို၊ နားဝယ် လှလှ၊ မဆင်ရလျှင်၊ စိတ်ချပေရော့၊ သူသေပါတော့မည်ဟု၊ ရွှေနန်းကြော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍ အသော့၊ ငိုပါရော့သည်ဘုရား။

"ပင်ပန်းလှိုက်ဖို၊ သူ့မယား ငိုတည့်လျှင်၊ ဟိုလူကြီးက၊ ပျာယီးပျာယာ၊ ပဇာအရေး၊ မတွေးမမြော်၊ ကျွန်တော်ကိုခေါ်ပြီးလျှင်၊ 'ဟဲ့နော်လုဒ္ဒက၊ ဆင်စွယ်ကိုမရလျှင်၊ ဇီဝနတ္ထိ၊ နင်သေမည်သိစို့' ဟု၊ မင်းသမီးမာန်စွဲနှင့်၊ အံခဲ၍ မိန့်ရာတွင်၊ ခုသေမလောက်၊ ကျွန်တော်မျိုး ကြောက်လှ၍၊ ဓားအောက် ကသာ၊ အနိုင်ခွာပြီးမှ၊ 'တောမှာပင် သေသေ၊ ဖြစ်လိုရာဖြစ်စေ' ဟု၊ 'မသွေ မဖောက်၊ ဆက်ပါမည်' လျှောက်သည်တွင်၊ နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးကံကျွေး၊ ငါးရွာစားပေးပြီးလျှင်၊ ကျေးဇူးရှင်မ၊ သူ့ကိုယ်တိုင်လမ်းပြ၍၊ ဘုန်းဘုရားစွယ်တော်မြတ်ကို၊ အဖြတ် ကျွန်တော် လာပါသည်။

"အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက်သားအနက်တွင်မှ၊ ကံကွက် ကျား၍၊ 'ငမိုက်သားမုဆိုးလေ၊ နင့်ချည်းပင် သေပေတော့' ဟု၊ ငွေတောင်ကြီး အဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော်အားသတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရုဏာရှေးရှု၊ လွှတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါတော့မည်ဘုရား။" ဟု တောင်းပန်လျှင်၊

အလောင်းတော်မြတ်၊ ဗောဓိသတ်လည်း၊ လောကတ္တယ၊ ဘဝပါရဂူ၊ နီးတော်မူသောကြောင့်၊ ရန်သူပုဂ္ဂိုလ်၊ သောနုတ္တိုရ်အား၊ ရွှေကိုယ်တော်ဖွား၊ ရင်နှစ်သားကဲ့သို့၊ သနားစုံမက်၊ အသက်ကို ချမ်းသာပေးတော်မူပြီးလျှင်၊

"အသင်မုဆိုး။ သင့်စကားတွင် မိဖုရားသုဘဒ္ဒါ၊ အရိပ်ပါသောကြောင့်၊ ငါစဉ်းစားမိ၊ စင်စစ်သိပြီ။ ဤမိဖုရားသည်၊ အခြားသူ မဟုတ်။ ငါ၏သက်မျှ၊ ရှုဋ္ဌသုဘဒ္ဒါ၊ ရတနာရောင်ချိပ်၊ ဘွဲ့ရွှေလိပ်နှင့်၊ ညောင်ရိပ်စံမြန်း၊ ကြင်မခန်း သည့်၊ မြောက်နန်းဒေဝီသင်း ဖြစ်သည့်။

"ငါ့အစွယ်ကို၊ နားဝယ်သရန်၊ ဆင်လိုပဲ့ာန်နှင့်၊ ကြံဖန်၍ မြော်သော်

mgyoe.com SAMPLE BOOK

လည်း၊ သဘောမဟုတ်လှပေဘူး။ ဆဒ္ဒန်စွယ်ကို၊ အကယ်၍လိုဘိမူ၊ အဟို ရှေးက၊ ဘေးတော်, ဘိုးတော်၊ ခမည်းတော်ဘုရား၊ ဆင်မင်းဖျားတို့၏၊ ခြောက်ပါးရောင်ဟုံ၊ စွယ်တော်စုံကို၊ နိတုံဇမ္ဗူ၊ ဤရွှေဂူ၌၊ သိမ်းယူသိုထား၊ ရှိကြောင်းများကို၊ ထင်ရှား သင်း သိလျက်တကား။

"ငါ၏ကိုယ်၌၊ မဆိုလောက်ဖွယ်၊ အမြစ်ငယ်ကို၊ ကြီးကျယ်ဝတ္ထု၊ ရန်ငြိုးပြု၍၊ ယခုငါ့ကို၊ သေစေလိုသောကြောင့်၊ ထိုထိုပရိယာယ်၊ ဝေဝုစ်လှယ် လျက်၊ ဆင်စွယ်နားပန်၊ ဆင်လိုဟန်များနှင့်၊ ဉာဏ်ဝက်န္တ၊ ယုတ်မာလှသော၊ အမိုက်မအတတ်၊ သင်းကြံ၍ သတ်သည်ကား၊ ဆတ်ဆတ် မုချမှန်တော့သည်။

"သို့စင်မျှလောက်၊ မထောက်မဆ၊ ကြံရက်သည့်မိန်းမအား၊ မရသရွေ့ သူ မမေ့ရာပြီ။ ရှေ့သို့သံသရာ၊ ဖြစ်တိုင်းမှာပင်၊ လောင်စာရန်ငြိုး၊ မီးဆက်၍ ပျိုးမည်ကြောင့်၊ မိန်းမဆိုးအမုန်း၊ သည်ဘဝတွင်၊ သည်မျှနှင့် တုံးစေတော့။ တောပုန်းချုံလျှိုး၊ သင်မုဆိုးအားလည်း၊ ဖြိုးဖြိုးကြွယ်ဝ၊ မင်းဆုလာဘ်ရစေ တော့။ နန်းမတောင်ညာ၊ သုဘဒ္ဒါတို့၊ မလာကြခင်၊ စွယ်တော်ရင်ကို၊ လျင် လျင်ဖြတ်ချိုး၍၊ သင်မုဆိုးစိတ်ရှိတိုင်း ပြုပါလော။" ဟု၊ ခွင့်ပေးတော်မူလျှင်၊ မုဆိုးပေတလူ၊ အခေါက်ထူလည်း၊ သူနှင့်ဆင်မင်း၊ ရန်ဖက်ချင်းကဲ့သို့၊ ချက်ချင်း ထကြွ၊ ကများ ကတည့်၍၊ လွှကြီးကို ကိုင်လျက်၊ ဖြတ်မည်ဟု တက်သော် လည်း၊ မတက်နိုင်ချေ၊ ပန်းဟိုက်၍နေသည်တွင်၊ မြေနှင့်ကွက်ကာ၊ ဦးခေါင်း တော်ညွတ်ရှာ၍၊ ဖြတ်သာအောင် ပြုတော်မူပေ၏။

မုဆိုးညစ်ထေး၊ ငမိုက်ခွေးလည်း၊ လေးစွန်တောင်နှင့်၊ အာပေါင်ကို လှန်၊ ဒိုင်းထောက်၍ ကန်ပြီးလျှင်၊ ထက်သန်မြမြ၊ ကြောက်မက်ဖွယ်လွှကြီးနှင့်၊ အာစကို ဖြတ်တိုက်၊ ဦးနှောက်သို့ ခိုက်လုအောင်၊ အလျားလိုက် ထိုးသွတ်၊ စွယ်ရင်းကို ပွတ်သည်တွင်၊ ပေါက်လွတ် ဗရပ္ပာ၊ ကန်ကျိုး၍ လာသကဲ့သို့၊ အာခံတွင်းမှ၊ သွေးချောင်းကျလျက်၊ ဒုက္ခဝေဒနာ၊ ကြီးစွာဖြစ်တော်မူလေ၏။

အစွယ်တော်မြတ်မူကား၊ ပြတ်မည်ကို ဝေးစွ၊ အရာမျှမထင်။ ပန်းပင် ဖုတ်လှိုက်၊ မုဆိုးလည်း ဟိုက်လှပြီ။ သုံးတိုက်လုံးနတ်၊ ဆင်မင်းမြတ်လည်း၊

mgyoe.com SAMPLE BOOK

ဥပဒ်ကြီးစွာ၊ ဝေဒနာကို၊ ပညာဖြင့် သိမ်းဆည်း၍၊ သည်းညည်းခံတော်မူပြီးလျှင်၊

"အသင်မုဆိုး။ ငါကိုယ်တော်လည်း၊ ညှိုးရော်နာကြည်း၊ ခွန်အားနည်းလှပြီ။ သင်လည်း လုံ့လ၊ ဖြတ်တိုက်၍ မရပြီ။ ငါ့အစွယ်မြတ်၊ ရိုးတော်ခတ်ကို၊ ငါဖြတ်၍ လှူတော့မည်။ ကျူငွေတုံးအလား၊ နှာဖောင်းဖျားကို၊ သင်ကား ကိုင်ကြွ ချီမ,၍၊ လွှကို ငါ့အားဆက်ပေတော့။" ဆိုပြီးသော်၊ လွှသံစောင်းကို၊ နှာမောင်းနှင့်ပတ်၊ ကိုယ်တော်တိုင် ဖြတ်ပြီးလျှင်၊ စွယ်တော်မြတ်အစုံသည်၊ နီတုံ့ရောင်စို၊ ရွှေတောင်ကြီးပြိုသကဲ့သို့၊ ပြတ်တိုတုံး၍၊ ဖုန်းဖုန်းမြေသို့ ကျလေ၏။ ထို့နောက်မှ အစွယ်နှစ်ချောင်းကို၊ နှာမောင်းဖြင့်ပွေ့ယူ၊ ချီတော်မူပြီးလျှင်၊ ပေးလှူတော်မူအံ့သော်ငှာ၊ သာယာနာပျော်၊ မုဆိုးကိုခေါ်၍၊ အမိန့်တော်ဤသို့ရှိ၏။

'သမ္မလုဒ္ဒပုတ္တ၊ အဟံ ဣမေ ဒန္တေ တုယှံ ဒဒမာနော နေဝ မယှံ အပ္ပိယာတိ ဒမ္မိ၊ န သက္ကတ္တ, မာရတ္တ, ဗြဟ္မတ္တာဒီနံ သမ္ပတ္တိံ ပတ္ထောန္တော။ ဣမေဟိ ပန မေ ဒန္တေဟိ သတဂုဏေန, သဟဿဂုဏေန, သတသဟဿဂုဏေန သဗ္ဗညုတဉာဏ ဒန္တာဝပိယတရာ။ သဗ္ဗညုတဉာဏ ပဋိဝေဓာယ မေ ဣဒံ ပုည ပစ္စယော ဟောတု။'

"သမ္မလုဒ္ဒပုတ္တ၊ အဆွေမုဆိုးသား။ ဣမေဒန္တေ၊ ဤငါ့အစွယ်တော်စုံတို့ကို။ တုယှံ၊ သင့်အား။ ဒဒမာနော၊ ပေးလှူသော။ အဟံ၊ ငါသည်။ မယှံ၊ ငါ့အား။ အပ္ပိယာတိ၊ 'မချစ်အပ်သောဝတ္ထု' ဟု နှလုံးသွင်း၍။ နေဝဒမ္မိ၊ ငါမလှူ။ သက္ကတ္တ, မာရတ္တ, ဗြဟ္မတ္တာဒီနံ၊ သိကြားမင်း၏အဖြစ်, မာရ်မင်း၏အဖြစ်, ဗြဟ္မာမင်း၏အဖြစ် အစရှိသည်တို့၏။ နဒမ္မိ၊ ငါ မလှူ။ ပန၊ စင်စစ်သော်ကား။ ဣမေဟိ ဒဒန္တေဟိ၊ ဤ ငါ့အစွယ်တော်တို့ထက်။ သတဂုဏေန၊ အဆအရာအားဖြင့် လည်းကောင်း။ သဟဿဂုဏေန၊ အဆအထောင်အားဖြင့် လည်းကောင်း။ သတသဟဿဂုဏေန၊ အဆ တစ်သိန်းအားဖြင့်လည်းကောင်း။ သဗ္ဗညုတဉာဏဒန္တာဝ၊ 'သဗ္ဗညုတဉာဏ်'လည်း ဟူသော အစွယ်တို့ကိုသာလျှင်။ ပိယတရာ၊ အလွန်တရာ သာ၍ ငါချစ်တော်မူ၏။ မေ၊ ငါ၏။ ဣဒံ

mgyoe.com SAMPLE BOOK

ပုညံ၊ ဤအစွယ်တော်ကို လှူရသောကောင်းမှုသည်။ သဗ္ဗညုတဉာဏ ပဋ္ဌိ ဝေဓာယ၊ သဗ္ဗညုတဉာဏ်ကို ရခြင်း၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတု၊ ဖြစ်စေသတည်း။''

ဤသို့သောအမိန့်တော်နှင့်၊ သုံးဖော်ဝဠ၊ ဘုံဘဝဟု၊ သခ်ါရနယ်ဝင်၊ အပင်မဟုတ်၊ စည်းစိမ်စုတ်များကို ရွေနူတ်မြွက်ဟ၊ မတောင့်တဘဲ၊ ဘဝသခ်ါရ၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းရာအမှန်၊ နိဗ္ဗာန်ခေမာ၊ စိုးချုပ်ချာသော၊ မဟာသဗ္ဗညုတ၊ အတုလဉာဏ်တော်၊ ဆုမြတ်ကျော်ကိုသာ၊ မြွက်ဖော်သံရှင်၊ ပန်ဆင်တောင့်တ တော် မူပြီး၍၊ ညီးညီးလျှံဝါ၊ ခြောက်ရောင်ဖြာသော၊ ကိုယ်အင်္ဂါမြတ်၊ စွယ် တော်ဓာတ်တို့ကို၊ နဝရတ်ခြယ်စီ၊ ရွှေစေတီကဲ့သို့၊ ပိုက်ချီယုယ၊ နှာမောင်းဖြင့် မ,ပြီးလျှင်၊ ကြောက်စရာ့သဘက်၊ မုဆိုးကြီးလက်သို့၊ ရက်ရက်လွယ်ကူ၊ အပ်နှင်းတော်မူသဖြင့်၊ ဘူမဏ္ဍလာ၊ စက္ကဝါဠ်ရေမြေ၊ လေအဆုံးရောက်၊ ဘဝဂ် ပေါက်မျှ၊ ထုတ်ချောက်ဝှန်ဆူ၊ နတ်,လူ ကောင်းချီး၊ ပွဲတင်ဟီးစေလျက်၊ အလှူကြီး ပေးတော်မူသတည်း။

ထို့နောက်– မုဆိုးကိုခေါ်၍

''အဆွေတော် သောနုတ္တိုရ်။ မောင်မင်းသခင်၊ ပလ္လင်ညာရံ၊ ရွှေဘုံပျံ မှာ၊ စံပေသည့်နတ်၊ မယ်သုဘဒ်ကို၊ ဆတ်ဆတ်သသော၊ ငါမှာတိုင်း ပြောပါ လေ။ 'တောဟေမာချောင်၊ အိုင်သာခေါင်တွင်၊ ငွေတောင်ကြီးအသွင်၊ ခင်မလင် ကို၊ အရှင်လတ်လတ်၊ သခင်စေ၍ သတ်ခဲ့ပြီ။ စွယ်တော်မြတ်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုလည်း၊ ငှင်းဆင်ကြီး၊ မသေခင်ဖြတ်လှီး၍၊ သွေးစီး သံထွက်၊ နာကျင်စွာနှိပ်စက်၍၊ အသက်ဆုံးစေခဲ့ပါပြီ။ ဤစွယ်စုံကို၊ ရွှေဘုံ သူ့မှန်ကူ၊ သုံးရက်တော်မူသေးလျှင်၊ ရန်သူ၏အစွယ်ကို၊ ရွှေလက်ဝယ် သပါ မည်။ အားရစိတ်ရွှင်၊ ကျေနပ်အောင်စီရင်၍၊ ပြုချင်တိုင်း ပြုတော်မူပါတော့ ဘုရား' ဟု၊ မောင်မင်းသခင်၊ မုန်းပင်စိုက်ပျိုး၊ ပြေချိန်တန်၍မှ၊ မပြေနိုင်ငြိုး တတ်သည့်၊ မုဆိုးတစ်ပိုင်း၊ မိန်းမရိုင်းကြီးကို၊ ငါမှာတိုင်း ပြောပါလေ။

''ထိုမှတစ်ပါးလည်း၊ 'မိဖုရားသုဘဒ္ဒါသည်၊ အိုင်သာဆဒ္ဒန်၊ ဤရေကန်

mgyoe.com SAMPLE BOOK

တွင်၊ ညာရံမဟာ၊ သုဘဒ္ဒါနှင့်၊ ဝဲယာရွှေရံ၊ စံသည်ကာလ၊ ဒေါသအပြစ်၊ အဖြစ်မမြောက်၊ မမုန်းလောက်သည်ကို၊ အဆောက်အဦ၊ အပြစ်ကြီးယူပြီးလျှင်၊ ငြူစူမျက်ဝင်၊ ငါချစ်လင်ကို၊ သင်မိဖုရား၊ သတ်ဖြတ်နိုင်အားပေ၏။ စိမ်းကားမျက်ငြိုး၊ သစ်ယောင်းခက် ချိုးသကဲ့သို့၊ ချစ်ကြိုးဖြတ်ပြေ၊ သင် သတ်ရက်လေသောကြောင့်၊ သင့်သက်ဝေယ်လင်၊ ငါဆဒ္ဒန်ဆင်သည်၊ မြေတွင်တုံးလုံး၊ မြားချက်နှင့် ဆုံးပါပြီ။ ရွှေသုံးရံခြယ်၊ ကြာရိပ်လယ်မှာ၊ ရယ်ကာမောကာ၊ မျက်နှာငွေလ၊ ရွှင်ပပနှင့်၊ ခင်မဝမ်းမြောက်ပါလေတော့။' ဟူသော ဤစကားကိုလည်း၊ မြားဆိပ်မူး၍၊ တောင်လူးမြောက်လည်း(လဲ)၊ နာကြည်းဝေဒနာ၊ မချိရာက၊ မှာတော်မူလိုက်သည်ဘုရားဟု၊ ခြားနားအောင် တင်ပါလေ။

"သင်မုဆိုးသည် ကြိုးစားအားသစ်၍၊ ခုနစ်နှစ် ခုနစ်လ၊ ချင်းကဲ့လာခဲ့ရသော်လည်း၊ ငါ့စွယ်တော်မြတ်၊ ဣဒ္ဓိပါဒ်ကြောင့်၊ လတ်တလောချင်း၊ ခုနစ်ရက်အတွင်း၌၊ မောင်မင်းပြည်သို့ ရောက်လိမ့်မည်။ ဘေးရန်ကာသန်း၊ ပရိတ်ပန်းများကို၊ ငါမန်း၍ ပေးတော်မူလိုက်မည်။ ဆဗ္ဗညုရှာရံသီ၊ ထိန်ထိန်ကျက်သရေ၊ စွယ်တော်စုံအမြုတေကို၊ ရိုသေစွာသင်ထမ်း၍၊ လာလမ်းကိုပြန်လေတော့။" ဟု၊ စေ့ရေကြောင်းလျား၊ မှာထားတော်မူပြီးလျှင်၊

မုတ္တာ မူးချိန်၊ စိန်စီမြကြဲ၊ ရွှေလည်ရွဲကဲ့သို့၊ မခွဲကြချင်၊ လွှန်ကဲစွာချစ်ခင်သော၊ ညာတင်မဟာ၊ သုဘဒ္ဒါကို၊ မြင်ရှာတော်မူချင်သေး၍၊ တရေးရေးရမ်းရော်၊ လာနိုးနိုးမျှော်ဆဲတွင်၊ ကြမ်းချော်ခက်ထန်၊ မြားဆိပ်မွှန်၍၊ ဆဒ္ဒန်ဆင်ကောင်း၊ ဘုရားလောင်းသည်၊ မယားဟောင်းလက်နက်နှင့်၊ အသက်ဆုံးတော်မူရလေ၏။

လူဆိုးလူပျက်၊ ဖုတ်သဘက်လည်း၊ ခြောက်ရက်ခရီးနှင့်၊ ပြည်ကြီးဗာရာ၊ နန်းအောင်ချာသို့၊ လျင်စွာ ဆိုက်ရောက်တည့်လေလျှင်၊ ဝေယန်ညာစွယ်၊ ကမ္ဗလုလယ်၌၊ စံပယ်ပျော်ပါးသော၊ မိဖုရားသုဘဒ္ဒါအား၊ ခြောက်ဖြာရောင်ထင်၊ စွယ်တော်ရှင်ကို၊ ဝင်၍ချက်ချင်း ဆက်လေ၏။ ဆက်ပြီးလတ်

သော်၊ ဆဒ္ဒန်ဆင်မင်း၊ မှာရင်းစကား၊ အကြောင်းများကို၊ မထားမချန်၊ စေ့စုံစွာ ပြန်သည်တွင်၊ ဗိမာန်နန်းဖွား၊ သုဘဒ္ဒါမိဖုရားလည်း၊ စကားရှေ့နောက်၊ ပြန်လှန်ကာ ထောက်လတ်သော်၊ နောက်နောက်ကျိုကျို၊ နှလုံးတော်ရှိလှ၍၊ မဏိခြယ်စီ၊ သီဂီရိုးညှောက်၊ အံ့လောက်ဆန်းပြား၊ ရွှေယပ်မားဖြင့်၊ သနားစိတ်ဝင်၊ ခံယူတင်ပြီးလျှင်၊ ရင်ခွင်တော်၌၊ စွယ်တော်ကို ပိုက်ပြန်၍၊ တစိုက်စိုက်ရှုရင်းပင်၊ ပြုမိသည့်ဖြစ်ထွေ၊ လင်သေသည့်အကြောင်း၊ ဘဝဟောင်းက၊ ငယ်ပေါင်းပီပီ၊ လည်ချင်းမှီ၍၊ နာရဏီခိုင်၊ အင်ကြင်းမြိုင်နှင့်၊ မြစိုင်ပညောင်၊ ရွှေဂူချောင်မှာ၊ ဆွေမောင်နှင့်မယ်၊ ကျီစယ်သမှု၊ ပန်းခိုင်လှု၍၊ ကယုကယင်၊ ချစ်တဲ့တင်လျက်၊ ကြင်ကြင်လည်လည်၊ ပျော်ခဲ့သည်ကို၊ ကြံစည်စေ့စေ့၊ တစိမ့်စိမ့် အောက်မေ့၍၊ တငွေ့ငွေ့ဆင်ခြင်၊ ပူစကိုငင်မိလျှင်၊ ပူပင်လယ်ရေ၊ လှိုင်းဘောင်ဘင်ဝေသောကြောင့်၊ မဖြေနိုင်မဆည်နိုင်၊ သည်းစိုင်လောင်ခြစ်၊ ကျမျက်ရည်ချောင်းဖြစ်အောင်၊ အော်ဟစ်၍ ငိုဆဲတွင်၊ နဂိုဖောက်လဲ၊ ဇာရာမင်းလည်ဆွဲသည်၊ ရင်ကွဲနာနှင့် နတ်ရွာ စံတော်မူလေ၏။

ဆင်မင်းမြတ်စွာ၊ သေလွန်ရာ၌လည်း၊ သုဘဒ္ဒါမိဖုရားနှင့်၊ ပေါက်သားမာတင်၊ ရှစ်ထောင်ဆင်တို့သည်၊ ကောင်းကင်,သမုဒ္ဒရာ၊ ဟိမဝါတောတောင်၊ နှံ့အောင်ရှာ၍ ရန်သူကိုမတွေ့မှ၊ ရှေ့တည်မိရာ၊ ပြန်လာခဲ့ကြ၍၊ ရာဇာဘုန်းလျှံ၊ ဆင်မင်းထံသို့၊ ခြံရံဆိုက်ရောက်ကြသတည်း။

မဟာသုဘဒ္ဒါ၊ ဘွဲ့ခရာနှင့်၊ ညာမဟေသီ၊ ဆွေနာဂီလည်း၊ စေတီငွေတုံး၊ ပျက်ပြိုဆုံးသကဲ့သို့၊ တုံးလုံးလျောင်းစက်၊ လင်သေသည့်အချက်ကို၊ ဉာဏ်သက်၍ ထောက်မြော်သော်၊ စွယ်တော်ကို ဖြတ်ရာ၊ သွေးစက်ရာများနှင့်၊ လက္ခဏာအခန်းခန်း၊ သေပုံတော်ဆန်းလှ၍၊ မြောက်နန်းတော်လက်ကိုင်းဟု၊ ဟုတ်တိုင်းကို တွေးတော်မူမိ၏။

ထိုပြီးနောက်မှ၊ ငွေတောင်မာတင်၊ မိမိလင်ကို၊ ဦးတင်ဝန္ဒနာ၊ ကန်တော့ဌာဖြင့်၊ လက်ယာသုံးပတ်၊ လှည့်ပြီးလတ်သော်၊ ကိုယ်တော်မြတ်အလောင်းကို၊ နှာမောင်းဖြင့်ပွေ့ချီ၊ ကိုယ်ချင်းမှီ၍၊ ထိုဤ သွယ်ဝှံ့၊ မဖွဲ့တတ်ပြီ၊ မပီသနိုင်၊

mgyoe.com SAMPLE BOOK

သည်းပွတ်စိုင်ကို၊ ဖြတ်ချိုင်ကျွမ်းလှန်၊ ရန်ပုံခွင်းမှန်သကဲ့သို့၊ အလွန်ဆွေးပူ၊ ကြေကွဲတော်မူလှ၍၊ ကျုံကျုံသံအိုင်၊ တောကနိုင်ကို၊ တစ်ပြိုင်နက်တည်း၊ ပွဲတင်သံကြည်းစေလျက်၊ လှဲ၍ ငိုတော်မူသတည်း။

ထက်ဝန်းရံဆောင်၊ ဆင်ရှစ်ထောင်တို့လည်း၊ ခေါင်ခေါင်ကျည်ကျည်၊ အော်မြည်လှိုက်ဖို၊ မြေကြီးပြိုမလောက်၊ ထိုဤ ပြေး၍၊ ငိုကြွေးပြီးသော်၊ နန်းမတော်သုဘဒ္ဒါလည်း၊ လိမ္မာရေးခြားသော ဆင်ပေါက်တစ်စီးကိုခေါ်၍၊ ရွှေငွေမြဂူ၊ ပင်မဥ္စူနှင့်၊ နန္ဒမူတောင်မင်း၌၊ သီတင်းသုံးနေသော၊ ပစ္စေကဗုဒ္ဓါ၊ ဆရာသခင်တို့အား၊ အရှင်ဘုရားတို့၏၊ ပစ္စည်းလေးပါးဒါယကာ၊ မဟာဆဒ္ဒန္တာ၊ ပေါက်လှနာဂရတ်၊ ဒကာတော်မင်းမြတ်သည်၊ လောကတ္တယ၊ ဘဝဇာတိ၊ ဝင့်ရှိသေးသူ၊ လူခပ်သိမ်းတို့၊ ရှောင်တိမ်းခြင်းငှာ၊ မတတ်ရာသော၊ ခန္ဓာဘင်၊ မရဏာသဘော၊ ရွှေလျောဖောက်ပြန်၊ ဆုံးသေလွန်၍၊ နတ်ဌာန်လားတော်မူချေပြီ။ ဒကာတော်ဆင်မင်း၏၊ ရုပ်ကြွင်းဝတ္ထု၊ ကလာပ်စု၌၊ အသုဘကမ္မဋ္ဌာန်း၊ စီးဖျန်းတော်မူခြင်းငှာ၊ ဝိသာလမာလက၊ စုံလှပန်းမန်၊ မြေသုသာန် သို့၊ ချာန်ဝသီဘော်၊ စက်ယာဉ်ကျော်ဖြင့်၊ ကြွတော်မူပါမည့်အကြောင်းကို လျှောက်ပါသည်ဘုရား။- ဟူသော အမိန့်တော်ပင့်စာနှင့်၊ "ဒကာတော်မ၊ သဗ္ဗဘဒ္ဒါ၊ မဟာအတုလ၊ နာဂိန္ဒဒေဝီ၊ ဘွဲ့တံဆိပ် နာမံတော်ရှိသော၊ မိဖုရား ခေါင်ကြီးဘုရားက၊ သွား၍ပင့်ချေ၊ ယခုစေသောကြောင့်၊ ခြေရင်းတော်သို့၊ ပင့်ခေါ်မည် ရောက်ပါကြောင်းကို၊ လျှောက်လေ" ဟု၊ စေတော်မူလိုက်၏။

တမန်ဆင်လည်း၊ ကောင်းကင်ကသွား၍၊ ငါးရာသောပစ္စေကဗုဒ္ဓါတို့ကို ပင့်ခေါ်ပြီးလျှင်၊ အလောင်းတော်ခေါင်းရင်းက သီတင်းသုံး နေစေသတည်း။

ထိုပြီးနောက်မှ၊ ပေါက်လှမုန်ယို၊ ဆင်ပျိုနှစ်စီး၊ မာတင်ကြီးတို့သည်၊ စောထီးဘုန်းမော်၊ အလောင်းတော်ကို၊ မြှောက်ကော်ကြပ်မ၊ အစွယ်နှင့်ကြွပြီးလျှင်၊ ပစ္စေကဗုဒ္ဓါတို့၏ ခြေဦးကို၊ ရှိသေညွတ်နိမ်၊ သုံးကြိမ် ဦးခိုက်စေပြီးသော်၊ အကျော်စမ္ပါ၊ နံ့သာကရမက်၊ ထင်းပုံထက်သို့၊ စွယ်ယှက်ကာ ချီတင်

၍၊ စီရင်သင်္ဂြိုဟ်ကြကုန်၏။

ပစ္စေကဗုဒ္ဓါ၊ ရဟန္တာရှင်ပျို၊ ထေရ်ဘုန်းလျှံတို့လည်း၊ ညဥ့်သုံးယံပတ်လုံး၊ စုရုံးညီညာ၊ ဒေသနာပရိယတ်၊ ရွတ်ဖတ်စီးဖြန်း၊ ကမ္မဋ္ဌာန်းအသုဘာ၊ ရှုကြကုန်လျက်၊ လင်းမှပြန်တော်မူကုန်၏။

သုဘဒ္ဒါမိဖုရားနှင့်၊ အများသောင်းသောင်း၊ ဆင်အပေါင်းတို့လည်း၊ ဦးခေါင်းညွတ်ဆိုက်၊ သင်္ချိုင်းကို ဦးခိုက်လျက်၊ ရစ်ဝိုက်လယ်ယာ၊ သင်္ချိုင်းပြာကို၊ နှာမောင်းဖြင့် ယူငင်၍၊ ချစ်ခင်မရဲ၊ ဦးကင်းထက် ကြဲကြလျက်၊ ကန်တော့ပွဲခံပြီးလျှင်၊ ညာစံမဟာ၊ သုဘဒ္ဒါကို၊ "သိင်္ဂါဇမ္ဗူ၊ ရွှေဂူဗိမာန်၊ နန်းဝေယန်သို့၊ ပြန်တော်မူခွင့်၊ အချိန်သင့်ပြီ" ဟု၊ ချီပင့်လျက်၊ သံတော်ဦးတင်ကြကုန်၏။

မိဖုရားမြတ်၊ ဆင်များနတ်လည်း၊ စောထွတ်ဓိမိုင်း၊ လင်သက်နိူင်း၏၊ သင်္ချိုင်းတော်ရာ၊ မြေမျက်နှာကို၊ မခွာတတ်အား၊ မထားခဲ့ရက်၊ ငဲ့ကွက်စောင်းလှည့်၊ ပြန်ကြည့်ကြည့်နှင့်၊ လော်မည့်ရတနာ၊ မျက်နှာမဥ္ဇူ၊ လက္ခဏူကို၊ လွမ်းမြူတိမ်တောင်၊ မြွေးရစ်မှောင်သို့၊ ခေါ်ယောင်မျှော်ကာ၊ ပေါ်လာလိမ့်နိုး၊ ထင်ကိုးဆိုင်းလင့်၊ တဖင့်နွဲ့နွဲ့၊ မျက်ရည်ရွဲနှင့်၊ ပျော်မြဲရပ်ဌာန်၊ ရွှေဂူဗိမာန်၊ နန်းဝေယန်သို့၊ ပြန်ရှာတော်မူရလေသတည်း။

ဤဆဒ္ဒန်ဒေသနာဥ္ဓ၊ မဟာဗောဓိသတ်၊ ဆင်မင်းမြတ်သည်၊ စွယ်တော်နှစ်ဆူကို၊ အမူကြမ်းခက်၊ မုဆိုးလက်သို့၊ ရက်ရက်ရောရော၊ လှူသောအခါ၊ တိရစ္ဆာန်ဖြစ်ပါလျက်၊ ဗြဟ္မာ,လူ,နတ်၊ စည်းစိမ်မြတ်ကို၊ ဝဋ်၏မျိုးစေ့၊ ဖြစ်လေ၍လျှင်၊ တပ်မွေ့စုံမက်၊ မနှစ်သက်သောကြောင့်၊ ဆုမြွက်၍မတောင်း။

၄င်းလောကီ၊ စည်းစိမ်အီကို၊ မညီမနံ့၊ မရွံ့နိုင်ငြား၊ 'ကောင်းသည်' ဟု ခံစားလျှင်၊ ဆယ်ပါးသံယောဇဉ်၊ စပ်ယှဉ်ကပ်ငြိ၊ တိုးပွားဘိ၍၊ ဇာတိမပြတ်နိုင်လေရာ။

ဇာတိဝဋ်သြောက်၊ မကုန်ပျောက်က၊ အဖောက်ဖောက်အပြန်ပြန်၊ အဖန်ဖန်အခါခါ၊ နာလိုက်လား သေလိုက်လား၊ ချားရဟတ်ပုံ၊ ၄ပ်တုံပေါ်ပြန်၊ ဒုက္ခကြီး

 mgyoe.com SAMPLE BOOK 

ဝဲဆန်၍ နိဗ္ဗာန် အလွန်ဝေးချိမ့်မည်။

ဤအဖြစ်ကို၊ စင်စစ်တွေးမိ၊ ဆင်မင်းသိသောကြောင့်၊ လောကီစီးပွား၊ ချမ်းသာများကို၊ ပယ်ရှား စွန့်ပစ်တော်မူသတည်း။

ဤထုံးစံကို နည်းခံစွဲယူ၊ ယခုလူတို့သည်၊ ထောက်ကူမဲ့၊ ရှေးပုည ကြောင့်၊ သာသနအတွင်း၊ အလင်းကြုံဘိ၊ ဒွိဟိတ်၊ တိဟိတ်၊ စိတ်ဝိပါက် ယှဉ်၊ လူစင်ကေန်၊ ဖြစ်သည်မှန်လျက်၊ တိရစ္ဆာန်လောက်မျှ၊ အရိပ်ကို မသိကြ ဘဲ၊ ဒါနကောင်းမှု၊ ပြုကြသောအခါ၊ ဝဋ်ချမ်းသာကို၊ တဏှာလိုက်စား၊ ဆုတောင်းမှားကြလျှင်၊ နာလိုက်လား သေလိုက်လား၊ အမွှားမွှားနှင့်၊ အလျား လိုက်မျော၊ ဆင်းရဲ၍ မောကြမည်၊ သဘောကြီးကြပါစေကုန်။

ထို့ကြောင့်- ကုသိုလ်ကမ္မပထ၊ ပြုသမျှဒ္ဓ၊ သာဝက, ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ၊ ဝဋ်မှဆန်တက်၊ ဆုသုံးချက်ကိုသာ၊ နှုတ်မြွက်ကောင်းကောင်း၊ ရလွယ်ကြောင်းနှင့်၊ ဆုတောင်းမြဲတ်ထွတ် စေရမည်။ ။သဒ္ဓနပုဂ္ဂိုလ်၊ မဂ်, ဖိုလ်ငံ့မျှော်၊ သူတော်သူမြတ်အပေါင်းတို့။

ဆဒ္ဒန်ဆင်မင်းဝတ္ထု ပြီး၏။

❖

mgyoe.com

mgyoe.com SAMPLE BOOK

## ၂-သူအိုမကြီး ဝတ္ထု

### ၅၅၀ ဇာတ်တော်စဉ်-၂၅၄၊ ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်

### ပစ္စည်းနည်းများမဆို ဒါနအကျိုးပြ

သဗ္ဗညုတမြတ်စွာဘုရားသည် သာဝတ္ထိပြည်နေ ဓမ္မိကဥပါသကာ တစ်ယောက်ကို အထောက်အထား တရားသက်သေမူ၍ ဘိက္ခုပရိသတ် ရှင်မြတ်အပေါင်းတို့အား-

'ဣခ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ။
ဒိသွာ ကမ္မဝိသုဒ္ဓ မတ္တနော။ ။'

ဓမ္မပဒပါဠိတော်

- ဟူသော ဓမ္မပဒဒေသနာ ဂါထာပါဠိသားဖြင့် တရားအောင်မောင်း ရင့်ညောင်းခတ်ဆော်တော် မူသတည်း။

ထိုဂါထာ၏ အဓိပ္ပာယ်ကား-

'ဒါနအစ၊ ပုညကိရိယာ၊ ကံဆယ်ဖြာကို၊ သဒ္ဓါဇောသည်းလျက်၊ ပစ္စည်းခမ်းနား၊ နည်းများမရှိ၊ အားနှင့်ညှိ၍၊ ပြုမိသောသူတော်ကောင်းတို့သည်၊ မိမိကုသိုလ်ကမ္မ၏၊ မစ္ဆေရမနော၊ ချောမောစင်ကြယ်ခြင်းကို မြင်၍လည်း

 mgyoe.com SAMPLE BOOK 

ကောင်း၊ ထိုကောင်းမှု၏ ပစ္စက္ခအကျိုးကို မြင်၍လည်းကောင်း၊ ဤပစ္စုပ္ပန် ဘဝ၌ ရှင်ပျံအားတက် နှစ်သက်မွေ့လျော်ရ၏။ တမလွန်၌လည်း ချမ်းသာ သုံးပါး၊ မြတ်စီးပွားကို၊ စံစားမွေ့လျော်ရ၏။ ထို့ကြောင့် 'ကုသိုလ်'မည်သည် ကို ယုံကြည်သဖြင့် ပြုသင့်သည်သာတည်း။' ဟူ၍၊ ဂါထာတော်၌ အာဘော် အဓိပ္ပာယ် ရသတည်း။

ထိုဒေသနာနှင့်အညီ၊ 'ဒါနဆောက်ဦ၊ ဘယ်သို့လှူ၍၊ ဘယ်သူဒါယကာ၊ ဘယ်အခါတွင်၊ သံသရာ,ပစ္စက္ခ၊ နှစ်ဘဝ၌၊ သုခစံစား၊ ပျော်ပါးမွေ့လျော်ရလေ သနည်း။' ဟု အဒိဋ္ဌဇောတနာ၊ ပုစ္ဆာနစ်နော၊ စောကြောဖွယ်ရှိသောကြောင့်၊ တိကနိပါတ်၊ ကုဏ္ဍာကကုစ္ဆိ သိန္ဓဝဇာတ်၏၊ အဋ္ဌုပ္ပတ်နိဒါန်းဖြင့်၊ ဖြေခန်း ပရိဟာရထုတ်၍၊ ပုဂ္ဂိုလ်များစွာ၊ တရားနာတို့အား၊ သိင်္ဂါရောင်လက်၊ ရွှေ နားခွက်၌၊ ဓမ္မစက်ဂမ္ဘီ၊ ခြသေ့ဆီကို၊ ထိုဤတိမ်းပါး၊ မရွေ့ရှားရအောင်၊ တရား မြိုက်ရည် သွန်းလတ္တံ့။

ငါတို့မြတ်စွာဘုရားသည် သာဝတ္ထိပြည်နဂိုရ်၊ ဝါဆိုတော်မူခါ၊ ပဝါရဏာ အပြီးတွင်၊ ခရီးဒေသစာရီ၊ ကြွချီလှည့်ပတ်၍၊ တိုင်းမြတ်ကောသလ၊ ဌာန အောင်ချက်၊ ဘူမိနက်သို့၊ ရွှေစက်တစ်တန်၊ ပြန်လည်တော်မူရာတွင်၊ 'အာဂန္တု ကဘတ်[၁]ကို၊ တတ်စွမ်းသမျှ လှူဒါန်းကြမည်' ဟု ကောသလမင်းနှင့်တကွ၊ များလှပြောထူ၊ ပြည်သူခပင်းတို့သည်၊ အသင်းစုဖွဲ့ယှက်၍၊ သူ့ထက်ကားငါ၊ သူသာငါနိုင်၊ ဂုဏ်ပြိုင်အားပြ၊ စီမံကြ၍၊ မွန်မြတ်လှသော ဘောဇဉ်ခဲဘွယ် တို့ကို၊ ကြီးကျယ်မြားမြောင်၊ လုပ်ဆောင်ပြီးပြေလျှင်၊ ဇေတဝန်ကျောင်းတော် သို့ သွား၍၊ ဓမ္မဃောသကရဟန်းကြီးကလည်း၊ အသီးအသီးသော ဒါယကာ တို့အား၊ ထိုက်လျောက်ရာရဟန်းများကို၊ ညွှန်ကြားပေးအပ်လိုက်လေသည်။

ဇေတဝန်ကျောင်းတော်၌ အဂ္ဂသာဝက၊ ဓမ္မသေနာပတိ၊ သာရိပုတ္တရာ၊

---

၁။ အာဂန္တုကဘတ် = ဧည့်သည်အား ကျွေးသော ဆွမ်းဆိုလိုသည်။

mgyoe.com

မဟာ ထေရ်ကျော်၊ ကိုယ်တော်မြတ်တစ်ပါးသာ၊ ဒကာ မပေါ်၊ ကြွင်းတော်မူလေသတည်း။

ထိုအခါ သာဝတ္ထိပြည်သူ၊ ခေါင်းဖြူဖွေးဖွေး၊ ချင်းသေးထမိအို၊ လက်တိုအင်္ကျီနွမ်းနှင့်၊ အသက်တမ်းခေါင်ခိုက်၍ ပြာဆိုက်အောင် မွဲလှသော၊ ဒါယိကာမကြီးတစ်ဦးသည်၊ မြူးထူးဝမ်းသာ၊ သဒ္ဓါလောက်လုံ၊ ပြည်သူတို့ပြုပုံကို၊ အာရုံသက်ဝင်၊ ဇောပီတိရှင်လှ၍၊ လှူချင်သည့်ဝိတက်နှင့်၊ အသက်ကို မတာတွယ်၊ အရွယ်ကို မရွေး၊ ချွေးတဖြိုက်ဖြိုက်၊ အားတိုက်ခြိုးခြံ၊ အစေခံလုပ်ငန်းဖြင့်၊ ပင်ပန်းစွာကြံစည်၍၊ တစ်ပြည်စ–သုံးခွက်စ၊ ဆန်ကြမ်းမှုကို၊ ရလတ်သောခါ၊ ဝမ်းစာမခြွင်း၊ ဆန်ရင်းကို ဆွမ်းလုပ်၊ ဆန်နုပ်ကို ယာဂုကျို၊ အတိုအထွာ၊ ဟင်းလျာဝယ်ဖို့၊ တချို့ကိုထား၊ ဤသို့အားဖြင့်၊ ကြိုးစားလုံ့လ၊ ဆွမ်းကိစ္စပြီးစေသတည်း။

ထိုအခါ– ဒါယိကာမကြီးသည်၊ ဤသို့မြည်တမ်း၊ "သြော်– ငါအသက်ကြီး၊ သေလုနီးသည်၊ ပျာယီးပျာယာ၊ လှူချင်စွာ၍၊ သဒ္ဓါလှူလှူ၊ ကြိုးစား၍ပြုသောကြောင့်၊ ဆွမ်းမှုပြီးစီးလေသတည်း။ တစ်ပါးသူမှာ၊ အလှူခံရဟန်းကို၊ စုင်နီးဝေငှ၊ ရကုန်ကြပြီ။ ဒုက္ခသမား၊ ငါအဖွားမှာ၊ ချက်လားပြုတ်လား၊ ကိစ္စများ၍၊ တစ်ပါးသောသံဃာတော်ကို၊ ပင့်ခေါ်ရန် မရှိသေး၊ ငါဖို့ရာ အလှူခံကို၊ စာရေးတံမကျ၊ မလှူရလျှင်၊ လုံ့လအားဆဲ၍၊ ခဲလေသမျှ၊ ငါ့ဒါနသည်၊ သဲကျရေလို၊ အဒေါ်အိုမှာ၊ ကိုယ်အစတုံး၊ လူဖြစ်ကြီးရှုံးတော့မည်။" ဟု၊ ယူကျုံးမသာ၊ တစာစာမြည်လျက်၊ ဇေတဝန် ကျောင်းတော်သို့ပြေးလေ၍၊ ဓမ္မဃောသကရဟန်းထံ၊ 'အလှူခံပုဂ္ဂိုလ်၊ ရပါလိုကြောင်း၊' လျှောက်တောင်းသည်တွင်၊

"သြော်– ဒါယိကာမကြီး။ နေလည်း နည်းလှပြီ။ အသီးအသီးအသွယ်သွယ်၊ ကြီးငယ်အများ၊ ဤပြည်သားတို့သည်၊ တစ်ပါးစီ–နှစ်ပါးစီ၊ မြောက်ချီပင့်ခေါ်၍၊ သံဃာတော်ကုန်ချေပြီ။ သို့ရာတွင်– ရှင်သာရိပုတ္တရာ၊ ပညာဆိမီး၊ ကိုယ်တော်ကြီးမူကား၊ သင်းသီးအလွတ် ကျန်သေး၏။ အဒေါ်အို

mgyoe.com SAMPLE BOOK

အား၊ ပုဂ္ဂိုလ်ကျော် သနား၍၊ လိုက်စားတော်မူပါလျှင်၊ လှူစရာ ရတော့မည်' ဟု ဓမ္မဃောသကအရှင်က၊ မတင်မကျ၊ ကမ္ဗသကာစကားဖြင့်၊ ပြန်ကြားတော်မူရာတွင်၊ မိန်းမအိုသူခမျာလည်း၊ လာမိပြီဖြစ်သောကြောင့်၊ နှစ်၍သာ ကပ်ရသည်၊ ကြပ်ကြပ်ကြီး မထင်စား။

'ဘုရားတစ်ဆူ၊ ကိုယ်စားမူပေသော၊ ဘုန်းရှိသူလက်ယာရံသည်၊ တာတေလန်မွဲလှသော၊ သူဆင်းရဲဒါယိကာမ၊ ပင့်ခေါ်ရာသို့၊ လိုက်လာမည့်အရေးလည်း၊ ဝေးနိုင်မျှ ဖြစ်တော့သည်။ ငါ့ပါရမီ၊ ကံကူညီပါလျှင်၊ ဤပုဂ္ဂိုလ်ထေရ်ကျော်ကို၊ ပင့်ခေါ်၍ ရတော့မည်' ဟု၊ အတည်မကျ၊ နှစ်ခွတွေး ခေါ်လျက်၊ ကျောင်းတော်သို့တက်သည်တွင်၊ ရှင်သာရိပုတ္တရာလည်း၊ 'ပိဏ္ဍာစာရ၊ ဆွမ်းခံကြွမည်' ဟု၊ မုခ်ဝကအထွက်တွင်၊ သက်ကြီးမနှင့်၊ လှလှသား ဆုံမိ၍၊

''မိပတိဘုန်းတော်ရှင်၊ သခင်ကောင်းဘုရား၊ အဖွားအို ဒုက္ခသည်ကို၊ ကယ်ဆယ်တော်မူပါမှ၊ ချမ်းသာရာ ရပါမည်။ သူတစ်ပါးအတု၊ ကုသိုလ်ကို ပြုလို၍၊ သေလုပါးနီး၊ ဆွမ်းချက်ပြုတ်ပြီးခါမှ၊ အဒေါ်ကြီး အကျွန်ုပ်ထံ၊ အလှူခံပုဂ္ဂလ၊ ရှာမရသောကြောင့်၊ သောကကြီးစွာ ရောက်ပါသည်။ ဘုန်းတောက်သည့်ဘုရား၊ အကျွန်ုပ်အားကို၊ သနားတော်မူပါသဖြင့်၊ ကျွန်ုပ်အလှူဝတ္ထုကံကို၊ သည်းခံတော်မူပါ။'' ဟု၊ ကရုဏာပွားတိုးအောင်၊ ရှိခိုး၍ လျှောက်ရာတွင်၊ ရှင်သာရိပုတ္တရာလည်း၊ ဒါယိကာမကြီး၏လက်သို့၊ သပိတ်တော် အပ်နှံ၍၊ သည်းခံတော်မူလေ၏။

ထိုကာလ၌၊ ဒကာမိန်းမအိုသည်၊ တစ်ကိုယ်လုံးတင်းကျမ်း၊ ပီတိဟုန်လွှမ်းသဖြင့်၊ ဝါဠွမ်းဆီထိ၊ ပီတိဟုန်လှိုက်၊ ဘဝဂ်သို့ဆိုက်မတတ်၊ နှစ်ခြိုက်ဝမ်းမြောက် လေသတည်း။

ထိုအခါ– လက်ယာရံအရှင်ကို၊ ပင့်ခေါ် ဆောင်ယူ၍၊ အိမ်သို့ရောက်လျှင်၊ သင့်တင့်သောနေရာ၌၊ ကိုန်းဝပ်သဗ္ဗာယ်စေ၍၊ မိမိစီရင်ချက်ပြုတ်ထားသော ယာဂုဆွမ်းဘောဇဉ်တို့ကို၊ ရှင်သာရိပုတ္တရာလက်၌၊ ရေစက်သွန်းချ

mgyoe.com SAMPLE BOOK

လှျူဒါန်း၏။ ရှင်သာရိပုတ္တရာလည်း၊ ကရဏာရှေးရှူ ခံတော်မူလေသတည်း။

ထိုအကြောင်းကို ကောသလမင်းကြီးနှင့်တကွ၊ ပြည်သူအပေါင်းတို့ ကြားလျှင်၊ "အဖွားအိုမှာ ပုဂ္ဂိုလ်မြတ်အကျော်ကို ရတော်ပေစွတကား။ သက်ကြားအို ကြိုးပမ်းသည့်၊ ဆွမ်းဘောဇဉ် ခဲဖွယ်သည်၊ တင့်တယ်ပုံမပေါ်၊ မထေရ်ကျော် ဘုဉ်းပေး၍၊ လေးမြတ်ပုံမရ" ဟု၊ ကောသလမင်းကြီးက၊ အပြီးတိုင်းထွာ၍၊ သပြာတစ်ထောင်၊ သုံးဆောင်ရန်အများ၊ ဝတ်စားအစုံအလင်နှင့်၊ ဆွမ်းပြင်၍ ပို့လာစေ၏။

ထို့အတူ- မှူးကြီးမတ်ရာ၊ သေနာပတိ၊ မဟာအနာထပိဏ်၊ စူဠအနာထပိဏ်, ဝိသာခါအစရှိသော၊ မှူးမတ်,သူဌေးသူကြွယ်တို့က လည်းကောင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံသော ပြည်သူပြည်သားအပေါင်းတို့က လည်းကောင်း၊ အသီးသီး အသပြာ၊ နှစ်ရာတန်-သုံးရာတန်၊ ဝတ်ရန်သုံးရန်နှင့်တကွ၊ ပို့သရောက်လာကြကုန်၏။

"ငါတို့သခင်၊ အရှင်ဘုရားကို၊ ငါတို့အား ပေးပါ။ အမယ်အိုသည်၊ ရွှေကိုလိုလည်း၊ ကိုယ်နှင့်ဆယ်လေး၊ ရွှေစက်၍ ပေးပါမည်။ ပတ္တမြား, စိန်၊ ဣန္ဒနီလာ၊ အဖြာဖြာတွင်၊ ကြိုက်ရာကိုရွေး၊ လိုသမျှပေးမည်။" ဟု၊ စိတ်သွေးစကားနှင့်လည်း၊ မှာကြားလိုက်ကြကုန်၏။

မယ်သက်ကျားကလည်း၊ ကြွားကြွားရွှင်ရွှင်၊ စိတ်ကြီးဝင်၍၊

"ရွှေစင်ကျောက်မြတ်၊ နဝရတ်သော-မရတ်သော၊ ပေါများသူ မင်းသူဌေး၊ စက္ကဝါတင်းတောင်းနှင့်၊ ခပ်လောင်း၍ပေးသော်လည်း၊ ကျေးဇူးတော်သခင်၊ ငါ့အရှင်ကို၊ ကိုယ်ပင်တို့သို့၊ ဘယ်အတွက် ပို့ပိမ့်မည်။ အဖွားအို့ဇာတာရှစ်ဆယ်ကျော်၊ ကံပေါ်၍လာမင့်ကို၊ ပဇာနန့်နဲ့၊ ဘယ်သူ့ကို ငဲ့ရမည်။

"မငဲ့ပါဘူး၊ အနာထပိဏ်သော-မောင်ပိဏ်သော၊ ဝိသာခါသော မယ်ခါသော၊ နောဇာနာမိ၊ တို့ မသိပါဘူး။ မဏိခနေ၊ မြ,ပုလဲစင်၊ ကျောက်မျက်ရှင်တို့သည်၊ ငါ့သခင်စက်တော်အောက်က၊ မြူလောက်မျှ ကြေးမထိုက်၊ တို့မကြိုက် တို့မလို။ ငါ့သခင် ဘုန်းမိုကို၊ ကြည်ညိုစွာ ငါလုပ်ကျွေးမည်။

mgyoe.com SAMPLE BOOK

မပေးဘူး မယောင်နှင့်၊'' ဟု၊ ရန်ထောင်၍ လွတ်လိုက်ချေသေး၏။

မထေရ်မြတ်ဘုရားလည်း၊ သူတစ်ပါးလှူကပ်သော၊ အရပ်ရပ်ဆွမ်းကျွေးကို၊ ဘုဉ်းပေးတော်မမူ။ လူအိုဒကာမှ၊ ဉဿာဟအား‌ထုတ်၍၊ ချက်ပြုတ်သော ဆွမ်းယာဂုကိုသာ၊ ကရုဏာပဋ္ဌာနဖြင့်၊ မျှတဘုဉ်းပေးတော်မူပြီး၍၊ အနုမောဒနာတရား၊ ဟောကြားတော်မူရာတွင်၊ ဒါယိကာမကြီးသည်၊ သောတာပတ္တိဖိုလ်၌ တည်လေ၏။ မင်း, မှူးမတ်, သူဌေးတို့ပေးကြသော၊ ပဏ္ဏာရတနာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲ,နွား,မြင်း,ဆင်၊ အရပ်ရပ်စုံလင်၍၊ ကြွယ်ပင်နေ့ချင်းဝေါက်လေ၏။

ဤသို့လျှင်-

သာဝတ္ထိပြည်သူ၊ ခေါင်းဖြူသက်ကြီး၊ သေခါနီး ဒကာမသည်၊ ဒါနကောင်းမှုကို၊ ပြုမိသည့်အတွက်ကြောင့်၊ ပစ္စက္ခမျက်မှောက်၌၊ ဝမ်းမြောက်ကြောင်း စည်းစိမ်နှင့်၊ ကြိမ်ရလေသည် တစ်တန်။

သောတပန်အနွယ်ဖြင့်၊ အပါယ်မှကင်းလွတ်၍၊ ဝိဝဋ္ဋရွှေဘုံ၌၊ အာရုံမွေ့လျော်၊ ပျော်ရသည်တစ်ချက်။

အကျိုးဆက် နှစ်ဌာန၊ မွန်မြတ်လှသောကြောင့်၊ သူအိုမအရေးကို၊ 'နည်းပေးကောင်းဆရာ' ဟု၊ ဉပမာပုံထား၍၊ ဆယ်ပါးသော သုစရိုက်ကို၊ နှစ်ခြိုက်ညွတ်နူး၊ ဆည်းပူးအားထုတ်ကြရမည်။

သူအိုမကြီးဝတ္ထု ပြီး၏။

❖

mgyoe.com

mgyoe.com SAMPLE BOOK

# ၃-သိဝိရာဇ်မင်းကြီး ဝတ္ထု

## ၅၅၀ ဇာတ်တော်စဉ်-၄၉၉၊ သိဝိဇာတ်

### အလှူရဲရင့်သူအကြောင်း

သဗ္ဗညုမြတ်စွာဘုရားသည်၊ ဒါနကုသိုလ်၌ ဝန်တိုမစ္ဆေရ ရှိကြသော သူတို့အား ဒါန၏အကျိုးကိုပြ၍ ဆုံးမတော်မူခြင်းငှာ၊ ဓမ္မပဒကျမ်း၌-

'နဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
မိရောဝ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီပရတ္ထ။ ။'

လောကဝဂ်၊ အသဒိသဒါနဝတ္ထု

- ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပာယ်သော်ကား-

မလှူလို၍၊ ဝန်တိုစဉ်းလဲ၊ စေးနှဲသောသတ္တဝါတို့သည်၊ နတ်ရွာဆိပ်ကမ်း နတ်လမ်းမပေါက်၊ အောက်ခရီးလမ်း၊ သောင်းကျွန်းကျဉ်းကျပ်၊ ပါယ်လေးရပ်သို့၊ ဆိုက်ကပ်ရလေကုန်၏။ လူမိုက်လူမဲ၊ လူစဉ်းလဲတို့သည်၊ စွန့်ကြဲခြင်းဒါနကို၊ အားရစိတ်ဝမ်း၊ မချီးမွမ်းကုန်။ ပညာရှိတို့သည်၊ ဒါနကုသိုလ်၊ ကြည်ညို စိတ်ဝမ်း၊ ချီးမွမ်းနှစ်သက်၊ လှူဒါန်းရက်သောကြောင့်၊ ပစ္စက္ခတမလွန်၊ ဘုံနှစ်တန်၌၊ အနန္တချမ်းသာမြတ်ကို၊ မချွတ်မသွေ၊ ရကြလေ၏။" ဟူလိုသတည်း။

mgyoe.com

mgyoe.com
SAMPLE BOOK

ဤဒေသနာတော်နှင့်လျော်စွာ၊ ဒါနပေးကြူး၍၊ အထူးနှစ်ချက်၊ ရဖူးသောအမြွက်ကို၊ နိပါတ်ထွက်စံထုံးဖြင့်၊ ဝှက်ဖုံး၍ထားအပ်သော၊ ပတ္တမြားဝေဘူဖြစ်၊ ဇောတိရသ်အစစ်ကို၊ ဇမ္ဗူရာဇ် ရွှေပန်းတောင်း၌၊ ကောင်းမွန်စွာတင်ပြီးလျှင်၊ မြင်သာအောင် ပြသကဲ့သို့၊ ဒါနပါရမီ၊ ဒေသနာဂမ္ဘီကို၊ ဤပရိသတ်၊ သူတော်မြတ်တို့အား၊ သိ ထင်ရှားအောင်၊ တရားရွှေကြုတ် ဖွင့်လတ္တံ့။

လွန်လေပြီးသောအခါ၊ သိဝိတိုင်း အရိဋ္ဌပူရပြည်၌၊ ဘုရားလောင်း သိဝိရာဇမင်းကြီးသည် မင်းပြု၏။ ထိုမင်းသည် အလှူဒါန၌ အလွန်ဆန္ဒအားကြီးလှစွာ၍၊ လူ့ရွာလူ့ပြေ(ပြည်)၊ လူ့ရပ်မြေ၌၊ ရှိလေသမျှ၊ ဗာဟိရဝတ္ထုဒါနစုကို၊ တစ်ခုမကျန်၊ ဝေဖန်လှူဒါန်းဖူးသည်သာတည်း။

ဤသို့လှူသော အပဝတ္ထု၊ ဒါနစုကို၊ 'အလှူ' ဟု မရေတွက်၊ မနှစ်သက်လောက်သေး၍၊ တွေးတောဆင်ခြင်ရာ၊

'ဤ ငါ၏ကိုယ်ခန္ဓာတွင်၊ အင်္ဂါကြီးငယ်တို့ကို၊ အလိုရှိသူ၊ အလှူခံသော်၊ တော်၏တကား။ ငါ့ကိုယ်အားကို၊ တစ်ပါးပုဂ္ဂိုလ်၊ 'ကျွန်ပြုလိုသည်' ဟု၊ ဆိုသာဆိုစေ၊ တိုင်းပြေ(ပြည်)ကို စွန့်ပစ်၍၊ စင်စစ်သူ့ကျွန် ငါခံမည်။ မျက်စိ, နား, နှာ၊ အူချာသည်းပွက်၊ မနောခတ်ကို၊ ခုတ်ဖြတ်ထုတ်ယူ၊ လိုသောဟူလျှင်၊ ငါလှူချင်၏။' ဟူ၍၊

လူညံ့တစ်၊ ကြံဝံ့ဖွယ်မရှိသော၊ သမ္ဘောမိအာရုံ၊ အင်မတန့်ကြံပုံကို၊ သဒ္ဓါဟုန်လွန်ကဲ၍၊ ရဲရဲကြီး ကြံတော်မူလေ၏။

နံနက်မိုးသောက်ထ၍၊ မြတ်သောဆင်ကျောက်ကုန်းထက် စီး၍၊ အလှူတင်းကုပ်သို့၊ ထွက်တော်မူရာ၊ သိကြားမင်းသည်၊ ဘုရားလောင်း၏ ဆန္ဒကိုသိ၍ စုံစမ်းလိုသောကြောင့်၊ ပုဏ္ဏားအိုမျက်မမြင် ယောင်ဆောင်ပြီးလျှင်၊ ခရီးလမ်းက ကြို၍၊

mgyoe.com

"အရှင်မင်းကြီး။ အကျွန်ုပ်ပုဏ္ဏားအား၊ မျက်စိနှစ်ဖက်၊ ကွက်ပျက်ခဲ့သောကြောင့်၊ အရှင်မင်းကြီး၏ မျက်စိတော် နှစ်ဖက်တွင်၊ တစ်ဖက်ကိုထုတ်၍၊ အကျွန်ုပ်သူကန်းအား၊ လှူဒါန်းတော်မူပါ"ဟု၊ ပြင်းစွာအော်ဟစ်၍၊ အလှူတော်ခံလေလျှင်၊

မင်းကြီးလည်း ကြားလျှင်ကြားချင်း၊ ကိုယ်တွင်းကိုယ်ပ၊ ကြွကြွရွှင်မြူး၊ သဒ္ဒါနူးလှ၍၊ ဆင်ဦးလှည့်တော်မူပြီးလျှင်၊ အလှူခံပုဏ္ဏားအား၊ စကားသာယာ၊ ချေင်စွာနှင့်၊

"ဆရာဗြာဟ္မဏ၊ မကြောင့်ကြနှင့်။ တောင့်တသော ဝတ္ထုကို၊ ယခုငါလှူတော်မူမည်။ ယမန်နေ့က၊ တစေ့စေ့ ငါကြံလျက်၊ အလှူခံပုဂ္ဂိုလ်ကို၊ တွေ့လို၍ငါမျှော်သည်၊ လည်တော် ညောင်းညာလှချေပြီ။ ပုဏ္ဏားဆရာ၊ သို့စင်ကြာအောင်၊ ဘယ့်ဌာကိုကြံ၍၊ ငါ့ထံမလာ နေသနည်း။ စက္ကဝါပတ်လုံး၊ လေးကျွန်းလုံး၌၊ မင်းဆုံးစက္ကဝတ်၊ အထွတ်အဖျား၊ ရောက်ရငြားသော်လည်း၊ ပုဏ္ဏားကိုတွေ့သလောက်၊ ဝမ်းမြောက်တော်မမူ။ ငါ့ဘုန်းကံထောက်ကူ၍၊ အလှူခံဆိုက်ရောက်၊ အကြံတော်မြောက်ပေသည်" ဟု၊ ချီးမြှောက်နှမော်၊ ပုဏ္ဏားကို ခေါ်ပြီးလျှင်၊ နန်းတော်သို့ ဝင်တော်မူလေ၏။

'သုစန္ဒက' အမည်ရှိသော ရွှေနန်းပြာသာဒ်၌ နေတော်မူလျက်၊ 'သီဝိက' အမည်ရှိသော ဆေးသမားကို ခေါ်၍၊ မျက်လုံးတော်ကို ထုတ်စေမည်ရှိရာ၊ ထိုအကြောင်းကို သိကြ၍၊ မိဖုရား, မောင်းမ, ဆွေတော်မျိုးတော်, မှူးတော်မတ်တော်တို့နှင့်တကွ၊ ပြည်သူအပေါင်းတို့သည်၊ သောင်းသောင်းစုဝေး၊ ငိုကြွေးကြကုန်လျက်၊ မျက်လုံးတော်ကို မလှူစေခြင်းငှာ တားမြစ်တောင်းပန်ကြသည်တွင်၊ တိုင်းသူပြည်သား၊ လူအများတို့၊ မတားမြစ်သာအောင်၊ ဒါန၏အကျိုးဆက်ကို၊ အနက်ဖွင့်တော်၍၊ အမိန့်တော်ထုတ်သည်ကား–

'ယော ဝေ ဒဿန္တိ ဝတွာန၊ အဒါနေ ကုရုတေ မနော။
ဘူမျံ သော ပတိတံ ပါသံ၊ ဂီဝါယံ မဋိမုဥ္စတိ။ ။'

ဝိသတိနိပါတ် သီဝိဇာတ်

m g y o e . c o m